# သိင်္ဂီရွှေစင်ချောင်း

ယုဝတီဂျင်းဖောမယ်

ပင်တိုင်ဘွားငယ်၊ ရွှေအားတော်ငယ်၊ ပန်းလို့လှမ်းနိုင်ဘွယ်၊ သွယ်သွယ်ညာဘယ် ဟန်ယူနွေး၊ သွယ်သွယ်ညာဘယ် ဟန်ယူနွေး…။

ရှေ့စခန်း၌ အပန်းဖြေနားနိုင်ရန် စိတ်စောနေမိ၍သာ အားတင်း၍ လှမ်းနေခဲ့ရသည်။ ခြေနှစ်ချောင်းကား စိတ်ဆောင်၍နေသော သက်၏အလိုကို ဆန့်ကျင်စ ပြု၍လာခဲ့ကြလေသည်။

မွန်းတည့်ချိန်ဖြစ်၍ နေမင်းသည် ရှိန်းရှိန်းတောက်မျှ ပူလောင်းပြင်းလျက် ရှိလေသည်။ မိုးရေများ အိုင်ထွန်းလျက်ရှိသော ဗွက်ထူလမ်းမှ အခိုးအငွေ့တို့သည် တဝေ့ဝေ့လည်၍ ချွေးစို့နေသော သက်၏မျက်နှာနှင့်မျက်လုံးအစုံတို့ကို ပြေးတက်ကာ ရိုက်ခတ်၍လာကြ၏။

သက်သည် မျက်လုံးအစုံကို မှိတ်လိုက်မိ၏။ နဖူးမှချွေးစတို့သည် တစ်ခုနှင့်တစ်ခု ထိတွေ့ပူးပေါင်းမိကာ ချွေးချောင်းငယ်ကလေး၏အသွင်သို့ ကူးပြောင်း၍ မို့မို့ပါးဆီမှတစ်ဆင့် သက်၏လည်တိုင်ဖွေးဖွေးသို့ဆီ ကျ၍လာကာ မို့မို့ရွှေရင်ကို ရွှဲရွှဲစိုစေတော့၏။

“ဘာဖြစ်တာလဲ ဆရာမ၊ မူးသလား”

သက်သည် ခေါင်းကို ခါလိုက်ယင်း “မမူးပါဘူး၊ လမ်းပေါ်က အငွေ့တွေက ပူလွန်းလို့ပါ”ဟုမျက်လုံးကို ဖြည်းညှင်းစွာ ဖွင့်၍ဖြေရင်း ယာတောစိမ်းပြန့်ပြန့်ကြီးဆီသို့ မျက်လုံးအစုံကို လှည့်ကာ ပတ်ကာ ကြည့်လိုက်လေ၏။

သီးနှံဖြိုးစ စပါးပင်များအကြား၌ ပြောင်းပင်များသည် ကြီးမားထွားကျိုင်းသော ပြောင်းဖူးများကို ရွက်ပိုးကာ မြေသို့ကိုင်းကိုင်းကြီး ညွတ်၍နေလေသည်။

“ကြည့်စမ်း…ဗိုလ်ကြီး၊ သူတို့ရဲ့စပါးပင်မှာ သွားစုရမယ့်မြေဆီမြေနှစ်နဲ့မြေဩတ်အားတွေဟာ မဆီမဆိုင် ပြောင်းပင်တွေမှာ အားလုံးစုပြီးရောက်နေရတယ်။ စိုက်နည်း မမှန်သေးဘူးလို့ ဆိုချင်တာပဲ”


တတ်ယောင်ကား သက်သည် နယ်ခြားဝန်ထောက်အား လှမ်း၍ ပြောလိုက်လေသည်။

“ဟုတ်တယ် ဆရာမ၊ အင်းလေ…ဒီစိုက်ပျိုးနည်းတွေကို သူတို့လုပ်တတ်လာတာ သိပ်မှမကြာသေးဘဲဗျ။ ၁၉၅၆–ခုနှစ်ကမှ စကြရတယ်။ အခု ကျွန်တော်တို့ရဲ့နယ်ခြားချုပ်ကြီး တပ်မင်းဘဝတုန်းက ခေါင်းဆောင်တဲ့(ယိမ်းနွဲ့ပါး)အဖွဲ့ရဲ့ကောင်းမှုပေါ့။ အဲဒီတုန်းက ကျွန်တော်တို့တစ်တွေ ယိမ်းနွဲ့ပါးနဲ့စစ်တံခွန်လွင့်ရင်း (နောင်မွန်ရွာ)မှာ ခေတ်မီလယ်ယာစိုက်ပျိုးနည်းနဲ့စမ်းသပ်ပြီး လုပ်ပေးခဲ့ဖူးတာပေါ့။ မနှစ်ကတော့ ကျွန်တော်တို့ရဲ့(နယ်ခြားဒေသအုပ်ချုပ်ရေးဌာန)က လှေကားထစ်စီမံကိန်း(Terraced Cultivation)ခေတ်မီစိုက်ပျိုးနည်းနဲ့ဒီက လူမျိုးစုတွေကို (ကျွဲ–နွား–ပေါက်တူး–ဂေါ်ပြား–ထွန်သွား–ဓားမ)စတဲ့လိုအပ်တဲ့ပစ္စည်းတွေ

ကို ပေးဝေခဲ့ပါတယ်။ ပြီးတော့ ပြည်နယ်အစိုးရက စေလွှတ်ထားတဲ့စံပြကျေးရွာစိုက်ပျိုးရေးငယ်ကလေး တွေကလဲ ဒီကလူတွေအတွက် အတော်ဘဲ အထောက်အကူပြုနေပါတယ် ဆရာမ”

မြစိမ်းရောင်တောက်လျက်ရှိသော စပါးပင်နှင့်ပြောင်းပင်ကြီးများကို အားရသောအသွင်ဖြင့် ကြည့်ကာ နယ်ခြားဝန်ထောက်က သက်အား ပြောပြလိုက်လေ၏။

“ဒါဟာ မှန်ကန်တဲ့လုပ်ဆောင်မှုတွေပဲ ဗိုလ်ကြီး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးနဲ့လူမျိုး တွေရဲ့လုံခြုံမှုဖွံ့ဖြိုးမှုဆိုတာမျိုးဟာ ပြည်နယ်–ပြည်မ အိုလေ…ကျွန်မတို့ ပြည်ထောင်စုတစ်မျိုးသားလုံးရဲ့ အရေးနဲ့တာဝန်မို့ ခုလို ပြည်နယ်–ပြည်မ လက်တွဲပြီး ဆောင်ရွက်ကြရမှာပဲ၊ ဒါမှ မှန်ကန်မယ်။ လွတ်လပ် ရေးအတွက် ကျဆုံးသွားကြရတဲ့ရဲဘော်တွေနဲ့ခေါင်းဆောင်ကြီးများဟာ ကျွန်မတို့အတွက် သာဓကဘဲ မဟုတ်လား”




နယ်ခြားဝန်ထောက်သည် တိမ်များဝေ့ဆိုင်း၍နေသော တောင်ညို့ညို့ကြီး၏ထိပ်ချွန်းနှင့်ထိတွေ့ လျက်နေသည့်ကောင်းကင်ပြာကြီးကို ငေးငေးကြီး စိုက်ကြည့်ရင်း သက်ပြင်းတစ်ချက် ချလိုက်လေ၏။

“ဆရာမ၊ ထီးဆောင်းနော့”

ရှမ်းအဖွားကြီးသည် သူ၏သမီးအရွယ်မျှသာ ရှိသော သက်အား ကြင်နာစွာ ထီးကိုဖွင့်၍ ဆောင်းပေးလိုက်လေသည်။

"ဆရာမရဲ့စကားကို နားထောင်ရတာ ရင်ထဲမှာ တစ်မျိုးဘဲ။ ဝမ်းသာဝမ်းနည်းကြီး ဖြစ်မိတယ်။ ဆရာမပြောသလိုပဲ လွတ်လပ်ရေးအတွက် အရေးဆိုတိုက်ယူကြတုန်းက တောင်တန်းဒေသက လူတွေနဲ့ကျွန်တော်တို့ဟာ လက်တွဲခဲ့ကြတယ်။ လွတ်လပ်ရေးရဲ့နောက်ပိုင်း ယခုအချိန်အထိလဲ ကျွန်တော်တို့တစ်တွေဟာ လက်တွဲလျှက်ပါပဲ ဆရာမ။ ကျွန်တော် တစ်ခုပဲ ဆုတောင်းနေမိတယ်။ အဲဒါ တစ်ခြားမဟုတ်ဘူး ဆရာရေ... အင်မတန်ရိုးသားပြီး ချစ်စရာကောင်းတဲ့ဒီတောင်တန်းသားတွေရဲ့လက်နဲ့ကျွန်တော်တို့တစ်တွေရဲ့မြဲမြံစွာ ဆုပ်ကိုင်တွဲယူထားတဲ့လက်ဟာ ပြုတ်ထွက်ပြီး ကွဲကွာပြီး မသွားကြဖို့ပါဘဲ"

တိုင်းပြည်၏သားကောင်းကြီးပီပီ ရဲဘော်မြသိန်းသည် သူ၏ဆန္ဒကို ဖွင့်ဟရှာ၏။

"ဒါကတော့... အလွယ်လေးဘဲ ရဲဘော်၊ ကိုယ်ကျိုးရှာနိုင်ငံရေးသမားများရဲ့ပယောဂဖြစ်တဲ့ရောဂါကြီး ဝင်မလာအောင် ကိုယ်တို့တစ်တွေက ဝိုင်းပြီး ဒီကလူတွေအတွက် ကာကွယ်တွန်းလှန်ပေးရင် အင်အားကြီးနဲ့လက်အတွဲ မပြုတ်အောင် ဆုပ်ကိုင်ထားနိုင်ကြမှာပဲ မဟုတ်လား"

"အမယ်လေး...ဆရာမရေ... ဒီစကားတွေကို ရပ်ထားစမ်းပါ၊ ကျွန်တော်တို့နားမထောင်ရဲလို့ပါ၊ မင်းကလဲကွာ...၊ ဒို့များ (နယ်ခြားဒေသ–အုပ်ချုပ်ရေးဌာနက လူတွေ)အတွက် ပါလာတဲ့အမိန့်က (နယ်စပ်လုံခြုံမှုနဲ့လူမျိုးတွေရဲ့ဘဝဖွံ့ဖြိုးမှု)အတွက်ဟာ အဓိကဆိုတာ သိတယ်မဟုတ်လား၊ ဘာပြုလို့ ဒီစကားတွေကို ပြောချင်ရသလဲ"

နယ်ခြားဝန်ထောက်သည် ကလောင်ရှင်ပီပီ သက်၏အပြော လွတ်လပ်ပုံကို မျက်လုံးမျက်ဆန်ပြူးစွာ ပိတ်ပင်လိုက်ရင်း သူ့ရဲဘော်အား လှည့်ကြိမ်းလိုက်လေ၏။

"ဆောရီးပဲ ဗိုလ်ကြီး၊ ကျွန်မရဲ့အမှားပါ။ စင်စစ် ကျွန်မတို့ပြောနေကြတဲ့စကားဟာ ဗိုလ်ကြီးတို့ရဲ့ အဓိကတာဝန်ကို မထိခိုက်ပါဘူး။ ဒါဟာ တိုင်းပြည်နဲ့လူမျိုးကို ချစ်မြတ်နိုးတဲ့လူတိုင်းရဲ့ပါးစပ်က လွတ်ခနဲပြောဆိုတတ်တဲ့ရိုးရိုးစကားလုံးလေးတွေပဲ"

ရဲဘော်မြသိန်းသည် သက်၏စကားလုံးကလေးများကို ထောက်ခံသလို သက်၏မျက်နှာသို့ ငေးငေးကလေး စိုက်ကြည့်၍နေလေသည်။

"ကဲ...ဟေ့...မြသိန်း၊ မင်းရှေ့က သွားနှင့်ကွာ၊ (နမ့်ခမ်းရွာ)တည်းခိုရေးစခန်းကလေးကို သွားရှင်းထားနှင့်၊ ပြာတာကြီးကိုလဲ ခေါ်သွား၊ ရေနွေးကလေး ဘာလေး ကျိုထား၊ ဒို့ရောက်ရင် လဖက်ရည်သောက်ကြရအောင်...."

(နယ်ခြားဒေသအုပ်ချုပ်ရေးဌာန)၏ဧည့်သည်တော်စာရေးဆရာမလေး သက်အား တာဝန်ယူ၍

မြောက်ဝန်ရိုးဒေသသို့ လိုက်လံ၍ ပို့ပေးရသော နယ်ခြားဝန်ထောက်သည် သူ၏ရဲဘော်လေးအား စကားစ ဖြတ်ခိုင်းရင်း ညှော့ဝတ်ကျေပွန်နိုင်ရန် စေခိုင်းလိုက်ပြန်၏။

သက်သည် နယ်ခြားဝန်ထောက်အား ဘာမျှပြန်လှန်၍ မပြောဆိုတော့ပဲ ထွက်ခွာသွားသော ပြာတာကြီးနှင့်ရဲဘော်မြသိန်းတို့၏နောက်သို့ အင်အားမရှိတော့သော ခြေနှစ်ချောင်းကို ဒရွတ်တိုက်ဆွဲကာ ဆိတ်ငြိမ်စွာ လိုက်၍ သွားလေတော့၏။

မလိခမြစ်ကမ်းပါးဝယ်

ကျယ်ပြန့်သော မလိခမြစ်ကမ်းပါးဝယ် ခိုင်ခံ့သောသစ်လုံးများနှင့်ခြံခတ်ထားသော ပျဉ်ထောင်အိမ်ပေါင်း မြောက်များစွာတို့သည် ခေါင်းငိုက်စိုက်နှင့်မောပန်းနွမ်းလျစွာ လျှောက်၍ လာလျက်ရှိသူ သက်အား ရွှေရင်အေးဖွယ်ရာ ဆီး၍ကြိုနေ၏။ စံနစ်တကျအကွက်ရိုက်၍ ဆောက်လုပ်ထားသော အိမ်ကြီးများ၏ဝင်းခြံအတွင်း၌ ရောက်နှင့်သံပုရာသီးအကင်းကလေးများသည် ရွက်စိမ်းတွေကြား၌ ပြွတ်သိပ်ခဲ၍နေကြ၏။

"လူသံသူသံတောင် မကြားရဘူး၊ ကြပ်ရွာလား အောက်မေ့ရတယ်၊ ကြည့်စမ်း ဆရာမ"

သာယာပြန့်ပြူးလှသော မလိခမြစ်ကမ်းပါးရှိ လူနေအိမ်ခြေများ၏ တိတ်ဆိတ်ပုံကို အားမရသယောင်နှင့်ရှမ်းအဖွားကြီးက လွှတ်ခနဲ မှတ်ချက်ချလိုက်သဖြင့် သီးပွင့်သီးရွက်များ ဝေဝေဆာဆာနှင့်ချစ်စရာကောင်းလှသော ဝင်းခြံကလေးများနှင့်အိမ်ကြီးများကို ကြည့်ကာ ကြည်နူး၍နေမိသော သက်သည် သူ၏အဖော်ဖြစ်သူအား စောင်းငဲ့ကာ ကြည့်မိလေ၏။

"ဘယ်ကလာပြီး (ကြပ်ရွာ)ရမှာလဲ (နမ့်ခမ်းရွာ)တဲ့ အဖွားကြီးရဲ့၊ လူသံသူသံ မကြားရတာကလဲ တောင်ယာထဲ သွားနေကြတာ ဖြစ်မှာပေါ့"

"နမ့်ခမ်း ဆရာမ၊ စော့(ဝ)မန်း(ပ)အမ်(ပ)စိုင့်စေ့တိုင်းလားဟင် ဆရာမ၊ နမ့်ခမ်းဆိုတာ ရှမ်းရွာနာမည် မဟုတ်ဘူးလားဟင်"

ရှမ်းဘာသာဖြင့် (သံဂီရွှေစင်ချောင်း)ဟု အဓိပ္ပါယ်ရသော (နမ့်ခမ်းရွာလေး)၏အမည်ကို ကြားရလျှင် ရှမ်းအဖွားကြီးသည် တအံ့တသြပင် သက်အား မျက်လုံးပြူးစွာဖြင့် မေးမိရှာလေသည်။

"အား...စိုင့်အေ့–မဲ့ထောင်(ဝ)စိုင့်အေ့။ တစ်ချိန်က ဒီ(ပူတာအိုမြေပြန့်ဒေသ)မှာ ခန္တီးရှမ်းလူမျိုးများ ကြီးစိုးခဲ့ဖူးတဲ့နေရာပဲ။ ဒါပေမယ့် သူတို့အချင်းချင်းဟာ မသင့်မြတ်ကြဘူး။ အမြဲဘဲ သူတို့အချင်းချင်းနဲ့ရော တစ်ခြားလူမျိုးရဲ့အုပ်စုနဲ့ရော၊ မကြာခဏ စစ်ဖြစ်ပြီး ခန္တီးရှမ်းတွေဟာ မျိုးပြုတ်မတတ် တိမ်ကောသွားကြရသတဲ့ မဲ့ထောင့်(ဝ)ရဲ့။ တစ်ချို့ခန္တီးရှမ်းအုပ်စု(လုံကြိန်စော်ဘွားအမျိုးအနွယ်)ဟာ (လုပ်ခွန်စော်ဘွားအုပ်စု)ကို စစ်ရှုံးခဲ့လို့ (အာသံပြည်နယ်)ဘက်ကို ပောဒီ(နမ့်ခမ်းရွာ)ကနေပြီး ဆုတ်ခွာသွားရလို့ ခုထိ အာသံပြည်နယ်ဘက်မှာ သူတို့အမျိုးအနွယ်တွေ ရှိနေသေးတယ်လို့ သိရတယ်"

"ဆရာမ ဒါတွေကို ဘယ်တုန်းက မှတ်ထားခွင့်ရရှိခဲ့သလဲဟင်"

အံ့ဩသယောင် နယ်ခြားဝန်သည် ထီးကို ပြင်၍ဆောင်းရင်း သက်အား မေးလေရာ သက်က ပြုံးရယ်လိုက်လေ၏။

“ဘာထူးဆန်းတာလိုက်လို့ ဗိုလ်ကြီးရယ်…၊ စာပေဝန်ထမ်းတဲ့ ကျွန်မတို့အတွက် လေ့လာရမယ်၊ မှတ်သားရမယ်၊ တစ်ဆင့်ပြန်လည် တင်ပြတတ်ရမယ်။ ပြီးတော့ ခုလို ပင်ပင်ပန်းပန်း ခရီးထွက်လာခဲ့မိပြီးမှဖြင့် အမှန်ကို ရအောင် ကျွန်မက စုဆောင်းရတော့မှာပေါ့ရှင့်။ အေးလေ…ဒါတွေ ထားလိုက်ပါဦး၊ နောက်မှ ဆွေးနွေးကြတာပေါ့။ ဗိုလ်တဲရောက်မှဖြစ်မယ် ကျွန်မမောလှပြီ”

သက်သည် မောဟိုက်စွာ ပြောလိုက်ရင်း ရှပ်အင်္ကျီလက်ဖြင့် နှာခေါင်းထိပ်ဖျားမှ ချွေးဥများကို သုတ်ပစ်လိုက်လေ၏။ လမ်းမ၌ မိုးရေများ ဝပ်လျက်ရှိသော်လည်း အောက်၌ ခင်းထားသောကျောက်တုံးကြီးများကြောင့် စောစောပိုင်းက ဖြတ်ကျော်ခဲ့ရသော မြေလမ်းလောက် ဗွက်က မထူလှပေ။

“ဒီရွာက သိပ်ဟန်ကျတာပဲ၊ အကွက်ရိုက်ပြီး ရွာတည်ထားပုံလေးကိုက သိပ်ချစ်ဖို့ကောင်းတယ်။ လမ်းတွေကို ကြည့်စမ်း… မိုးတွင်းမို့ ဗွက်ထနေပေမယ့် ကျောက်ခင်းထားလို့(မချမ်းဘောရွာ)လို ရွှံ့ဗွက်ထဲမှာ ကျွန်မတို့တစ်တွေ မရုန်းကြရဘူး”

မောပန်းနွမ်းနယ်သည့်ကြားက စံနစ်တကျ သာယာလှပစွာ တည်ထားသော ရွာကြီးအား သက်က ချီးမွမ်းဖြစ်အောင် ချီးမွမ်းလိုက်လေသေး၏။



ဗမာစကား ရေလည်စွာပြောတတ်သော နမ့်ခမ်းရွာသူကြီး ဦးဖုန်းဇီးဖုန်

“ဟာ…ဆရာမ၊ ဒီရွာသူကြီးက သိပ်အလုပ်လုပ်နိုင်တဲ့လူတစ်ယောက်ပေါ့၊ ဒီရွာကို (၁၉၄၂–ခုနှစ်) စစ်ကြီးအတွင်းကဘဲ သူကိုယ်တိုင် ဦးဆောင်ပြီး ဒီလိုရွာကြီးဖြစ်လာအောင် လုပ်ခဲ့တာပဲ။ အခုတော့ ဒီရွာမှာ သူ(သူကြီး)ပေါ့၊ ဩဇာလဲ ရှိတယ်”

“အော်…ဦးဖုန်းဇီးဖုန်ဆိုတာလား၊ နှုတ်ခမ်းမွေးကားကားနဲ့ခုံခုံညားညားကြီးလေ၊ ကျွန်မ မြင်ဖူးတယ်၊ အရင်က သူ ပုလိပ်လဲ လုပ်ဖူးတယ်။ ထမင်းချက်၊ ပြာတာ၊ ကုန်သည် အမျိုးစုံလုပ်ကိုင်ဖူးတယ်လို့သိရတယ်။ လူမျိုးနဲ့ရပ်ရွာတိုးတက်မှုမှာ အလွန်လုပ်အား ကောင်းမွန်လှတယ်တဲ့ ဗိုလ်ကြီးရဲ့”

“ဟုတ်တယ်ဆရာမ၊ ဒီနယ်တစ်ဝိုက်မှာတော့ (နမ့်ခမ်းရွာ)ဟာ စံပြရွာလို့ခေါ်ဆိုထိုက်ပါတယ်။ ရဝမ်လူမျိုး အမျိုးသားထဲမှာ (ဖုန်းဇီးဖုန်)ဟာ အတော်ဆုံးဘဲလို့ ကျွန်တော်ပြောရပါတယ်”

နယ်ခြားဝန်ထောက်သည် သက်၏ထင်မြင်ချက်ကို ထောက်ခံပြောဆိုလိုက်လေသည်။

လမ်းမကြီးသည် ရွာလယ်ကို ဖြတ်၍ မလိခမြစ်ကမ်းနဖူးဘက်ဆီသို့ နိမ့်လျှောဝပ်ဆင်း၍ သွားလေသည်။ သက်တို့သည် စကားတပြောပြောနှင့်လမ်းမကြီးအတိုင်း လျှောက်၍လာခဲ့ရာမှ စံပြကျေးရွာ၏စိုက်ပျိုးခင်းအနီးသို့ရောက်လျှင် လမ်း၏ဘယ်ဘက်သို့ ချိုးဝင်၍သွားကြလေ၏။

(ဒင်းကောရွက်)များဖြင့် မိုးကာ၍ထားသော ခြေတံမြင့်မြင့်နှင့်ဗိုလ်တဲနှစ်လုံးသည် တောင့်ကျပျောပင်များ ဝေဝေဆာဆာ ဝန်းရံလျက် မလိခမြစ်ကမ်းနဖူးထက်ဝယ် ခြေလျင်ခရီးသွားများအား အပန်းဖြေသိပ်ပေးနိုင်ရန် စောင့်စားလျက် ရှိလေသည်။

“ဆရာမတို့ သိပ်နောက်ကျတယ်လို့အောက်မေ့နေတာ၊ လားသမားတွေတောင် ရောက်မလာကြသေးဘူး”



နမ့်တီးချောင်းရှိ လုပသော ကြိမ်ကြိုးတံတား

အမျိုးသမီးတွေမို့ ခြေလှမ်းစိပ်နိုင်ရန်ကောဟုသွယ်ဝိုက်၍ ရဲဘော်မြသိန်းက အားမရသယောင် ဆီး၍ ခနဲ့လိုက်ခြင်းဖြစ်ရာ သက်က ရယ်ရယ်ပြုံးပြုံးနှင့်သူမ၏ခြေသလုံးကို လက်တစ်ဖက်ဖြင့် ပုတ်၍ပြလိုက်လေ၏။

“အေးပေါ့ကွာ…၊ ကိုယ်က သူတို့ကို စောင့်ပြီး ခေါ်ခဲ့ရလို့ ဗိုလ်ကြီးကလဲ ကိုယ်တို့ကို စောင့်ပြီးခေါ်ခဲ့ရတယ်။ လားသမား(လောင်းပန်းကြီး)တွေကလဲ သူတို့ရဲ့လားကြီးတွေကို စောင့်ခေါ်နေရလို့ ကြာတာ

ဖြစ်မှာပေါ့"

ရဲဘော်မြသိန်းနှင့်နယ်ခြားဝန်ထောက်တို့သည် သက်၏အပြောကို သဘောကျစွာဖြင့် အသံထွက်အောင် ရယ်မောကြလေတော့၏။

"စာရေးဆရာများဟာ ကြံကြံဖန်ဖန်ကို ပြောတတ်တယ်"
"ဆရာမနဲ့ခရီးသွားရတာ တကယ်အမောပြေတယ်၊ တစ်ချက်မှ ညည်းတယ်လို့ကို မရှိဘူး"

ရဲဘော်ကလေးများသည် သူတို့၏ဧည့်သည်တော်မလေး သက်အား လှိုက်လှိုက်လှဲလှဲပင် ချီးမွမ်းကြလေသည်။

"ဟာ…အပြေးအလွှားရေမှ ယောကျ်ားဆိုလို့ ကိုယ်တစ်ယောက်တည်းရှိတာ၊ ရဲဘော်တွေ စိတ်ညစ်အောင် ကန့်ကလျကလေး ညည်းလို့ဖြစ်မလား ကဲ…"

"အဲဒါ အရေးမကြီးဘူးလေ ဆရာမ၊ လားတွေ မရောက်သေးဘူးဆိုရင် ကျွန်မတို့ ဘယ်လိုအဝတ်လဲရမလဲ၊ ကျွန်မလဲ ထမင်းဆာလှပြီ"

အရွယ်ရင့်၍နေပြီဖြစ်သော ရှမ်းအဖွားကြီးသည် မောမောပန်းပန်း ဖြစ်သည့်ကြားက ထမင်းဆာလာဟန်ဖြင့် သက်အား ညည်းညူစွာ ပြောလိုက်လေ၏။

"ဟုတ်တယ်ဗျာ့… ဒီလားသမားကြီးတွေက ဘာများဖြစ်နေလို့လဲ မသိဘူး၊ ခါတိုင်းဆိုရင် လားတွေက ကျွန်တော်တို့ထက်အရင်စောပြီး ရောက်ကြတာပဲ"

စားသောက်စရာများနှင့်အိပ်ရာလိပ်များကို တင်ဆောင်၍ လွှတ်လိုက်သော ဝန်တင်လားများ ရောက်၍မလာသေးသည့်အတွက် နယ်ခြားဝန်ထောက်က အားနာဟန်နှင့်ရှမ်းအဖွားကြီးအား ပြောပြလေရာ သက်က ရှမ်းအဖွားကြီးကို အသာလက်ကုပ်၍ ဗိုလ်တဲအပေါ်သို့ ခေါ်ခဲ့လေ၏။

(ဤနေရာသည် ပန်နမ်းဒင်အသွားတွင် အလွန်စိတ်ဆင်းရဲ၍ အပြန်တွင် စိတ်ချမ်းသာရသောနေရာ ဖြစ်၏။ ဤလမ်းတွင် ဧည့်ဝတ်ကျေပွန်သဘောကောင်းသော သူကြီးမင်းရှိသည်။ တစ်ရွာတည်းသော စံပြရွာ ဖြစ်သည်။)

ရွှံ့ရေများစို၍ တင်းကျပ်နေသော လည်ရှည်ဖိနပ်ကြီးကို ချွတ်ရန် ကြိုးစား၍နေရာမှ သက်သည် ဝါးထရံပေါ်၌ မင်ပြာဖြင့် လှပဝိုင်းစက်စွာ ရေးထားသောစာတမ်းကလေးတစ်ခုကို လှမ်း၍ မြင်မိလေသဖြင့် ထရံရှိရာသို့ ကသောကမြောကလေး ကပ်၍ သွားမိလေ၏။

စာ၏အဓိပ္ပါယ်သည် ရိုးရိုးကလေးနှင့်ရှင်းလှပေသည်။ ဧည့်ဝတ်ကျေလှသော ဤရွာရှိ သူကြီးအား

ခရီးပန်း၍ စိတ်မချမ်းမသာ ဖြစ်ရသူ ခရီးသွားတပ်မတော်သားကြီးသည် မည်မျှကျေးဇူးတင်၍ သွားရသည်ကိုလည်း စာကို ဖတ်၍ သက်က ခန့်မှန်းမိလေသည်။

"ဆရာမ...ဆရာမ..."

အခင်းမရှိ ညစ်ပေသော ဝါးကြမ်းပြင်ပေါ်တွင် အမောဖြေလျောင်းနေသော သက်သည် အပြင်ဘက်ဆီမှ နယ်ခြားဝန်ထောက်၏ခေါ်သံကြောင့် ခေါင်းထောင်၍ ထမိလေသည်။

"ဘာကိစ္စလဲ ဗိုလ်ကြီး"

"အကီးဝါးဖုန်းဇီးဖုန် ရောက်နေတယ်ဆရာမ"

သက်သည် ကျူဖျာဖြင့် လုပ်ထားသော အခန်းတံခါးကို အသာတွန်း၍ အပြင်သို့လှမ်းထွက်ခဲ့လေ၏။

နှုတ်ခမ်းမွေးကားကားနှင့်နမ့်ခမ်းရွာသူကြီးအကီးဝါးဦးဖုန်းဇီးဖုန်သည် မိုးရေရွှံ့များဖြင့် စွတ်စိုနေသောစစ်ဝတ်စုံနှင့်ကို့ယို့ကားယားထွက်လာသော သက်ကို မြင်ရလျှင် အားရပါးရကြီးပင် ပြုံးရယ်လိုက်လေ၏။

"ကဂျာ့အေး–အကီးဝါး"

သက်သည် အားပါးတရကြီးပြုံးရယ်၍ မိမိအား ဆီးကြို၍ ပြုံးလိုက်သူရွာသူကြီးအား နှုတ်သွက်လျှာသွက်ဖြင့် မတောက်တခေါက်သော ဂျင်းဖောဘာသာနှင့် "ကျန်းမာပါရဲ့လား သူကြီးမင်း"ဟု လှမ်း၍နှုတ်ဆက်လိုက်လေရာ သူကြီးမင်းလည်း ထိုင်ရာမှ ထကာ သက်အား လက်တစ်ဖက်ကမ်း၍ ပေးလိုက်လေ၏။

"အိမ်မှာ ထမင်းချက်ထားပြီးပြီ၊ ကျွန်တော် ဆရာမတို့ကို လာခေါ်တာ၊ အစောစောကြီးကဘဲ လားတွေ ရောက်လာတယ်၊ ဆရာမ ပါလာတယ်ပြောလို့ ကျွန်တော့်အိမ်မှာပဲ နေပါလို့ လားသမားတွေကို ပြောထားတယ်လေ၊ ဆရာမတို့ အခုဘဲ လာပါ"

နမ့်ခမ်းရွာသူကြီးသည် သက်၏လက်ကို တရင်းတနှီး ဆွဲ၍ နှုတ်ဆက်ရင်းက သက်တို့၏အဖွဲ့အား မိမိ၏အိမ်သို့ တည်းခိုရန် ဖိတ်မန္တက ပြုလိုက်လေ၏။

× × × × × × × × × × × × × ×

နတ်ကိုးဘဝကို စွန့်လွှတ်ခြင်း

ဂျပ်ခုတ်သံများ တစ်ရွာလုံးကို လွှမ်းမိုး၍လာသည်နှင့်ပင် အကီးဝါးဖုန်းဇီးဖုန်သည် ညစာစားပွဲကို ကိုယ်တိုင်ကြပ်မတ်၍ ခူးခပ်ပြင်ဆင်လေတော့၏။

ထိုအခိုက် အိမ်ကြီး၏နောက်ဖေးဖက်ဆီမှ မော်တာစက်ခုတ်သံသည် ဂျပ်ခုတ်သံများနှင့်အပြိုင် ခပ်သွက်သွက် ထွက်ပေါ်လာခဲ့ပြီးလျှင် သက်တို့အဖွဲ့ထိုင်နေသောအခန်းကိုပါ ထိန်ထိန်လင်း၍ လာစေတော့လေ၏။

သက်သည် အံ့သြလှစွာ မီးရောင်ဖြင့် ပြာ၍ လင်းလာသောအခန်းကို ယောင်ချာချာကလေး ကြည့်မိလေသည်။

"တယ်ဟုတ်ပါလားဟင်...ဗိုလ်ကြီး"

"တစ်ရွာလုံးမှာ ဒီတစ်အိမ်ပဲ ဒီလို ဓာတ်မီးနဲ့နေနိုင်တာခင်ဗျ။ ဒီသူကြီးက အင်မတန်တော်တယ်။ မီးစက်တွေ ဝယ်ပြီး သူ့ဟာသူ အိမ်နောက်ဖေးမှာ တည်ထားတယ်ဆရာမရဲ့။ ဒီအိမ်ကိုလဲ သူ့ဖာသာသူဆောက်တာပဲ။ လက်သမားဆရာ မခေါ်ဘူးလေ"

သက်သည် ချီးမွမ်းအံ့သြလှသောအကြည့်ဖြင့် မျက်လုံးအစုံကို ဝင့်၍ မိမိတို့အလိုရှိရာသို့ ဝင်ရောက်လာသူ သူကြီးမင်းအား ကြည့်လိုက်လေ၏။

"အကီးဝါး ဖုန်းဇီးဖုန်ကို ကျွန်မ အားကြီးပဲ အံ့သြရပါတယ်။ ဟုတ်တယ်...ခင်ဗျား သိပ်တော်တယ်၊ ဦးဖုန်းဇီးဖုန် ကျွန်မတို့ဆီက သူကြီးတွေ ခင်ဗျားရဲ့တစ်ဝက်ကို မီရင် တော်ပါပြီ"

ဆီးနှင်းဖုံးတောင်တန်းအထပ်ထပ်၊ မြစ်ဝှမ်းပေါင်းအသွယ်သွယ် ကာရံဆီးတား၍နေသော နယ်ခြားဒေသရှိ ရွာသူကြီး၏တိုးတက်မှုကို ကြည့်ကာ သက်သည် လှိုက်လှိုက်လှဲလှဲပင် ချီးမွမ်းမိရှာလေသည်။

နမ့်ခမ်းသူကြီးသည် သက်၏အပြောကို ကျေနပ်စွာ ပြုံး၍ နားထောင်ရင်း ညစာသုံးဆောင်ရန် မြန်မာဘာသာဖြင့် ယဉ်ယဉ်ကျေးကျေး သက်တို့၏အဖွဲ့အား ဖိတ်ခေါ်လိုက်လေ၏။

လျှပ်စစ်မီးရောင်ဖြင့် ထမင်းစားခန်းမလေးက လင်းထိန်၍နေသလောက် အိမ်၏ပတ်ဝန်းကျင်နှင့်ရွာအတွင်း၌မူကား မဲမဲမှောင်၍နေလေသည်။လျှပ်စစ်မော်တာခုတ်သံနှင့်ရွာတွင်းရှိဂျပ်စင်မှဂျပ်ခုတ်သံတို့သည်မှန်မှန်ပင် ထွက်ပေါ်လျက်ရှိ၏။

"ဒီလူတွေဟာ အလုပ်သိပ်လုပ်ကြတာပဲနော်၊ ယာတောမှာ တစ်နေ့လုံး ကုန်းရုန်းလုပ်ကြတယ်။ အိမ်ပြန်လာတော့လဲ အနားမယူကြဘူး၊ အိမ်သားတွေ ဝတ်ဖို့ ဂျပ်ခုတ်ကြပြန်သေးတယ်"

"ဟုတ်တယ် ဆရာမ"

ဦးဖုန်းဇီးဖုန်သည် ထမင်းပန်းကန်ကို လက်နှစ်ဖက်ဖြင့် ထိထားကာ ခရစ်ယာန်ဘာသာဝင်တို့၏ထုံးစံအတိုင်းဉ်သို့ထမင်းနပ်မှန်အောင်မိမိအားမစသည့်အတွက်ဘုရားသခင်အားကျေးဇူးအထူးတင်ရှိကြောင်းနှင့်ရှေ့ဆက်လက်၍ မိမိတို့၏အိမ်သားအားလုံးအား ကြည့်ရှုမစပါရန် မေတ္တာရပ်ခံ ဆုတောင်းနေရင်းက

သက်အား ဖြေလိုက်လေ၏။

"ဟင်...ဦးဖုန်းဇီးဖုန်ဟာ ခရစ်ယာန်ဘာသာကို ကိုးကွယ်တယ်နော်"

အံ့ဩရလွန်း၍ သက်သည် မအောင့်နိုင် မအည်းနိုင်တော့ပဲ နမ့်ခမ်းအကီးဝါးအား မေးမိရှာတော့၏။

"ဟုတ်တယ် ဆရာမ၊ ကျွန်တော်ဟာ သေပြီးပြန်ရှင်လာရတဲ့လူပဲ၊ ပြန်ရှင်လာရတဲ့အတွက် ကျွန်တော် ခရစ်ယာန်ဘာသာကို အားကြီးပဲ သဘောကျလာတယ်ဆရာမ"

"ရှင်..."

သက်သည် အကီးဝါးဦးဖုန်းဇီးဖုန်၏အဖြေကို မည်သို့ပြန်၍ မေးရမှန်း မသိတော့ပဲ (ရှင်)တစ်လုံး တည်းနှင့်သာ တုန့်ပြန်နိုင်ရှာတော့၏။

ရှမ်းအဖွားကြီး၏ဦးခေါင်းသည်လည်း ထမင်းကို ငုံ့၍ စားနေရာမှ တအံ့တဩကြီးပင် မော့၍လာခဲ့ လေသည်။

"ဆရာမ...အားကြီးဘဲ အံ့ဩပြီလား၊ ကျွန်တော် ၄–၅ နှစ်မှာ အားကြီးဘဲ ဖျားတယ်။ ဆေးရုံမှာ ကျွန်တော် သေသွားတာ ၄၈ နာရီဘဲဗျ၊ ကျွန်တော် သေသွားတော့ အား...နေရာအမျိုးမျိုးမှာ ရောက်သွား တယ်လေ၊ ပထမ ကျွန်တော် တောသိပ်အကြီးကြီးထဲကို ရောက်သွားတယ်၊ ပြီးတော့ အဝတ်မဲမဲနဲ့လူကြီး တစ်ယောက်က ကျွန်တော့်ကို ခေါ်သွားပြီး ကျွဲတွေ နွားတွေကို အများကြီးဘဲ သတ်ခိုင်းတယ်"

ဦးဖုန်းဇီးဖုန်သည် တအံ့တဩ ဝိုင်း၍ နားထောင်နေသူတစ်စုအား မိမိ၏အဖြစ်ကို ပြုံးပြုံးကြီးပင် ပြောပြ၍ နေလေ၏။

"ကျွန်တော်လဲဘဲ ကျွဲတွေ နွားတွေ အများကြီးကို သတ်တာဘဲ၊ သွေးတွေလဲ ကျွန်တော့်အဝတ်တွေ လက်တွေမှာ အများကြီးဘဲ ပေကုန်တာဘဲ၊ အားကြီးကြောက်စရာဘဲ ဆရာမ၊ နွားတွေသတ်ပြီးတဲ့အခါမှာ အဝတ်မဲမဲနဲ့လူကြီးက ကျွန်တော့်ကို အဲဒီနွားတွေကို အတုံးတွေ ဖြစ်အောင် ခုတ်ခိုင်းတယ်လေ...၊ ကျွန် တော့်လက်တွေ အားကြီးညောင်းကုန်တာဘဲ၊ အများကြီး ခုတ်ရတယ်။ အဲဒီအချိန်မှာဘဲ အဝတ်ဖြူဖြူဝတ် ပြီးထားတဲ့လူအရပ်မြင့်မြင့်ကြီးက ကျွန်တော့်ဆီလာပြီး ကျွန်တော့်လက်ထဲက ဓားကို ယူပြီး လွှင့်ပစ်လိုက် တယ်။ နောက်ပြီး အဝတ်မဲမဲနဲ့လူကြီးကို တွန်းပစ်ပြီး ကျွန်တော့်ကို ဒါ ကျွန်တော့်တို့ရဲ့လူဘဲလို့ပြောပြီး ခေါ်လာခဲ့တယ်။ လမ်းတစ်ဝက်လဲ ရောက်ရော ကျွန်တော်ဟာ အသက်ပြန်ရှင်လာခဲ့တာဘဲ ဆရာမ..."

သက်သည် ထမင်းလုတ်ကို ပါးစပ်တွင်းသို့ သွင်းရမှန်းမသိအောင် ဦးဖုန်းဇီးဖုန်၏စကားလုံးများကို စူးစူးစိုက်စိုက် နားထောင်ရင်းက ခြေဖျားလက်ဖျားကလေးများ အေး၍လာရလေသည်။ ခြေဖျားမှခေါင်းဖျား သို့တိုင်အောင်ပင် ကြက်သီးမွေးညှင်းကလေးများ ဖြန်းဖြန်းထ၍ လာခဲ့ရတော့၏။

"ဆရာဝန်တွေက ကျွန်တော် အသက်ပြန်ရှင်လာလို့ သိပ်ကိုဘဲ အံ့သြနေကြတယ်ဆရာမ၊ မင်းကို မြေမြှုပ်ဖို့တောင် ငါတို့ပြောပြီးပြီ၊ မင်းကုသိုလ်နဲ့မင်း ပြန်ပြီးအသက်ရှင်လာတာဘဲ၊ ဒါဟာ ငါတို့ဆေးကြောင့် မဟုတ်ဘူးလို့လဲ ဆရာဝန်တွေက ပြောကြတယ်ဗျ၊ အဲဒီနေ့ကစပြီး ကျွန်တော်လဲဘဲ ကျွဲတွေ နွားတွေကို သတ်ပြီး နတ်တင်တဲ့အလုပ်ကို မလုပ်တော့ဘူးဆရာမရေ...၊ ကျွန်တော် အားကြီးဘဲ ကြောက်သွားပြီ။ ခရစ်ယာန်တွေ ရှိခိုးတဲ့အဝတ်ဖြူဖြူနဲ့ဘုရားသခင်ကိုဘဲ ရှိခိုးတယ်။ အခု ကျွန်တော်တို့ရွာမှာ ကျွန်တော့်လိုဘဲ အားလုံးခရစ်ယာန် ဖြစ်ကုန်ကြပြီ။ ကျွန်တော့်ကို သေမင်းနဲ့တွေ့ပြီး ပြန်လာနိုင်လို့တဲ့။ သူတို့အားလုံးက အဲဒီအဝတ်ဖြူဖြူနဲ့ဘုရားသခင်ကို အားကြီးဘဲ အားကိုးကြတယ်ဆရာမ"

အငိုင်သားပင် သက်သည် အကီးဝါးဖုန်းဇီးဖုန်၏စကားလုံးများနှင့်အတူ အကီးဝါးဖုန်းဇီးဖုန်ရောက်ခဲ့ရသည့်(သေမင်းနိုင်ငံ)တောနက်အုပ်အုပ်ကြီးထဲသို့ တစ်ထိုင်တည်းနှင့်ပင် လိုက်ပါ၍ သွားမိလေ၏။

ဆေးရုံ၌ ၂ ရက်လုံးလုံး ခန္ဓာကိုယ်မှဝိညာဉ်ကင်းကွာ၍ မေ့မြောနေစဉ်အတွင်း "အကီးဝါးဖုန်းဇီးဖုန်" ရောက်သွားခဲ့ရသည်ဟုဆိုသော တောနက်ကြီးသည် ဧကန်မလွဲ (ငရဲဘုံ)ဖြစ်ရပေမည်။

အနက်ရောင်ခြုံထည်နှင့်အကီးဝါးဖုန်းဇီးဖုန်အား ကျွဲနွားပေါင်း မြောက်များစွာ၏အသက်ကို ရက်ရက်စက်စက် ဖယ်ထုတ်ခိုင်းသောသူသည်လည်း ဧကန်စင်စစ် ငရဲမင်း ဖြစ်ရပေမည်ဟု သက်က တွေးတော တွေးထင်မိရာလေသည်။

(သူ့အသက်)ကို ဘိုးစဉ်ဘောင်ဆက် သတ်၍ ယဇ်နတ်ပူဇော်ခဲ့ရလေသောအပြစ်များကြောင့်လား မသိ၊ အကီးဝါးဖုန်းဇီးဖုန်၏ဝိညာဉ်သည် ၎င်းပြစ်မှုများ၏အပြစ်ဒဏ်ကို ခံယူရန် (ငရဲဘုံ)သို့တစ်ကိုယ်တော်တည်း သတ်ဖော်သတ်ဖက်များ မပါဘဲ သွားရောက်ခဲ့ရရှာလေသလား၊ သက်သည် တွေးရင်းကပင် ကြက်သီးကလေးများ ဖြန်းဖြန်းထ၍ လာခဲ့ရရှာတော့လေသည်။

မည်သို့ပင်ဖြစ်စေ (ငရဲကျမည်၊ နတ်ပြည်တက်မည်) မကောင်းသောအပြစ်ကို လွန်ကျူးစွာ ပြုမိပါက (ငရဲသို့လားရမည်)။ ကောင်းမှုကုသိုလ်ကို ပြုကျင့်ပါက (နတ်ပြည်သို့ တက်ရပေမည်)ဆိုသောအသိသည် ဗုဒ္ဓ၏သမီးဖြစ်သူ သက်၏ခေါင်း၌ ငယ်စဉ်ကပင် စွဲမြဲ၍ လာခဲ့ရသည့်အတွက် ဖုန်းဇီးဖုန်သူကြီးမင်း၏အဖြစ်က သက်၏အစွဲကိုပါ ပို၍ခိုင်မာစွာ ယုံကြည်လာလေအောင် အထောက်အကူပြု၍ နေပြန်တော့၏

သို့သော် အကီးဝါးဖုန်းဇီးဖုန်အား သေမင်းနိုင်ငံမှသည် လူ့ပြည်သို့ ပြန်လည်၍ ကြင်နာစွာ ခေါ်ယူခဲ့သော အဝတ်ဖြူနှင့်ပုဂ္ဂိုလ်ကိုမူကား သက်က တိတ်တဆိတ် မကျေမနပ် ဖြစ်မိလေသည်။

အဝတ်ဖြူနှင့်ပုဂ္ဂိုလ်သည် အဘယ့်ကြောင့်များ မိမိတို့နည်းတူ အကီးဝါးဖုန်းဇီးဖုန်အား (ဗုဒ္ဓရှင်တော်မြတ်၏သားကြီးတစ်ယောက်)ဖြစ်၍လာအောင် မဆွဲဆောင်ခဲ့လေသနည်း။

သို့တစေလည်း သေချာစွာ ပြန်၍ တွေးပါက အဝတ်ဖြူနှင့်ပုဂ္ဂိုလ်၏အပြစ် မဟုတ်သည့်အတွက် သက်သည် မိမိ၏စိတ်ကို ကြိုးစား၍ လျှော့ချရလေတော့သည်။

ဤလိုနေရာနှင့်ဌာနတို့ တိုင်းတစ်ပါးမှ (Mission)များကို မိမိတို့၏(ပြည်မ)မှ မည်သည့်ပုဂ္ဂိုလ်ကမှ လာရောက်၍ဒုက္ခခံယူကာဗုဒ္ဓ၏မေတ္တာတရားရေအေးများကို တိုက်ကျွေးခဲ့ခြင်းမရှိခဲ့ဖူးသည့်အတွက်လည်း ဤရေခဲဖုံးတောင်တန်းအထပ်ထပ် ဝန်းရံဆီး၍ လူသူအရောက်အပေါက်နည်းသော မိမိတို့၏ဒေသရှိတိုင်း ရင်းသားများအားလုံးသည် တိုင်းတစ်ပါးသို့သွားရောက်ရခြင်းမရှိပါဘဲနှင့် (ဘာသာပြောင်းဘဝ)သို့ လွယ် ကူစွာ ရောက်ခဲ့ရခြင်းပင် ဖြစ်သည်မဟုတ်ပါလား။

အမေရိကန်သာသနာပြုများသည် သူတို့ကို စာပေများ ပို့ချပေးကြသည်။ မရှိသေးသော(ရဝမ်စာပေ အက္ခရာ)များကို တီထွင်ပေးကြသည်။ လက်မှုပညာနှင့်စိုက်ပျိုးနည်းများကို သင်ကြားပြသပေးကြသည်။ ဘာသာတရား၌ ရှိသေကိုင်းရှိုင်းစေပြန်သည်။ ဘာလိုပါသေးသနည်း။ တိုင်းရင်းသားများသည် သူတို့ကို ခင်တွယ်ရမည်သာ ဖြစ်တော့၏။

မည်သူ့ကိုမျှ အပြစ်မတင်သာ၊ မတင်လိုတော့။ အချင်းချင်း အစဉ်အမြဲ စိတ်ဝမ်းကွဲ၍ ဆန်ကျင့် ဘက် လုပ်လိုကြသည့်မိမိတို့၏လူမျိုးကိုသာလျှင် မချင့်မရဲ ဖြစ်ရလေသည်။

"ကျွဲတွေ သတ်ပြီး နတ်ရှိခိုးတာကို ကျွန်တော်တို့ အများကြီး ကြောက်ပြီ"

အတွေးရဟတ်၌ မည်မျှကြာအောင် ချာချာလည်၍ ပါသွားခဲ့သည်မသိ။ အကီးဝါးဖုန်းဇီးဖုန်၏အသံ ထပ်မံ၍ ထွက်ပေါ်လာတော့မှ သက်သည် သတိများ ပြန်၍ ဝင်လာရကာ အတွေးများကလည်း လေထု၌ ပျောက်ပျက်ကာသွားရသည့်မီးခိုးပမာ ပျောက်ကွယ်မှေးမှိန်၍ သွားကြလေတော့၏။

"သူ့အသက်ကို သတ်ပြီး ကောင်းမှုကုသိုလ် မလုပ်တာ အကောင်းဆုံးပေါ့ ဦးဖုန်းဇီးဖုန်ရယ်"

ရေဇလုံ၌ လက်ကို နှိုက်ဆေးရင်း သက်က ဖြေလိုက်၏။

× × × × × × × × ×

မိုးပျော်ဖားများ၏အုံးအင်သံသည် ရေကြောင်းချောင်းကြားဆီမှ ဆူညံစွာ ထွက်ပေါ်လျက် ရှိ၏။

"မိုးအများဆုံးရွာတဲ့အခါမှာ အားကြီးဒုက္ခများတယ်။ တောင်အားကြီးပြိုတယ်၊ ဆရာမ နောင်မွန်း သွားမယ်ဆိုလို့ ကျွန်တော်လဲ အားကြီး အံ့သြတယ်"

အကီးဝါးသည် မိန်းမသားနှစ်ယောက်၏မျက်နှာကို ပြုံးပြုံးကြီးကြည့်ကာ ပြောလိုက်ပြန်လေ၏။

"ဆရာမနှင့်ဒီအမယ်ကြီး ဘယ်လိုတောင်ပေါ်တက်ကြမလဲလို့ ကျွန်တော် အများကြီးဘဲ စဉ်းစား တယ်၊ ကျွန်တော်တို့တောင်မှ မိုးတွင်းမှာ တောင်မတက်ကြဘူးဆရာမ"

မွေးကတည်းက ကျင့်သားရပြီးသား ဤဒေသရပ်ရွာရှိ တိုင်းရင်းသားများသော်မှ တောင်ပြို၍ သစ် ပင်ကြီးများ တောင်တက်လားလမ်းပေါ်သို့ ဖြတ်ကျလာတတ်သည့်ဤလိုမိုးရာသီမျိုး၌ တောင်တက်ခရီးကို ရှောင်ကြဉ်ကြသည်မို့ အကီးဝါးဖုန်းဇီးဖုန်သည် ထူးထူးခြားခြား ခရီးထွက်လာကြသော မိန်းမသား နှစ် ယောက်ကို အစဉ်းစားရကြပ်ဟန်ဖြင့် ပြောမိခြင်း ဖြစ်လေသည်။

"ကြိုးစားရမှာဘဲ အကီးဝါး၊ ဆောင်းအခါမှာ သွားရလာရ သက်သာပြီး ရှုခင်းသာယာတယ်ဆိုတာ ကျွန်မ နားလည်ပါတယ်။ ဒါပေမယ့် မိုးအခါမှာ ဒီမှာ ဘယ်လိုဒုက္ခရောက်ပြီး ဘယ်လောက်ဆင်းရဲပင်ပန်း ကြတယ်ဆိုတာကိုလဲ ကျွန်မ သိချင်သေးတယ်။ သိချင်တာတွေလဲ အများကြီးဘဲ၊ ဦးဖုန်းဇီးဖုန် ကျွန်မကို ပြောပြနိုင်ရင် သိပ်ကောင်းမှာဘဲ။ ကျွန်မ သတင်းစာတွေမှာ စာရေးတယ်လေ။ ဦးဖုန်းဇီးဖုန်တို့ဆီက လူ တွေအကြောင်းရယ်၊ ပြီးတော့ ဘာသာဓလေ့ထုံးစံအယူအဆတွေကိုပေါ့။ ကျွန်မတို့ဆီကလူတွေကလဲ ဒီက လူတွေအကြောင်း အားကြီး စိတ်ဝင်စားနေကြပါတယ်။ ဒီကို ရောက်ဖူးတဲ့အင်္ဂလိပ်စာရေးဆရာတွေ ရေး ကြတယ်။ ဒါပေမယ့် သူတို့အမြင် သူတို့အယူအဆနဲ့ရေးသွားကြလို့ သိပ်မမှန်ကန်ဘူး။ ကျွန်မအနေနဲ့ (ပြည်နယ်ပြည်မ)မှာရှိကြတဲ့ မောင်နှမတွေဟာ တစ်ယောက်အကြောင်းကို တစ်ယောက် အမှန်အတိုင်းသိ မြင်စေချင်တယ် ဦးဖုန်းဇီးဖုန်ရဲ့"

စိတ်ဆန္ဒရှိသည့်အတိုင်း တစ်ဖက်လူ သိနားလည်သည် နားမလည်သည်ကို တွေးရမှန်း မသိအောင် ပင် သက်က ပြောမိလေသည်။

သက်၏အပြောကို သဘောကျထောက်ခံသည့်ဟန်ဖြင့် ရဝမ်အမျိုးသားကြီးဦးဖုန်းဇီးဖုန်က လိုက် လိုက်လှဲလှဲ ပြုံးကာ ခေါင်းကို တဆတ်ဆတ်ညိတ်လိုက်လေ၏။

"ရဝမ်လူမျိုးမှာ အဝတ်ဖြူ ဘာကြောင့် ဝတ်ကြတယ်၊ ဝတ်စုံဘယ်နှစ်မျိုး ဘယ်နှစ်စားရှိတယ်ဆိုတာ ရယ်၊ ရဝမ်လူမျိုးများ ဘယ်ကဆင်းသက်လာခဲ့ကြတယ်ဆိုတာကို ကျွန်မသေသေချာချာ သိချင်တယ်"

"အဲဒါ အားကြီးခက်တယ်ဆရာမ၊ အမျိုးမျိုးဘဲ ပြောကြတယ်"

အကီးဝါးကြီးသည် စဉ်းစားသယောင် စားပွဲကို လက်ဖျားကလေးများနှင့်တဒေါက်ဒေါက် ခေါက်ရင်း တစ်လုံးချင်း ပြောလေသည်။

ရဝမ်လူမျိုးများ မည်သည့်အနွယ်မှ ဆင်းသက်လာကြသည်။ မည်သည့်အရပ်ဒေသမှနေ၍ မြန်မာပြည်တွင်းသို့ ဝင်ရောက်လာခဲ့ကြသည်ကို ဂဃနဏ အထောက်အထားနှင့်တကွ ပြောနိုင်သောသူ မရှိခဲ့သဖြင့် အကီးဝါးကြီးသည် လေ့လာလိုသူအမျိုးသမီးကလေးအား ကျကျနန ပြောပြရန် အခက်တွေ့၍နေရရှာတော့၏။

ပြောပြနိုင်သော ရှေ့မီနောက်မီလူကြီးများ ရှိပြန်တော့လည်း ပါးစပ်ရာဇဝင်အရသာလျှင် ပြောပြနိုင်ကြပြီး အထောက်အထားအနေဖြင့် ဘာအချက်အလက်ကိုမျှ ထောက်၍ ပြနိုင်စရာမရှိ ဖြစ်လေသည့်အတွက် အကီးဝါးကြီးသည် စားပွဲကို လက်နှင့်တဒေါက်ဒေါက် ခေါက်၍ နေရလေ၏။

ရှေးမြန်မာအမျိုးအနွယ်များဖြစ်တဲ့(လရှီ၊ မရူ၊ အတီး)အစရှိတဲ့လူမျိုးစုထဲမှာ အပါအဝင်ဖြစ်တဲ့(ရဝမ်လူမျိုး)များဟာ "ခဝါးဖူး"(Hkawahpu)ခေါ် (ရန်နုကလွန်တောင်)ရှိရာဒေသကနေပြီး ဆင်းသက်ပေါက်ဖွားလာကြတယ်လို့ ကျွန်မကြားဖူးတယ်။ ဟုတ်လား မဟုတ်လားတော့ မသိဘူးပေါ့ အကီးဝါး။ အဲဒီရန်နုကလွန်တောင်ဟာ သံလွင်နဲ့မဲခေါင်မြစ်ဖျားရဲ့အကြားမှာ တည်ရှိတယ်လို့လဲ သိရပါတယ်။ ပြီးတော့ ရန်နုကလွန်တောင်ကို တရုပ်ပြည်အတွင်းမှာရှိတဲ့ လွန်ဝွေးရာဇီတောင်ပေါ်ကနေပြီး ကြည့်ရင် မြင်ရတယ်လို့လဲပြောကြတယ်"

"တယ်ဟုတ်ပါလား၊ ဆရာမက ကျွန်တော်တို့ထက်တောင် သာနေပြီဘဲ"

နယ်ခြားဝန်ထောက်သည် မိမိတို့ထက် အစစလေ့လာမိနေပြီဖြစ်သော သက်အား အံ့သြသောအသွင်ဖြင့် မေးမိလေသည်။

"ကြားဖူးနားဝအရ ပြောရတာပါ ဗိုလ်ကြီးရာ၊ ဒါကြောင့် ကျွန်မအနေနဲ့ ဟုတ် မဟုတ် အကီးဝါးကြီးကို မေးကြည့်ချင်တာပေါ့။ ကျွန်မ ကြားဖူးတာက ဒီလိုလေ… ဟိုလွန်ခဲ့တဲ့ခရစ်သက္ကရာဇ် ၁၁ ရာစုနှစ်ဆိုကြပါစို့။ လွန်ခဲ့တဲ့နှစ်ပေါင်း ၈၀၀ ကျော် ၉၀၀ ခန့်က ရဝမ်လူမျိုးအုပ်စုဟာ (Yannuklung)ရန်နုကလွန်တောင်ဘက်ကနေ ဆင်းသက်လာကြပြီး မြန်မာပြည်အရှေ့ဘက် သံလွင်မြစ်ဝှမ်းရှိ ယူရဂံတောင်ကြား(Yuraganpass) အင်ပီ ၀၇၄၅ က ဖြတ်ကျော်ပြီး ထရုံမြစ်ဝှမ်းအတွင်းရှိ မြေပုံမှန်းခြေ အင်အို ၉၇၃၄ ဒေသဖြစ်တဲ့ မခွန်ဒမ်းမှာ ပထမဦးစွာ ဝင်ရောက်နေထိုင်ကြပြီးမှ မေခမြစ်ဝှမ်းအတွင်းဘက်ကို ဝင်ရောက်ပြီးလာကြတယ်လို့ပြောပါတယ်။ အဲဒါ ဟုတ် မဟုတ် အကီးဝါးကို မေးပေးစမ်းပါ"

လဖက်ရည်ကြမ်းပန်းကန်ကို လှမ်းယူ၍ သောက်လိုက်ပြီးလျှင် သက်သည် စကားကို အဆုံးသတ်လိုက်လေ၏။

အကီးဝါးကြီးသည် သက်၏မျက်နှာကို ကြည့်ကာ ခပ်တွေတွေလေး ဖြစ်၍သွားလေ၏။

"ကျွန်တော်တို့လဲ ကောင်းကောင်း မပြောတတ်ဘူးဆရာမ၊ သို့ပေမယ့် ကျွန်တော်တို့ ရဝမ်လူမျိုးများဟာ ဆရာမပြောသလိုဘဲ ဒီကနေပြီး ဟိုးမြောက်ဘက်မှာရှိတဲ့ ပေတစ်သောင်းကျော်မြင့်တဲ့တောင်(ရန်နုကလွန်)တော့ မဟုတ်ဘူးထင်တယ်။ ဂျင်းဖောစကားနဲ့"မကြွယ်ရှင်ရာဘွန်"လို့ခေါ်တယ်။ ရဝမ်စကားနဲ့"ခင်ဖူရာဇူ"လို့ခေါ်တဲ့တောင်မှာ ကျွန်တော်တို့ရဝမ်လူမျိုးနဲ့လူတွေအားလုံးဘဲ ဟိုက လာကြတယ်လို့ ပြောကြတယ်ဆရာမ"

"လူတွေအားလုံးဆိုတာ ကမ္ဘာဦးအစက ဆင်းသက်လာကြတဲ့လူမျိုးအားလုံးကို ဆိုလိုတာလားအကီးဝါး"

သက်သည် စိတ်ပါဝင်စားစွာ နားထောင်၍နေရာမှ ပို၍ရှင်းလင်းစေလိုသောဟန်ဖြင့် ထောက်၍မေးလိုက်ပြန်လေ၏။

"ဟုတ်တယ် ဆရာမ၊(တိဗက် လီစူး–ဂျင်းဖော–ခန္တီး–မြန်မာလူမျိုး)အားလုံးဟာ(မကြွယ်ရှင်ရာဘွန်)က လာကြတာဘဲ။ အဲဒီ(မကြွယ်ရှင်ရာဘွန်)တောင်ဟာ ဟိမဝန္တာတောင်ကြောနဲ့ဆက်နေပါတယ်။ ဗမာပြည်မှာ အမြင့်ဆုံးတောင်ဘဲ"

အကီးဝါးကြီးသည် ခေါင်းတညိတ်ညိတ်နှင့်သက်အား ဖြေလိုက်ပြန်သဖြင့် သက်သည် ကုလားထိုင်နောက်မှီ၌ မှီ၍ထားသော ခေါင်းကို ကြွလိုက်မိလေသည်။

"(မကြွယ်ရှင်ရာဘွန်)အင်းလေ…(ခင်ဖူရာဇူ)တောင်ဟာ မြောက်ဖက်ရဲ့ဘယ်နားမှာ ရှိမယ်ထင်သလဲအကီးဝါး"

"လူကြီးတွေ ပြောတာတော့ မြောက်ဘက်မှာ ရှိတယ်လို့ပြောတာဘဲ(အထန်ဘွန်ရာဇီ)လို့ခေါ်တဲ့(ခကာဘိုရာဇီ)နားမှာဘဲ ရှိမယ်လို့ထင်တယ်ဆရာမ။ ဒါမှမဟုတ် (ခကာဘိုရာဇီ)ဖြစ်မလားမသိဘူး။ ကျွန်တော် ဟို–အင်္ဂလိပ်လူမျိုး(Kingdom Ward)နဲ့(ခကာဘိုရာဇီ)ကို သွားတုန်းက တောင်တစ်လုံးတွေ့ခဲ့တယ်။ အဲဒီတောင်မှာ သိပ်ကြီးတဲ့ရေကန်ကြီးတစ်ခုကိုလဲ တွေ့ခဲ့သေးတယ်။ အဲဒီရေကန်ကြီးဟာ ကျွန်တော်တို့ ရဝမ်လူမျိုးတွေ ပြောပြောနေတဲ့(ဇလာလုံးရှုမိုက်)ဘဲလို့ ကျွန်တော် ထင်တယ်"

"ဇလာလုံးရှုမိုက် နေအုံး–နေအုံး ကျွန်မ မှတ်ထားပါရစေ။ အဲဒီရေကန်ကြီးနဲ့(မကြွယ်ရှင်ရာဘွန်)နဲ့ဘယ်လိုသက်ဆိုင်ပါသလဲ"

သက်သည် ထိုင်ရာမှ ကတိုက်ကရိုက်လေး ထ၍ သွားကာ လွယ်အိတ်အတွင်းမှ မှတ်စုစာအုပ်နှင့်ဖောင်တိန်ကို ယူ၍လာခဲ့လေ၏။

"မကြွယ်ရှင်ရာဘွန်မှာ လူတွေအားလုံး အတူတူနေတဲ့အခါမှာ မီးလောင်ပြီး ရေတွေ အားကြီးကြီးလာလာတယ်လို့ ပြောတယ်။ အဲဒီအခါမှာ လူတွေ အကုန်သေကုန်ပြီး ဖောင်တစ်စီးနဲ့လူငါးယောက်ဘဲ ကျန်ရစ်ခဲ့တယ်ဆရာမ။ ရေတွေ ခန်းပြီးသွားတော့ (မကြွယ်ရှင်ရာဘွန်တောင်)မှာ ရေကန်ကြီး ဖြစ်ကျန်ရစ်ခဲ့တယ်။ အဲဒီရေကန်ကို ကျွန်တော်တို့ ရဝမ်လို (ဇလာလုံးရှုမိုက်)လို့ခေါ်တယ်လေ။ အဲဒီလူငါးယောက်ဟာ ဇလာလုံးရှုမိုက် ရေကိုသောက်ပြီး အသက်သိပ်ရှည်လာတယ်။ ကျွန်တော်တို့အားလုံးဟာ သူတို့ရဲ့သားသမီးတွေဘဲ။ ဒါကြောင့် (*ကျွန်တော်တို့သေရင် မကြွယ်ရှင်ရာဘွန်ကို ပြန်သွားဖို့ရာ လူသေကို နတ်ဆရာက ပြန်လွှတ်ရတယ်)"

"ဟား...ဒါဖြင့် ရဝမ်လူမျိုးများ ဆင်းသက်လာပုံဟာ ကျွန်မတို့ဗုဒ္ဓဘာသာတွေ အယူသည်းပြီး ယုံကြည်ထားတဲ့(ဗြဟ္မာကြီးငါးပါး)ကနေပြီး ကမ္ဘာဦးသူဦးသားများ ဆင်းသက်လာတယ်ဆိုတာနဲ့ အတူတူပါလားဟင်"

တအံ့တဩပင် သက်က မှတ်ချက် ချလိုက်မိလေသည်။

အကီးဝါးကြီးသည် သက်၏အပြောကို ပြုံးပြုံးကြီးပင် ထောက်ခံလိုက်လေ၏။

"ကျွန်တော် Mr. Kingdom Ward(ခကာဘိုရာဇီ)ကို ရောက်ခဲ့တုန်းက အဲဒီရေကန်နားမှာ စားရတဲ့မြက်ပင်တစ်မျိုးကိုလဲ တွေ့ခဲ့သေးတယ်ဆရာမ၊ နောက်ပြီးတော့ ကြက်သွန်နီအပင်တွေလဲ ရှိတယ်။ နဲနဲတော့မာတယ် ကျွန်တော်ထင်တယ်။ အဲဒီကြက်သွန်ဥတွေဟာ ဟိုအရင်က လူတွေ စိုက်ထားခဲ့တဲ့ကြက်သွန်လားမသိဘူး"

အကီးဝါးကြီးသည် သူ၏နှုတ်ရာဇဝင်ကို ခိုင်မာစေရန် အကိုးအကားနှင့်တကွ သူတွေ့ခဲ့ရသော အရာများကို အခြေပြု၍ သူ၏ထင်မြင်ချက်ကို သက်အား ပြောပြလေ၏။

"ဖြစ်နိုင်တာဘဲ။ ရေခဲဖုံးတောင်တန်းတွေမှာ (မချစ်ဥ)ဆိုတာ ရှိတယ်မဟုတ်လား။ ကျွန်မတို့ဗမာလိုတော့ (တောင်ဂမုန်းဥ)လို့ခေါ်ရမှာဘဲ။ (ဂမုန်း)ဆိုတဲ့အပင်ဟာ ကြက်သွန်များလိုဘဲ ဥရှိတယ်၊ အမြစ်မရှိဘူး"

ရက္ခဗေဒပါရဂူကြီးတစ်ယောက်ပမာ သက်သည် အကီးဝါးကြီး၏ထင်မြင်ချက်ကို မိမိ၏အမြင်နှင့် ကိုးကား၍ ဖြေလိုက်လေတော့၏။

---

* (နတ်ကိုးသောရဝမ်လူမျိုးများသည် ဒူးလင်းဂျင်းဖော(ကချင်)များကဲ့သို့ပင် အသုဘပွဲကို ညလုံးပေါက်သောက်စားမူးယစ်ကာ ကျင်းပလေ့ရှိကြလေသည်။ လူသေကို မမြှုပ်မီ နှစ်ရက်နှင့်နှစ်ညတိုင်တိုင် လူသေ၏ဝိညာဉ်အား မူလနေရပ်ဌာနီ(မကြွယ်ရှင်ရာဘွန်)သို့ ပြန်၍သွားရန် နတ်ဆရာနှင့်တကွ ဆွေမျိုးသားချင်းဇည့်ပရိသတ်များက ဝိုင်းဝန်း၍ (Ransan)ရန်စန်ခေါ် အသုဘသီချင်းကို သီဆိုပေးကာ က,ကြရလေသည်။)

"ဂူးရှူး…ဂူးရှူး…ဝရှူး၊ လားအာ့စို့စို့"

ရောင်နီပျို့၍ လာသည်နှင့်ပင် လား တရုပ် လောပန်းကြီးတို့သည် တစ်ညလုံး အစာစားရန် လွှတ်ထားခဲ့သောလားများအား ဟစ်အော်ကာ ခေါ်ယူကြလေ၏။ လောပန်းကြီးများ မြင်းကုန်းနှီးများကို ပြင်ဆင်၍ ပစ္စည်းများကို တင်ပြုနေစဉ်မှာပင် သက်တို့အဖွဲ့သည် ဧည့်ဝတ်ကျေပြွန်၍ သဘောကောင်းလှသော(နမ့်ဆမ်းသူကြီးမင်း ဦးဖုန်းဇီးဖုန်)နှင့်အိမ်သားများအား နှုတ်ဆက်ခါ ထွက်ခွာခဲ့ကြလေသည်။

"ဆရာမ…ဟိုရှေ့မှာ ရွှေကျင်တဲ့ချောင်းကလေးတစ်ချောင်း ရှိတယ်။ ခုတော့ မကျင်ရတော့ဘူး။ ဦးဖုန်းဇီးဖုန်က ချောင်းရိုးတွေ တိမ်ကောပြီး ပျက်စီးသွားမှာစိုးလို့တဲ့"

နယ်ခြားဝန်ထောက်သည် ထီးကိုပိတ်၍ မြေပြင်၌ ထောက်ကာ ထောက်ကာ လျှောက်၍နေရာမှ သက်အား အရှေ့မြောက်ဒေါင့်တစ်နေရာဆီသို့ ညွှန်ပြလေ၏။

မှိုင်း၍ညို့လျက်ရှိသော တောင်တန်း၏ခြေရင်း၌ စိမ်းပြန့်သော မြေပြင်သည် ထွက်ပေါ်စနေမင်း၏ အောက်၌ ဖိတ်ဖိတ်လက်၍ နေ၏။

"ဟုတ်လား၊ ဟန်ကျလိုက်တာ။ ကျွန်မအတွက် ဓာတ်ပုံရိုက်ကွက်တစ်ကွက် ရတာပေါ့"

ဝမ်းသာအယ်လဲ သက်သည် ပခုံး၌ လွယ်၍ထားသောကင်မရာကို ဖြုတ်ကိုင်လိုက်ပြီးလျှင် နယ်ခြားဝန်ထောက် ညွှန်ပြရာ ချောင်းငယ်ဘက်သို့ ခပ်သွက်သွက်ပင် ထွက်ခွာ၍ သွားလေ၏။

ချောင်းငယ်သည် နှစ်ပေသာသာ ကျယ်၍ (နမ့်ခမ်းရွာရိုး)အား ပစောက်သဏ္ဍာန် ကွေ့ပတ်ကာ မေလိခမြစ်ဆီသို့ စီးဆင်းလျက် ရှိလေသည်။ ရွှေထွက်သည်ဟုဆိုသော ချောင်းကလေး၏ဝန်းကျင်၌ ဖွေးနသော (ဂုံမင်းပင်)မှ အပွင့်တို့သည် ဖွေးဖွေးလှုပ်မျှ ဖူးပွင့်လျက် ရှိ၏။

ချောင်းရိုးသည် ရွှေကျင်သမားများ၏လက်ချက်ဖြင့် ရုပ်ပျက်ဆင်းပျက် ပြိုကျ၍ နေလေသည်။ ချောင်းငယ်ကလေး၏ဝန်းကျင်ရှိ မြေပြင်၌လည်း ရေတွင်းပျက်နှင့်ဆင်ဆင်တူသော တွင်းပျက်ပေါင်းများ စွာတို့ဖြင့် ပြည့်ကျပ်၍နေလေ၏။

သက်သည် ကင်မရာနှင့် ချောင်းငယ်ကလေးအား လှည့်ပတ်ကာ ရိုက်ယူလိုက်လေ၏။

"ဒီမြေက ရွှေ သိပ်ထွက်တယ်လို့ ပြောကြတာဘဲ။ ဟောဒီကျင်းတွေဟာ ရွှေကျင်သမားတွေ တူးပြီး ဒီမြေကြီးတွေကို ဟောဒီချောင်းမှာ ကျင်ပြီး ယူကြသတဲ့ ဆရာမရဲ့။ ဒီချောင်းငယ်ကလေးကလဲ ရွှေသိပ်ထွက်တဲ့အတွက် ရွှေကျင်သမား(ရဝမ်)အချို့နဲ့(လီစူး)တွေဟာ မနေမနား ရှိသမျှချောင်းရိုးကမြေတွေရော ဒီအနား

ပတ်ပတ်လည်က မြေတွေကိုပါ မချန်ဘဲ တူးဆွပြီး ကျင်ယူကြလွန်းလို့ သူကြီးမင်းက ရွာပျက်မှာ စိုးရတယ်ဆိုပြီး ပိတ်ပင်လိုက်ရဆိုဘဲခင်ဗျာ”

ရဲဘော်မြသိန်းသည် ပျက်စီးယိုယွင်းလျက်ရှိသော ချောင်းနှုတ်ခမ်းနှင့်ပတ်ပတ်လည်၌ ဝန်းရံ၍နေသော မြေတွင်းပျက်များကို လက်ညှိုးထိုးပြရင်း ပြောပြလေသည်။

“ဒါကြောင့် ဒီပူတာအိုနယ်တစ်ဝိုက်မှာ နမ့်ခမ်းရွှေသိပ်ကောင်းတယ်လို့နာမည်ကြီးတာဘဲ ထင်တယ်၊ ကြည့်စမ်း…ဒီမြေကြီးတွေထဲမှာ ရွှေတွေ အများကြီးဆိုပါကလား မဲ့ထောင့်(ဝ)ရေ–ဟင်”

မိမိတို့ပြည်ထောင်စုနိုင်ငံတော်၏ရွှေထွက်ပေါလှလေသော မြေပြင်ပေါ်၌ ခြေနှစ်ချောင်းတင်၍ရပ်နေရသည့်အတွက် သက်က ဘဝင်ကလေးများ မသိမသာ မြင့်၍လာရသဖြင့် အနီး၌ ရပ်လျက်သား မြေကျင်းပျက်ကြီးများကို ငေး၍နေသော ရှမ်းအဖွားကြီးအား ခပ်ကြွားကြွားပင် ပြောပြမိလေတော့၏။

“အေး…ဟုတ်တယ်ဆရာမ…၊ ဒါကြောင့် ဒီရွာကို (နမ့်ခမ်း)လို့ခေါ်တာ ဖြစ်မှာဘဲနော်”

နှုတ်သွက်သွက်ဖြင့် ရှမ်းအဖွားကြီးသည် သက်၏စကားကို ထောက်ခံလိုက်လေသည်။

“ဆရာမ ဓာတ်ပုံရိုက်ပြီးရင် သွားရအောင်၊ ဒီနေ့ တောင်စတက်ရမယ်ဆိုတော့ သိပ်နောက်ကျမှာစိုးရတယ်ဗျ”

နယ်ခြားဝန်ထောက်သည် ခရီးဆက်ရဦးမည့်အကြောင်းကို သက်တို့လူစုအား လှမ်း၍ သတိပေးလိုက်လေသဖြင့် စကားဖောင်ဖွဲ့၍ နေမိကြသော သက်တို့သည် ကသောကမြောပင် လူစုခွဲ၍ ရွှေထွက်ပေါသော မြေနှင့်ချောင်းကလေးမှ ဖဲခွာလာခဲ့ကြလေသည်။

× × × × × × × × × × × × × × × × ×

## တောင်တက်ခရီး စတင်ခြင်း

ဆုပ်၍ ဆုပ်၍ ပက်ဖျန်းလိုက်သကဲ့သို့ပင် တောင်ဖြုတ်ကလေးများသည် တောင်တက်အဖွဲ့သားများ၏မျက်နှာနှင့်မျက်လုံးများဆီသို့ တဖျောက်ဖျောက် ဝင်ရောက်၍လာခဲ့ကြသည်။

“ဂူး–ဒိုင်းရော့စောင်(ဝ)အေ့ – အမယ်လေး…သေပါပြီတော်၊ သိကြားမင်း ပဲပုပ်ထောင်းသံတောင်ကြားရတော့မယ် ထင်ပါရဲ့ဆရာမရေ…”

ပန်းရန့် လှိုင်၍ သစ်ခွပန်းပေါလှသော ပေအမြင့် ၂၅၀၀ ရှိ(နမ့်ခမ်းရာဇီးတောင်)ခြေရင်းမှစတင်၍တက်လာကတည်းကပင် အဆင်းနှင့်မတွေ့ကြရဘဲ အတက်ခရီးချည်း ဖြစ်နေသဖြင့် အားလျှော့လှစွာ ရှမ်း

အဖွားကြီးက ညည်းညူမိရှာလေသည်။

"ဒါ...စိတ်ပျက်စရာလား အဖွားကြီးရဲ့၊ ခဏနေ တောင်ထိပ်ကို ရောက်သွားရင် ထောင်းပြီးသား ပဲပုပ်ဟင်းနဲ့နေ့လည်စာကို ကျွန်မတို့တစ်တွေ သိကြားမင်းနဲ့အတူ လက်ဆုံစားလိုက်ကြတာပေါ့၊ ကဲ...တက်တက် အားမလျှော့နဲ့။ (ကော့ရင်းနိူင်)အမေ့သမီးတွေဘဲ မဟုတ်လားနော့"

မျက်လုံး ဝင်းဝင်းလက်လက်ကလေးကို တပ်မက်မောစွာ ဝင်ရောက်၍ အုံနေကြသော တောင်ဖြုတ်ကောင်ကလေးများကို လက်နှစ်ဖက်ဖြင့် ရိုက်ခတ်၍ ဖယ်ထုတ်ပစ်ရင်း သက်သည် စိတ်ဓာတ်ကျစပြုနေရှာသူ အမယ်ကြီးအား ရယ်ရွှမ်းဖပ်ရွှမ်းလုပ်၍ အားပေးရလေသည်။

မြေပြင်ခရီး၌ ဝေးဝေးလံ မလျှောက်ခဲ့ဖူးသောသက်သည် အမယ်ကြီးအား ကြံဖန်၍သာ အားပေးရသည်။ ကိုယ်တိုင်၌မူကား ရွှံ့ဗွက်ထူ၍ ကျောက်တုံးကျောက်ခဲကြီးများဖြင့် ပြည့်ကျပ်လျက်ရှိသော ၂ ပေသာသာ တောင်တက်လားလမ်းပေါ်၌ ပစ်လှဲ၍သာ အိပ်ပစ်လိုက်ချင်သည်အထိ မောပန်းလျက်ရှိနေရှာတော့၏။ တစ်ခါတရံ တောင်ထိပ်ဆီမှ တော်လဲသံပေး၍ မိုးဆွေးကျောက်တုံးကြီးများသည် ပေ ၂၅၀၀ အမြင့်ဆီမှ ဒလိမ့်ခေါက်ကွေးပင် တောင်ခါးပန်းရှိ လားလမ်းကျဉ်းကျဉ်းကလေးပေါ်သို့ ပြုကျ၍လာခဲ့တတ်ပြန်သဖြင့် မိန်းမသား နှစ်ယောက်ပါဝင်သော တောင်တက် ခရီးသည်တို့သည် အသက်ကို ဖက်နှင့်ထုပ်၍မျောက်လွှဲကျော်များပမာ တောင်ကမ်းပါးရှိ ကျောက်တုံး ကျောက်စွန်းများအပေါ်၌ အပြေးအလွှား ခုန်၍ခုန်၍ လျှောက်ကြရှာလေသည်။

တစ်ခါတရံကျပြန်တော့လည်း တောင်ထိပ်ဆီမှ ပြတ်၍ လမ်းကျဉ်းကလေးပေါ်သို့ ကန့်လန့်ဖြတ်ကြီး ကျ၍ တင်လာတတ်သော မိုးဆွေးပင်စည်ကြီးများကို ကျွတ်တွယ်၍ ဖြုတ်များကိုက်နေသည့်ကြားက တစ်ယောက်တစ်လက် အကိုင်းအခက်များ ခုတ်ထစ်ဖယ်ရှား၍ ခရီးဆက်ကြရလေသည်။

စိတ်ကူးယဉ်၍ တောင်တက်ခရီးကို အိပ်မက်မက်ခဲ့စဉ်က အစစသည် သာယာ၍ ဖြောင့်ဖြူးလှလေသည်။ လက်တွေ့၌မူကား မိုးရာသီတောင်တက်ခရီးသည်က လက်တွေ့၌မူကား မိုးရာသီတောင်တက်ခရီးသည်ပင်ပန်းကြမ်းတမ်းလှသဖြင့် စိတ်ကူးယဉ်မလေး သက်အဖို့ စိတ်ကူးမယဉ်နိုင်အောင်ပင် ရွေ့ရင်ဆို့ရှာတော့၏။

ငါးနာရီကြာမျှ ကျဉ်းမြောင်းကွေ့ကောက်သော တောင်ခါးပန်းရှိ လားလမ်းအတိုင်း လေးလံသော မိမိ၏ကိုယ်ခန္ဓာအား ချည့်နဲ့စ ပြုနေသောခြေနှစ်ချောင်းက ဒရွတ်တိုက် တောင်ထိပ်သို့ ဆွဲတင်၍ သွားမိသောအခါ သက်သည် ကြမ်းတမ်းသော မိုးရာသီတောင်တက်လမ်း၏ခက်ခဲမှုကို အလိုလိုမေ့၍သွားမိလေသည်။ ခြေနှစ်ချောင်းလည်း သော့ပေး၍ လွှတ်လိုက်သော စက်ရုပ်ပမာ သက်အား သည်ပိုး၍ တောင်ထိပ်ဆီသို့ တစ်လှမ်းချင်း ခေါ်ဆောင်၍သွားလေ၏။

(ရဝမ်တို့ဌာနေ နမ့်တီးဆံမြစ်ဝှမ်း)ရှိရာ မြောက်ဝင်ရိုးစွန်းဒေသ ခရီးသွားအဖွဲ့ဝင်တို့သည် တမော့မော့နှင့်မြင့်မားသော တောင်ထိပ်ဆီသို့ ချွေးတဖြိုက်ဖြိုက်ဖြင့် တက်လှမ်းခဲ့ကြပြီးသည့်နောက်၌ တစ်စိုက်

စိုက်ဖြင့် တဆတ်ဆတ်တုန်၍ နေရှာသော မိမိတို့၏ဒူးများကို ဆကာ ဆကာ တောင်အောက်ဆီသို့ ဆင်းစေခဲ့ကြပြန်လေသည်။

"ငရဲပြည်ကို ဆင်းရသလိုဘဲ ဆရာမရေ…အောက်ကို ဘယ်အချိန်ကျမှ ရောက်ကြမလဲ"

သမီးအရွယ်ရှိ တောတွင်းစွန့်စား သွားလာမှုကိုမှ နှစ်သက်တတ်သော သက်အား သံယောဇဉ်ငြိကာ လိုက်လံစောင့်ရှောက်၍နေရရှာသော ရှမ်းအဖွားကြီးသည် ဖွဲ့မကောင်းနိုင်ရှာတော့ဘဲ ညည်းညည်းညူညူ ဖြစ်လာခဲ့လေ၏။

သက်သည် အမေအရွယ်ရှိ အမယ်ကြီးအား ကြင်နာသောဟန်ဖြင့် ခပ်ငေးငေးလေး ကြည့်မိရှာတော့၏။

လမ်းသည် တဖြည်းဖြည်းချင်း ပြေ၍ နိမ့်ဆင်းသွားသောအခါ တဝေါဝေါ စီးဆင်းလာနေသောရေသံကို ကြားရလေသည်။

"ဟော…မဲထောင့်(ဝ)ရေ… ရေသံ ကြားနေရပြီ။ အောက်ရောက်ခါနီးပြီနဲ့တူတယ် သိလား။ အောက်ရောက်ရင် ဘာဘဲဖြစ်ဖြစ် ရေချိုးလိုက်ရအောင်နော်"

"ဟုတ်တယ်ဆရာ…ရောက်လုပြီ။ အဲဒီချောင်းကို ကျော်ပြီး နှစ်ဖာလုံလောက် လျှောက်လိုက်ရင်(နမ့်တီးရွာ)ကို ရောက်ရော၊ ဒီည ကျွန်တော်တို့ အဲဒီမှာဘဲ နားကြမယ်"

"ဗိုလ်ကြီး…ကျွန်တော်တို့ ရှေ့က အရင်သွားနှင့်မယ်။ ဒါမှ ဗိုလ်ကြီးတို့ ရောက်လာရင် လဖက်ရည် အဆင်သင့်ဖြစ်မယ်"

"သွား…သွား… အများကြီး ဖျော်ထား"

ရေစီးသံကြားရသည်နှင့် အဖွဲ့ဝင်တို့၏အသံသည် အားတက်သရောပင် ဆူညံစွာ ထွက်ပေါ်လာခဲ့ကြလေတော့၏။

တိမ်ဖွေးဖွေးတို့သည် မှိုင်းညို့ညို့တောအုပ်နှင့်တောင်တန်းများကို ဖုံးအုပ်၍နေပြန်သဖြင့် နေရောင်သည် ပြောက်ပြောက်ကလေးသာ ထိုးဖောက်၍ သက်တို့၏ဝန်းကျင်၌ ကျရောက်လာခဲ့နိုင်လေသည်။ ရေသံဖြင့် သက်၏နွေးကွေးသော ခြေလှမ်းသည် သွက်၍လာခဲ့လေ၏။

ကြိမ်ကြိုးတံတားကြီးသည် မြစိမ်းရောင်မှန်သားကဲ့သို့ ကြည်လင်လှသော(နမ့်တီးချောင်း)ပေါ်၌ ရှော့ရဲရဲကလေး လျောင်းလျက်ရှိလေသည်။

သက်သည် ကင်မရာကို လက်မှကိုင်၍ တံတားကြီးရှိရာသို့ ပြေးဆင်း၍ သွားခဲ့လေ၏။

ကြီးမားလှသော ကျောက်ဆောင်များကြား၌ ငွေရောင်တောက်၍နေသော ငါးကြင်းကြီးများသည် ငါးငယ်ကလေးများ ရံလျက် ဆော့မြူးနေကြ၏။

"အို... သိပ်ကိုဘဲ လှတာဘဲကွယ်။ ကြည့်စမ်း...ကြည့်စမ်း၊ မဲ့ထောင့်(ဝ)ရေ...ငါးတွေကို အတိုင်းသား မြင်နေရတယ်။ ဟယ်...အောက်က ကျောက်ဆောင်တွေ ကျောက်ခက်တွေကိုရော မြင်နေရတယ်။ ဒီလို ကြည်တဲ့ရေမျိုး ကျွန်မတစ်သက်မှာ တစ်ခါမှ မမြင်ခဲ့ဖူးဘူး မဲ့ထောင့်(ဝ)ရယ်...ကြည့်စမ်း"

မြစိမ်းရောင်လိုလှ၍ မှန်သားကဲ့သို့ ကြည်လင်လှသော ချောင်းရေမျိုးကို မမြင်ဖူးသဖြင့် သက်သည် ကလေးဆန်ဆန် အော်ဟစ်မိရှာတော့၏။

"ကျွန်တော်တို့ ဒီမှာ ခဏနားရင်း ရေချိုးကြရအောင်...၊ အမေကြီး အမောပြေလောက်မှ သွားကြတာပေါ့"

နယ်ခြားဝန်ထောက်သည် မိန်းမသားနှစ်ယောက်အား အကြံပေးပြောဆိုလိုက်ပြီးလျှင် တံတားအောက်သို့ဆင်း၍ သွားလေသည်။

× × × × × × × × × × × × × × × ×

## အနံ့ခံကောင်းသော ကျောက်ပုရွက်ဆိတ်

ပိုးကတ္တီပါနက်ရောင် တောင်ပံကလေးများကို တဖျတ်ဖျတ်ခတ်၏။ မြူးပျံနေကြသောလိပ်ပြာကြီးများသည် ချောင်းကမ်းပါး၏အလှကို ပိုမို၍ တင့်ဆန်းစေတော့၏။

မိန်းမသားနှစ်ယောက်သည် ကြီးမားသော ကျောက်ဆောင်ကြီး၏အကွယ်၌ အဝတ်များကို ချွတ်လဲကြလေသည်။

မျက်လုံးကိုမှ တပ်မက်မောစ၍ ဝိုင်းအုံတတ်သော(တောင်ဖြုတ်)များနှင့်မတူ၊ တမူထူးလှသော(Blister Flies)"လဝမ်ကောင်"ခေါ်(ဖြုတ်ကောင်)များသည် အဝတ်ချွတ်လဲ၍နေသော အမျိုးသမီးနှစ်ယောက်အား သဲသဲမဲမဲပင် ဝိုင်းအုံ၍ ကိုက်ကြလေ၏။

ဖွေးနုသောလက်မောင်းနှင့်ခြေသလုံးသားတို့သည် တခဏအတွင်းမှာပင် ထန်ပြင်းသောဖြုတ်ကောင်များ၏အဆိပ်ဒဏ်ဖြင့် နီရဲယောင်ကိုင်း၍လာလေ၏။

"သေတော့မှာဘဲ အဖွားကြီးရေ..."

"ရေထဲဆင်း...ရေထဲဆင်း..."

အဖွားကြီးသည် ကတိုက်ကရိုက် သက်အား လှမ်း၍အော်ကာ ချောင်းတွင်းသို့ ဆင်း၍သွားလေ၏။

သက်သည် မှန်သားရေပြင်ကို ထိုးဖောက်၍ ပေါ်ထွက်နေသော ကျောက်တုံးကြီးအပေါ်သို့ ပေါ့ပါးစွာ ခုန်၍ကူးသွားလေ၏။ ကျောက်တောင်ကြီးများကို ဖောက်ထွင်း၍ စီးဆင်းလာခဲ့ရသောချောင်းရေသည် ရေခဲတမျှ အေးစက်လှလေသည်။ ငါးကလေးများသည် သက်၏ခြေဖျားကလေးများကို ဝိုင်းအုံ၍ အလုအယက်ပင် ဟပ်ကြလေသည်။

မြတ်လေးပန်းရနံ့များကို ဆောင်ယူ၍လာကြသောလေအေးသည် တောင်ကမ်းပါးယံကြားမှ ဖြတ်၍ သက်၏မျက်နှာဆီသို့ တိုက်ခတ်ခါ လာကြလေ၏။

ဖြုတ်ကောင်များသည် အခဲမကြေ သဲသဲမဲမဲပင် ဝိုင်းအုံ၍လာကြပြန်သဖြင့် သက်သည် စိတ်ပျက်လှစွာ လှပ၍ချစ်စရာကောင်းသော မှန်သားရေပြင်(နမ့်တီးချောင်း)မှ ထွက်ခဲ့ရလေတော့၏။

ကမ်းပါးရှိ သစ်ပင်ချုံနွယ်များကြား၌ ခိုနား၍နေကြသော ဖြုတ်ကောင်တို့သည် လူ၏အနံ့ကိုရသည်နှင့်ပင် တပ်ဖွဲ့ကာ ဝိုင်းအုံ၍လာကြပြန်သဖြင့် သက်သည် ကျောက်ဆောင်ပေါ်မှ စစ်အင်္ကျီကြီးကို ကတိုက်ကရိုက်ကလေး ကောက်ယူ၍ ဝတ်လိုက်မိလေတော့၏။

"အမယ်လေး... လုပ်ပါဦး၊ မဲ့ထောင်(ဝ)ရေ... ကျွန်မကို အင်္ကျီ မြန်မြန်ချွတ်ပေးစမ်းပါ"

ကျောက်ဆောင်ပေါ်မှ အင်္ကျီကို ကောက်၍ စွပ်မိသည်နှင့်ပင် ကျော–ရင်နှင့်လက်မောင်းအိုးတို့၌ စစ်စစ်ပါအောင် နာကျင်လိုက်ခဲ့၍ လာခဲ့လေသဖြင့် သက်၏ကိုယ်သည် ဆတ်ဆတ်ခါ၍ လာခဲ့လေ၏။

"အကြီးကြီးဘဲ ဆရာမရေ... ပုရွက်ဆိတ်တွေ ပုရွက်ဆိတ်တွေ..."

အမယ်ကြီးသည် သက်၏အင်္ကျီအား ဆွဲ၍ချွတ်ရင်းက အလန့်တကြားပင် အော်ဟစ်လိုက်လေရာ သက်လည်း ကြောက်အားလန့်အား ခုန်မိလေတော့၏။

ခါချဉ်ကောင်နှင့်ခပ်ဆင်ဆင်တူသော ပုရွက်ဆိတ်ကောင်နီကြီးများသည် ကျောက်ဆောင်ပေါက်များကြားမှ တစီတစ်တန်းကြီး တန်းစီထွက်၍ လာကြကာ သက်၏ ချွေးစိုလျက်ရှိသော စစ်ဘောင်းဘီနှင့်ခြေအိတ်များကို သက်ရှိသတ္တဝါတစ်ကောင်ပမာ ဝိုင်းအုံ၍ ခဲနေကြ၏။

အမယ်ကြီးနှင့်သက်တို့သည် ကြောက်အားလန့်အား ကျောက်ဆောင်ပေါ်မှ အဝတ်များကို ကောက်ယူ၍ ခါပစ်ရင်း ကြိမ်တံတားပေါ်သို့ ပြေး၍တက်ကြလေသည်။

"ဒီတိုင်းပြည်က သိပ်ကြောက်စရာကောင်းပါလား မဲ့ထောင့်(ဝ)ရေ…၊ ကြည့်စမ်း…ကြည့်လိုက်တော့ ဘာမှမဟုတ်ဘူး။ အကောင်ငယ်ငယ်ကလေးတွေ ဝိုင်းကိုက်လို့ ကျွန်မတစ်ကိုယ်လုံး ရစရာ မရှိတော့ဘူး"

တစ်ဦးနှင့်တစ်ဦး လက်ဟန်ခြေဟန်ဖြင့် စကားလက်ဆုံကျရသောဒေသ၌ ကလောင်တစ်ချောင်းနှင့် လှည့်လည်ရသည်ကို အကျေနပ်ကြီး ကျေနပ်၍နေခဲ့သောသက်သည် ယားယံ၍ နာကျင်ကိုက်ခဲသည့်ဒဏ်ရာများကို ကြည့်ကာ မည်းညည်းစဖူး ညည်းမိရှာတော့၏။

ဖြုတ်ကိုက်ထားသော ဒဏ်ရာအဟောင်းပေါ်၌ အသစ်အသစ် ထပ်မံ၍ ကိုက်ထားသော ဖြုတ်နှင့်ပု ရွက်ဆိတ်ဒဏ်များက ထပ်၍ လာခဲ့ပြန်သဖြင့် သက်၏ခြေနှင့်လက်ကလေးများသည် မြင်မကောင်းပင် ဖြစ်၍နေတော့သည်။

"ဒီဒေသက လူတွေကို ချစ်တယ်ဆို၊ ဒီကအကြောင်းတွေကို ရေးချင်တယ်ဆို၊ ဝန်ကြီးချုပ်ရုံးက ခွင့်လွှတ်ထားတဲ့နေရာတွေကို အနှံ့လျှောက်ပြီးသွားဦးမယ်ဆို၊ အခု…ဘာဖြစ်လို့ ညည်းရသလဲ။ ဒီတောင်တွေ အပေါ် မတက်ချင်ပါနဲ့လို့… ကျွန်မက ပြောတော့ ဆရာမ စိတ်ဆိုးခဲ့တယ်မဟုတ်လား။ ခုတော့ ကျွန်မပါ အဆစ်ရောပြီး အကိုက်ခံရပြီ ကြည့်စမ်း…"

အမယ်ကြီးသည် သက်၏ကျောနှင့်ရင်ဘတ်ကို (ကျားဘမ်းပရုပ်ဆီ)ဖြင့် သုတ်လိမ်း၍ ပေးနေရာမှ ကရုဏာဒေါသော မြည်တွန်တောက်တီးလိုက်လေရာ နာကျင်ကိုက်ခဲ၍နေသည့်ကြားက သက်သည် အမယ်ကြီးအား ရယ်ချင်၍လာခဲ့လေ၏။

"အမယ်လေး… ဒီလောက်လဲ မြည်မနေစမ်းပါနဲ့၊ ဆက်မလိုက်ချင်ရင်လည်း နေရစ်ခဲ့။ အား…အား… ဟား…အို…လုပ်ပါဦး အဖွားကြီးရဲ့"

အဖွားကြီးအား မခံချိမခံသာ ပြန်လှန်၍ပြောနေသောသက်၏အသံသည် သံစုံနှော၍ ရပ်သွားခဲ့လေ၏။

"ဘာလဲ…ဘာလဲ…ဟား…ပုရွက်ဆိတ်တွေ…သမီးရေ…ပုရွက်ဆိတ်တွေ…"

မျက်လုံးမျက်ဆန်ပြူးစွာ အမယ်ကြီးသည် သက်၏ခြေဖမိုးပေါ်မှ ကျောက်ပုရွက်ဆိတ်ကြီးများကို မျက်နှာသုတ်ပုဝါဖြင့် ရိုက်ခါ၍ ထုတ်ပေးရင်း ငယ်သံပါမတတ် အော်ဟစ်မိလေ၏။

"ကျွန်မသိပြီ မဲ့ထောင့်(ဝ)ရေ…၊ စောစောက သူတို့ဝိုင်းပြီးခဲကြတဲ့အကျီမှာ ကျွန်မ ချွေးတွေစိုနေတဲ့ အတွက် အဲဒီချွေးနံ့ကို ခံပြီး လိုက်လာတာ သိလား။ ဒါကြောင့် မဲ့ထောင့်(ဝ)ကို မကိုက်ဘဲ ကျွန်မကိုမှရွေး ကိုက်တာ"

"ဆရာမရေ… မဖြစ်ဘူးဗျို့၊ သွားကြစို့… ကျွန်တော့်ကို (လဝမ်ကောင်)တွေ ဝိုင်းကိုက်လို့ ရေကို

ကောင်းကောင်း မချိုးခဲ့ရဘူးဗျ"

"ခင်ဗျားတို့ တောင်ပေါ်သားအချင်းချင်းတောင်မှ မညှာဘဲကိုက်တယ်ဆိုရင်ဖြင့် ကျွန်မကို ခုလိုဝိုင်းကိုက်တာဟာ တရားသဖြင့် ကိုက်တယ်လို့ ဆိုရမှာဘဲ ဟုတ်လား"

လက်နှစ်ဖက်ဖြင့် မျက်စိရှုပ်လောက်အောင် တစ်ကိုယ်လုံးကို ကုတ်ဖဲ့ရင်း ရေချောင်းမှတက်လာသော နယ်ခြားဝန်ထောက်အား မခံချိ မခံသာ သက်က ဆီး၍ ပြောချလေ၏။

"ဆရာမ သိပ်ဒေါသကြီးနေတာဘဲ။ ဧကန္တ ထိပြန်ပြီထင်တယ်"

"စာမဖွဲ့ချင်တော့ဘူး...ဗိုလ်ကြီးရေ...၊ ကချင်ပြည်နယ်က အကောင် ပလောင်လေးတွေက တစ်ကယ် အဆိပ်ပြင်းတာဘဲ။ ကျွန်မတစ်ကိုယ်လုံးကို ရစရာ မရှိတော့ဘူး"

ယောင်ကိုင်း၍ နာနေသော ခြေထောက်ကို ရှုံ့မဲ့၍ လည်ရှည်စစ်ဖိနပ်ကြီးကို စွပ်၍ဝတ်လိုက်ရင်း သက်က မချိမဆန့် ပြေမိရှာတော့၏။

× × × × × × × × × × × × × × ×

## တိမ်တိုက်နှင့်အတူ

တဖြောက်ဖြောက်နှင့် တစ်ညလုံး စွေ၍ရွာနေသော မိုးသည် အရှိန်ရလာသည့်အလား မိုးလင်းလုလု၌ တဝေါဝေါ ရွာချ၍ လာခဲ့လေ၏။

မြေပုံမှန်းခြေ အင်အို–၂၆၁၊ ပေအမြင့် ၆၇၂၆ ရှိ(နိုင်ငွန်ဘွန်တောင်)ကို ယနေ့ နေမဝင်မီ ဖြတ်ကျော်၍ သွားနိုင်ပါမှ တောင်ခြေ(မဆားဒပ်)စခန်းသို့ လွယ်လင့်တကူ ရောက်နိုင်မည်ဖြစ်သဖြင့် ပေါင်နှင့်ခြေသလုံးကြွက်သားများ ကိုက်ခဲနာကျင်၍နေသည်ကိုပင် မမှုနိုင်ကြတော့ဘဲ သက်တို့အဖွဲ့သည် ဆီကြော်ထမင်းကို ကသောကမြောစား၍ အိမ်ခြေလေးလုံးနှင့်(နမ့်တီးရဝမ်ရွာငယ်)မှ ထွက်ခဲ့ကြ၏။ တောင်ခါးပန်းမှတဝေါဝေါ လိုမ့်ဆင်းလာခဲ့သော တောင်ကျရေဖွေးဖွေးတို့သည် လမ်းကျဉ်းကလေးပေါ်သို့ အိုင်ဖွဲ့ကာ တောင်တက်ခရီးသည်တစ်စုအား တားဆီး၍ နေလေသည်။

ဖိနပ်ကို ချွတ်၍မနေတော့ဘဲ သက်တို့အဖွဲ့သည် စစ်ဘောင်းဘီရှည်ဖားဖားကြီးနှင့်ပင် တောင်ကျချောင်းကလေးကို ဖြတ်ကျော်ကြလေ၏။ ဆယ့်နှစ်ရာသီ စွတ်စိုထိုင်းမှိုင်းလျက်ရှိသောဒေသ၏မိုးရာသီ တောင်တက်လမ်းကျဉ်းကလေးသည် ပေအမြင့် ၂၅၀၀ ရှိ မနေ့က လမ်းခရီးထက်ပင် ကြမ်းတမ်း၍ခက်ခဲနေတော့၏။

မတ်စောက်မြင့်မားလှသော ပေအမြင့် ၆၇၂၆ ရှိ (နိုင်ငွန်ဘွန်)၏နှစ်လုံးပေါက် သွားလာနိုင်သော

လားလမ်း( Mule Track)သည် ကျဉ်းမြောင်းလှ၏။ မိုးရာသီဖြစ်၍လည်း တောင်ကျရေများ၏တိုက်စားသွားခြင်းကို ခံရလေသဖြင့် မြေများသည် ချောက်ကမ်းပါးအောက်သို့ ရေများနှင့်အတူ ရောပါ၍သွားကြကာ ကျောက်စွန်းကျောက်စွယ်များသည်သာလျှင် ရှုပ်ရှက်ခတ်မျှ ကျန်ရစ်ခဲ့သည့်အတွက် ကြောက်ခမန်းလိလိပင် ဖြစ်ကျန်ရစ်ခဲ့ရလေသည်။

မြေပြန့်သူအမျိုးသမီးနှစ်ယောက်၏ခြေသလုံးတို့သည် တောင့်တင်းကိုက်ခဲသည်ထက် ကိုက်ခဲ၍လာကြရလေသဖြင့် ရောက်သောနေရာလေးမှာပင် ပစ်လှဲ၍အိပ်ချင်စိတ်များ ပေါ်ပေါက်၍ လာကြရတော့၏။

သို့သော် ခြေသံကြားနှင့်ခေါင်းကလေးများကို ဝဲယာလှည့်လည်၍ ခြေသံရှင်အား မလွှတ်တမ်းတွယ်၍ သွေးစုပ်လေ့ရှိသော ကျွတ်ထောင်သောင်းများစွာတို့သည် ခြေလက် မသယ်နိုင်သူ မြေပြန့်သူနှစ်ဦးအား ဤအခွင့်အရေးများကို လုံးဝ ပေးသနားခြင်းမရှိသည့်အတွက် မြေပြန့်သူနှစ်ဦး၏စိတ်ကူးတို့သည် လေထု၌ပျောက်ပျက်၍သွားရသော မီးခိုးပမာ ရှိတော့၏။

တိမ်ပွင့်ဖွေးဖွေးတို့သည် ပြေး၍ ပြေး၍ ခရီးသွားများ၏ပုခုံးနှင့်မျက်နှာများကို တိုးဝှေ့ပွတ်သပ်၍သွားကြသဖြင့် ကတ်သီးကတ်သပ် တောင်ခါးပန်း၌ ဖောက်လုပ်ထားသည့်ဝန်တင်လားလမ်းကလေးသည် တိမ်များရစ်ဆိုင်း၍နေသော ကောင်းကင်ထက်၌ ဖောက်လုပ်ထားသည့်ဝန်တင်လားလမ်းကလေးသည် တိမ်များ ရစ်ဆိုင်း၍နေသော ကောင်းကင်ထက်၌ ဖောက်လုပ်၍ထားသလိုပင် ရှိလေသည်။

သို့သော် ရွှံ့ဗွက်နှင့်ကျောက်စွန်းကျောက်တုံးကလေးများအကြား၌ သွေးစုပ်ကောင်ကျွတ်များ၏လက်ချက်ဖြင့်အိုင်ထွန်း၍ကျန်ရစ်ခဲ့တတ်သောခရီးသွားသူများနှင့်ဝန်တင်လားများ၏သွေးကြောင့်သာလျှင် ခရီးသွားတို့သည် မိမိတို့ခြေအောက်၌ရှိသော လမ်းသည် တောင်ခါးပန်းမှလမ်းကလေး ဖြစ်သည်ကို သတိရ၍ လာတတ်ကြလေသည်။

“အေး...ဆရာမ၊ ငါတို့လဲ မိုးပေါ်က လမ်းလျှောက်ကြသလားနော့၊ ဟုတ်သလိုလိုဘဲကွ”

အီကောရဲဘော်ကြီး ရဲလုံသည် ရွှံ့ဗွက်တွေကြား၌ တဘုန်းဘုန်းခြေချော်၍လဲနေရာမှ တိမ်ပွင့်ဖွေးဖွေးများကိုကြည့်ကာ ယောင်တောင်တောင် မေးမိပြန်တော့၏။

တိမ်တိုက်များနှင့်အတူ တစ်ရစ်ပြီးတစ်ရစ် တစ်ဆင့်ပြီးတစ်ဆင့် တောင်ထိပ်ဆီသို့ ခြေကုန်လက်ပန်းကျစွာ အံကြိတ်၍ တက်နေရာမှ သက်သည် ရဲဘော်ရဲလုံ၏အမေးကို ခေါင်းညိတ်၍ ထောက်ခံမိလိုက်လေသည်။ အတက်ခရီး၌ ကြမ်းတမ်း၍ ခက်ခဲကြသလို အဆင်း၌လည်း ဒူးနှစ်လုံး ဆတ်ဆတ်တုန်မျှပင် ခက်ခဲပင်ပန်းကြရ၏။

သက်သည် ထီးနှင့်ကင်မရာကို ဆက်လက်၍သယ်ယူနိုင်ခြင်း မရှိတော့သဖြင့် နီးရာရဲဘော်များ၏လက်၌ ထိုးအပ်လိုက်ပြီးလျှင် မိုးသည်းသည်းမှာပဲ ခြေကိုဆကာ ဆကာ တောင်အောက်သို့ ဆင်းရလေသည်။

"ဒီတောင် အဆင်းကွေ့ကို (ဘာဘူလန်ကွေ့)လို့ခေါ်တယ်ဆရာမ၊ တစ်ခါတုန်းက ကုလားပြည်ဘက်ကနေပြီး ကုလားတောင်တိုင်းအဖွဲ့များ တောင်ကြောကို တိုင်းထွာရင်း ဒီကို ရောက်လာလို့ တောင်ကို တိုင်းဖို့ရာ မော့လည်းကြည့်မိရော တစ်ခါထဲ လန့်ပြီး လန်ပြေးရတယ်ဆိုဘဲ ဆရာမ…"

မောပန်းသည့်ကြားက ယုံတမ်းပုံပြင်ကလေးကို ကြားရလျှင် သက်သည် အသံထွက်အောင် ရယ်မောမိလေတော့၏။

"ဒါနဲ့များ ကျွန်မက (ခကာဘိုရာဇီး)ရေခဲတောင်ကို တက်ဖို့ မှန်းနေမိသေးတယ်။ ဒီအတိုင်းဆိုရင် (ခကာ)ရဲ့ခြေနားတောင် သီနိုင်မယ် မထင်ဘူး။ ဟား…ဟား…ဟား…"

(ဘာဘူလန်ကွေ့)၏တစ်ကွေ့သောနေရာ၌ ဒူးခွေ၍ ကျောက်တုံးနှစ်ခုဘေးသို့ ခွေလဲကျသွားခဲ့သော သက်သည် မိမိ၏အဖြစ်ကို သဘောကျလှသည့်ဟန်ဖြင့် အားရပါးရ ရယ်မောရင်း ပြောမိလေ၏။

သို့နှင့်ပင် အဆင်းခြောက်ဆယ့်သုံးကွေ့တိတိရှိသော တောင်ဆင်းလမ်းကို ခဲရာခဲဆစ် အောင်မြင်စွာဆင်းခဲ့ကြပြီးသောအခါ သက်တို့၏အဖွဲ့သည် တောင်ခြေ(မဆားဒပ်)တောတွင်းတည်းခိုရေးစခန်းရှိရာသို့ ရောက်၍ လာခဲ့ကြလေ၏။

နမ့်တီးဆံမြစ်ဝှမ်း – ရဝမ်တို့ဌာနေ

ကြီးမားကျယ်ပြန့်လှသော ညဥ့်၏အမှောင်ထုဝယ် ဝေးလံသော တောအုပ်တစ်နေရာမှ ဂျီဟောက်သံများသည် တိုးဝင်၍ လာခဲ့လေ၏။ ကြယ်ရောင် လရောင် တောက်ပခြင်း မရှိသော တောင်ခြေစခန်း၏အလှသည် အမှောင်ထု၌ နစ်မြုပ်၍နေလေသည်။

မြေပုံအညွှန်းအင်အို–၁၈၃၉၊ ပေအမြင့် ၁၁၀၀၀ ရှိ(ဆင်လန်ဘွန်)ခေါ်(မေလိခ)နှင့်(N'maihka)ခေါ်မေခမြစ်ဝှမ်းကြီး၏အဓိကရေဝေတောင်တန်းကြီး၏တစ်စိတ်တဒေသဆီမှ မတ်စောက်စွာ စီးဆင်းလာခဲ့ရရှာသော (နမ့်တီးဆံမြစ်)၏မောဟိုက်သံသည် တဖြောက်ဖြောက် ကျဆင်းလျက်ရှိသော (မိုးဒေဝါ)၏ခြေသံကို ဝါးမျို၍သွားခဲ့လေ၏။

လားသမား လောပန်းကြီးများနှင့်ရဲဘော်တစ်စုသည် နယ်ခြားဒေသ၏ဧည့်သည်တော် အမျိုးသမီးစာရေးဆရာမကလေးနှင့်အတူ ရေစိုထင်းများဖြင့် ထမင်းအိုးကို ကြိုးစား၍ တည်ခဲ့ကြလေသည်။

ထန်ပြင်းလှသော တောင်ခြေမှလေထုသည် အကာအရံကင်းမဲ့သော တဲအိမ်ငယ်ကလေးအတွင်းသို့ လေးဘက်လေးတန်ဆီမှ ဝင်ရောက်၍လာကြသဖြင့် ထွက်ပေါက်ရှာမရနိုင်သော မီးခိုးတို့သည် ခရီးသွားတစ်စုတို့၏ဝန်းကျင်၌ ဝေ့လည်၍နေတော့၏။

"ဒါငရဲပြည်ဘဲ–ငရဲပြည်ဘဲ"

မျက်ရည်များ တောက်တောက်ယိုအောင် မီးခိုးများအူကာ ဝေ့လည်၍နေသည့်ကြားမှာပင် (တောခြင်ရိုင်းကြီးများနှင့်လဝမ်ကောင်)တို့သည် သူ့ထက်ငါ ဦးအောင် ခရီးသွားရဲဘော် ရဲမေများ၏သွေးကို ဝိုင်းအုံကာ စုပ်ယူ၍နေကြပြန်သဖြင့် ရှမ်းအဖွားကြီးသည် မီးမှိန်မှိန်အောက်၌ လက်မအားအောင် လဝမ်ကောင်များအား တဖျတ်ဖျတ်ရိုက်၍နေရာမှ ငိုသံပါအောင် ညည်းမိရှာတော့၏။

"အေးကွာ…ဆရာမ၊ ငါ… ဒီကောင်တွေကို ချက်စားနိုင်မယ်ဆိုရင် အဟုတ်ကို ချက်စားလိုက်ချင်ပြီကွာ"

အီကောစစ်သားကြီးသည် လက်မလောက် တုတ်ခိုင်ကြီးမား၍ သွေးရောင်လျှမ်းလျက်ရှိသော ကြမ်းပြင်ပေါ်မှ တတွန့်တွန့်နှင့်သွားနေသော ကျွတ်ကြီးတစ်ကောင်အား အမေရိကန်ဓားမြှောင်တိုဖြင့် အရလိုက်၍ လှီးဖြတ်ရင်း သက်အား လှမ်းကာ ပြောလိုက်ခြင်းဖြစ်၏။

သွေးတို့သည် တုတ်ခိုင်သော ကိုယ်ခန္ဓာမှဖြာကျ၍လာခဲ့လေသည်။ နှစ်ပိုင်းပြတ်၍သွားသော ကျွတ်ကြီး၏ခန္ဓာကိုယ်အစိတ်အပိုင်းနှစ်ခုသည် တောင်နှင့်မြောက်ဆီသို့ တစ်ပိုင်းစီ ဆက်လက်၍ တွားကာသွားကြပြန်သဖြင့် လက်နှိပ်ဓာတ်မီးနှင့်လှမ်းထိုး၍ ကြည့်နေမိသော သက်သည် လက်မှ ဓာတ်မီးလွတ်ကျသည့်အထိ တုန်လှုပ်စွာ အော်မိရှာတော့၏။ လားသမား လောပန်းကြီးနှင့်လီစူးပြာတာသည် မြေပြန့်သူ၏အဖြစ်သဲပုံကို ကြည့်ကာ အူလှိုက်သည်းလှိုက် ပြုံးရယ်ကြလေ၏။

"ဒါလောက်လဲ ကြောက်မနေပါနဲ့ဆရာမရယ်…၊ ဒီပူတာအို(Areas)မှာ ဒါတွေဟာ အဆန်းမဟုတ်ပါဘူး။ ဆရာမ သွားချင်တယ်ဆိုတဲ့ (ပန်နမ်းဒင်)သွားတဲ့လမ်းက (ဂေါ်လက်ထူး)ဆိုတဲ့စခန်းမှာ ကျွတ်တွေဒီ့ထက်တောင် ဆိုးသေးတယ်။ ဆံပင်ခြည်လောက်ရှိတဲ့ကျွတ်တွေဟာ သစ်ပင်တွေပေါ်ကနေပြီးတော့ လူခြေသံကြားရင် ခုန်ဆင်းပြီး တွယ်တာဘဲ။ အောက်ကလဲ ဒီလိုဘဲ ခြေသံကြားနဲ့ ဖမ်းတွယ်တာဘဲ။ ဘယ်လိုမှ ရှောင်လို့မရဘူးခင်ဗျ"

သက်သည် ရဲဘော်လေး၏အသံကို မကြားလို၊ မကြားရဲသောဟန်ဖြင့် ဒူးနှစ်လုံးပေါ်သို့ လက်ကိုတင်လိုက်ခါ လက်ပေါ်သို့ မျက်နှာလေးကို မှောက်ချလိုက်ပြီးလျှင် မျက်လုံးအစုံကို မှိတ်ပစ်လိုက်လေ၏။

"မမသက် ပူတာအို ရေခဲဖုံးတောင်တန်းဒေသဘက်ကို သွားမယ်ဆိုလို့ တစ်ခုတော့ မှာလိုက်ချင်တယ်။ အစားအသောက် အသွားအလာ ဆင်းရဲတာထက် ကျွတ်တွေ ဖြုတ်တွေကို ကြောက်နေရင် မမသက်ရည်မှန်းချက်ဟာ ပြည့်ဝမှာ မဟုတ်ဘူး။ ဒါတွေကို တွေးပြီး မကြောက်စေချင်ဘူး။ အဲဒီဒေသက အရက်အင်မတန်သောက်တဲ့(လီစူး)ဆိုတဲ့တောင်ပေါ်သားတစ်မျိုး ရှိသေးတယ်။ နောက်ပြီး သူတို့လိုဘဲ အဲဒီဒေသမှာရှိတဲ့(ကျွတ်)(Leeches)တွေကို ရည်စူးပြီး တရုပ်လူမျိုးများက စာတောင်စပ်ထားသေးတယ်ဗျ။ (The Lisu for liquor, Leeches for blood)တဲ့"

တပ်မတော်အင်ဂျင်နီယာ တောင်တိုင်းအဖွဲ့မှတပ်ကြပ်ကလေး ထွန်းခင်သည် သူရောက်ခဲ့ဖူးသောဒေသသို့ ထွက်ခွာရန် ပြင်ဆင်၍နေသူ သက်အား အကြံပေးသလို သတိပေးစကား ပြောကြား၍နေ၏။

သက်သည် တအံ့တသြ မျက်ခုံးနှစ်ဖက်ကို ပင့်ချီ၍ တပ်ကြပ်ကလေး ထွန်းခင်အား ကြည့်မိလေသည်။

"ဆရာမ... ဆရာမအိပ်ရာ ဘယ်မှာခင်းမှာလဲဟင်..."

မိုင်ပေါင်းများစွာ နောက်သို့ ပြန်ဆုတ်၍ ပြေးရင်း (ပြည်မ)မှ(တောင်တန်းဒေသ)ဆီသို့ လာခါနီး မိမိ၏ဧည့်ခန်းကလေးအတွင်း၌ ပြင်ဆင်ထုပ်ပိုးရင်း ပြောဆိုနေကြသောအသံနှင့်ဟန်တို့ကို ဆန်းသစ်စွာ ပြန်လည်၍ ကြားယောင်မြင်ယောင်၍နေရာမှ သက်သည် အီကောစစ်သားကလေး၏အသံကြောင့် လန့်ဖျပ်စွာ ခေါင်းကို မော့မိရှာတော့၏။

"ကိစ္စမရှိပါဘူး ရဲဘော်ရယ်...၊ ဖြစ်သလိုပေါ့။ ကိုယ်တို့နှစ်ယောက်ကို အားနာမနေနဲ့ကွာ ဟုတ်လား၊ ဒို့များကို မိန်းမတွေရယ်လို့ အမှတ်မထားပါနဲ့။ မင်းတို့လို ခရီးသွားယောကျ်ားကြီးတွေလိုဘဲ သဘောထားပေါ့"

အိပ်စရာနေရာ မလုံမလောက် ဖြစ်နေသော တဲအိမ်ငယ်၏ကြမ်းပြင်ဖရိုဖရဲကို ကြည့်ကာ သက်သည် မိမိတို့အတွက် ပူပင်လျက်ရှိသော ရဲဘော်အား နှစ်သိမ့်လိုက်လေ၏။

"ဒီနေရာမှာ အိပ်ပါဆရာမ...၊ မိုးလဲ မယိုဘူး၊ ကြမ်းပြင်လဲ နည်းနည်းကောင်းတယ်နော့"

ရဲဘော်သည် သက်၏အိပ်ရာလိပ်ကို မ,ချီ၍ယူလိုက်ပြီးလျှင် အကာအရံမရှိသော တဲခန်း၏ဒေါင့်တစ်နေရာ၌ ဖြန့်ခင်းပေးလိုက်ကာ ကျေနပ်နှစ်သိမ့်သောအသံလေးဖြင့် ပြောလိုက်လေ၏။

## အရိုင်းနှင့်သစ္စာ

ပျင်းရိလေးတွဲ့စွာ ညည်း၍ဆိုလိုက်သော ခင်္ဂီးရှမ်းလူမျိုး လားဆရာကြီး၏တေးသံသည် မီးခိုးနံ့သင်းသော တောင်ခြေစခန်းရှိ တဲငယ်ကလေးအတွင်း၌ ရင်မောဖွယ်ရာ ထွက်ပေါ်၍နေ၏။

လက်နှိပ်ဓာတ်မီး၏အရောင်ဖြင့် သက်သည် အိပ်ရာပေါ်၌ မှောက်လျက်သား အိပ်ကာ မှတ်စုစာအုပ်ငယ်တွင် စာလုံးငယ်များကို စီ၍ စီ၍ ရေးမှတ်နေ၏။

မလုံမလဲ ကျိုးတိုးကျဲတဲ ခေါင်မိုးဆီမှပိုးမှုန့်များသည် တဖွဲဖွဲ သက်၏အိပ်ရာနှင့်ကိုယ်ပေါ်သို့ကျ၍လာသဖြင့် သက်သည် စိတ်မရှည်စွာ ပိုးမှုန့်များကို လက်ဖြင့် ခါထုတ်လိုက်လေ၏။

"ဟယ်..."

လက်ဖြင့် စိတ်မရှည်စွာ ခါထုတ်လိုက်သော ပိုးမှုန့်သည် နုညက်၍မနေဘဲ မာခုခုကလေးတွေ ဖြစ်၍နေသည့်အတွက် သက်သည် တအံ့တသြကလေး ရေရွတ်မိလေ၏။

"ဟား...ဆန်တွေပါလား ဗိုလ်ကြီး၊ ကြည့်စမ်း... သိပ်ဆန်းတာဘဲ"

သက်သည် လက်တွင်းမှ ယာဆန်နီညိုညိုကလေး ငါးစေ့ခန့်ကို မီးဖိုဘေး၌ ထိုင်၍ ခြေသလုံးကြွက်သားတို့ကို ဝင်တိုဂျင်နိုဖြင့် ဆုပ်နယ်ပေးနေသော နယ်ခြားဝန်ထောက်အား လှမ်း၍ပြကာ ပြောလိုက်သဖြင့် နယ်ခြားဝန်ထောက်သည် မှောင်မဲ၍နေသော ခေါင်မိုးဆီသို့ မော့၍ကြည့်လိုက်လေသည်။

"သြော်...ခရီးသွားတွေရဲ့ဆန်ပါ၊ သူတို့ ဒီလိုတဲအပေါ်မှာ ချိတ်ထားခဲ့တတ်တယ်ဗျ"

"ခရီးသည်တွေရဲ့ဆန်"

သက်သည် လက်နှိပ်ဓာတ်မီးငယ်ဖြင့် ခေါင်မိုးဆီသို့ ထိုး၍ ကြည့်လိုက်ပြီးလျှင် အံ့သြလှစွာ မေးမိလေသည်။

"ဒီလို ထားခဲ့တော့ ဘယ်သူမှယူပြီး ချက်မစားကြဘူးလား"

"ဒီလိုပဲ ထားခဲ့ကြတာဘဲ၊ ကိုယ့်ပစ္စည်းမှမဟုတ်ဘဲ ဘယ်သူမှယူပြီး မချက်စားကြပါဘူး။ ပိုင်ရှင်ပြန်တော့ သူ့ဆန်ကို သူယူပြီး ပြန်ချက်စားတာပေါ့"

"ဟား...ဒီကလူတွေဟာ သိပ်ပြီးတော့ သစ္စာရှိပါလား၊ ကျွန်မတို့ဆီမှာဆိုရင် ဘယ်ထားလို့ရမလဲ၊ အိမ်ထဲမှာ သော့ခတ်ထားတဲ့ဥစ္စာတောင်မှ အချင်းချင်းသတ်ဖြတ်ပြီး အရယူကြသေးတာ"

မြစ်ဝှမ်းအသွယ်သွယ်နှင့်တောတောင်ရှုမြောင်အထပ်ထပ်တွေကြား၌ စားနပ်ရိက္ခာ ရှားရှားပါးပါးဖြင့် (လူရိုင်း)အမည်ကို ခံယူကာ နေကြရှာသောလူမျိုးတို့တွင် (ပညာတတ် လူယဉ်ကျေး)တို့၌ မတွေ့ရသော (သစ္စာတရား)ကို ခိုင်ခိုင်မာမာကြီး တွေ့မြင်ရလေသည့်အတွက် သက်က လှိုက်လှိုက်လှဲလှဲကြီးပင် ဖြစ်၍လာရလေသည်။

ဆန်ကြမ်းနီညိုညိုကလေးများသည် တဖြောက်ဖြောက်နှင့် သက်၏ခေါင်းအုံးပေါ်ရှိ မှတ်စုစာအုပ်ငယ်ကလေးပေါ်သို့ မှန်မှန်ပင် ကျဆင်းလျက် ရှိလေသည်။ သက်သည် လက်နှိပ်ဓာတ်မီးငယ်ဖြင့် (တစ်ပြည်သာသာ)ရှိ ဆန်အိတ်ငယ်သို့ ထိုး၍ကြည့်လိုက်ပြန်လေသည်။ ပုရွက်ဆိတ်နှင့်ပိုးနံကောင်တို့သည် ဆန်အိတ်ငယ်ကလေးအား လှည့်ပတ်ကာ ထိုးဖောက်လျက်ရှိ၏။

"လွန်ခဲ့တဲ့သုံးနှစ်ကျော်လောက်က ကျွန်မ အိပ်မက်မက်ဖူးတယ်ဗိုလ်ကြီး။ အဲဒါကို ကျွန်မ ဝတ္ထုတိုလေးဖြစ်အောင် ပြန်ပြီးရေးခဲ့သေးတယ်"

သက်သည် သူ၏တစ်ခါက အိပ်မက်ကလေးကို ပြေး၍သတိရဟန်ဖြင့် နယ်ခြားဝန်ထောက်အား ညင်သာဖြည်းညင်းစွာ ပြောပြလိုက်လေ၏။

"ဘယ်မဂ္ဂဇင်းထဲမှာ ပါခဲ့သလဲဆရာမ...၊ ဘာနာမည်နဲ့လဲ"

ရဲဘော်မြသိန်းသည် ရေစိုသောခြေအိတ်ကို မီးဖို၌ လှည့်ပတ်၍ ကင်ရင်း မေးလိုက်လေ၏။

"ဝတ္ထုနာမည်လား... (ခေမာ)တဲ့ရဲဘော်ရဲ့။ ဒါပေမယ့် ဘယ်မဂ္ဂဇင်းမှာမှ မပါခဲ့ဘူး"

"ဘာဖြစ်လို့လဲ မပို့လို့လား"

"ပို့တာပေါ့ကွယ်၊ မဂ္ဂဇင်းတိုက်တစ်တိုက်က တောင်းလို့ ရေးပြီးသား (ခေမာ)ကို ပို့ပေးလိုက်တာပေါ့။ အဲ...ဒါပေမယ့်ကွယ်၊ ကိုယ့်ဝတ္ထုကို ဒယ်ဒီတာက စိတ်ကူးယဉ်ဝတ္ထုမို့ ပယ်လိုက်တယ်။ အဲဒီဝတ္ထုအစား ကိုယ့်ရဲ့ကိုယ်တွေ့တွေကို ရေးပေးပါတဲ့"

သက်သည် အိပ်မက်ကို ဝတ္ထုဘာဝသို့ ဖွတ်ပြောင်း၍ မဂ္ဂဇင်းတိုက်များသို့ တဝဲလည်လည် အပယ်ခံ ကာ ပို့ခဲ့မိသော မိမိ၏အဖြစ်ကို သဘောကျလှစွာ ပြောပြရင်းက ရယ်မောမိလေသည်။

"ဘာတွေများ အိပ်မက်အရ လျှောက်ရေးလို့ အပယ်ခံရတာလဲဗျ"

နယ်ခြားဝန်ထောက်သည် ရဲဘော်နှင့်သက်တို့၏အမေးအဖြေကို စိတ်ဝင်စား၍ လာခဲ့သယောင် ဝင် ကာ မေးမိလေတော့၏။

"ဘာရယ်လို့တော့ မဟုတ်ဘူးဗိုလ်ကြီးရဲ့...၊ ကျွန်မမက်တဲ့အိပ်မက်က ခုကျွန်မရောက်ရှိနေတဲ့ဒေသ မျိုးလိုနေရာတစ်ခုကို ကျွန်မရဲ့အဖိုးနဲ့ဒီလိုဘဲ ဝန်တင်လားတွေနဲ့တောင်တက်လမ်းကျဉ်းကလေးကနေပြီး သွားရတယ်လို့မက်တာဘဲ။ အဲဒီအိပ်မက်ထဲမှာ ခုလိုဘဲ ဟိုကလူတွေဟာ သစ္စာအားကြီးရှိတယ်ဗိုလ်ကြီး။ သူခိုးဓားပြ လူလိမ်လူကောက် အလုပ်လက်မဲ့ သူတောင်းစားလည်း မရှိဘူး။ သူတို့ရဲ့အိမ်ကိုလဲ တံခါးမတပ် ထားကြဘူး။ ဒီကလူတွေလိုဘဲ ဟာလာဟင်းလင်း ဖွင့်ထားပြီး ယာတောဆင်းကြတယ်။ ဒါပေမယ့် ဘာ ပစ္စည်းမှ ပျောက်ရှခြင်းမရှိဘူး။ တောင်ယာတွေကိုလဲ စုပေါင်းပြီး လုပ်ကြတယ်။ ဒါကို ကျွန်မက သဘော ကျလွန်းလို့ ကျွန်မတို့ဆီက စာရိတ္တပျက်ပြားနေတဲ့လူတွေအတွက် စံနမူနာယူစရာလေး ဖြစ်ပါစေတော့ဆို တဲ့စေတနာနဲ့ ဝတ္ထုအဖြစ် ကောက်ရေးမိတာပါဘဲ။ ဒါပေမယ့် ကျွန်မရဲ့အကြံက မဟန်တော့ ဝတ္ထုလေးဟာ အပယ်ခံကလေး ဖြစ်သွားရတယ်။ ဟော...ခုတော့ ကျွန်မရဲ့စိတ်ကူးယဉ်ဝတ္ထုထဲက နေရာကလေးမျိုးနဲ့သစ္စာ တရား ကြီးမားတဲ့လူမျိုးတွေဆီကို ခက်ခက်ခဲခဲ ကျွန်မ ရောက်လာခဲ့ရပြီလေ"

ဆန်းကြယ်ထွေပြားသော မိမိ၏အိပ်မက်နှင့်အဖြစ်ကလေးကို နှိုင်းနှိုင်းယှဉ်ယှဉ် စဉ်းစဉ်းစားစား သက်က တစ်လုံးချင်း စီကာပတ်ကုံး ပြောပြလေသည်။

“ဒီနေရာကို ရောက်ဖူးတဲ့လူ သိပ်မရှိသေးလို့ ဆရာမရဲ့ဝတ္ထုကို မယုံကြတာပါဗျ”

“ကျွန်မဝတ္ထုကို လက်မခံတာက အရေးမကြီးပါဘူး။ ဒါပေမယ့် အင်မတန်မှရှိင်းပါတယ်လို့ ကျွန်မတို့မြို့ပေါ်ကလူတွေ ထင်နေတဲ့ဒီလိုနေရာမျိုးတော့ မြို့ပေါ်ကလူတွေကို ရောက်ဖူးစေချင်တဲ့ဆန္ဒတော့ ကျွန်မမှာ တစ်ကယ်ပဲ ရှိတယ်ဗိုလ်ကြီး၊ ဒါမှ (အရိုင်းတွေရဲ့သစ္စာတရား)ဟာ (အယဉ်တွေရဲ့သစ္စာတရားထက်ကြီးမား)တာ မြင်ပြီး စံနမူ ယူနိုင်ကြမယ်”

“ဟုတ်တယ်၊ (စံနမူ)ဆိုတာ တောမှာဘဲဖြစ်ဖြစ် မြို့ပေါ်မှာဘဲဖြစ်ဖြစ် ကြည့်တတ်ရင် ယူနိုင်တာတွေ အများအပြားပေါ့”

ရဲဘော်မြသိန်းသည် သက်၏အပြောကို ထောက်ခံလိုက်လေ၏။

“စကားပြောရတာတော့ ကောင်းပါရဲ့၊ အစောကြီးခရီးဆက်စရာ ရှိသေးတယ်။ လူရော စိတ်ရော အနားယူကြရင် ကောင်းမယ်”ဟုသက်သည် ပြောပြောဆိုဆို စကားစဖြတ်လိုက်ပြီးလျှင် ခြင်ထောင်ကို ဆွဲ၍ချလိုက်လေ၏။ လားသမား ခန္တီးရှမ်းကြီး၏ပျင်းရိလေးတွဲ့လှသော တေးသံသည် ပိုးနံကောင်ကလေးများ၏ ငိုညည်းသံနှင့်အတူ တဖြည်းဖြည်းချင်း သက်၏ဝန်းကျင်မှဆုတ်ခွာ၍ အမှောင်တွင်း၌ နစ်မြုပ်ကာ ပျောက်ကွယ်၍သွားကြလေတော့၏။

× × × × × × × × × × ×

နောင်မွန်းသို့ ဆိုက်ရောက်ခြင်း

စီးမြင်းအဖြစ် သတ်မှတ်၍ ခေါ်ခဲ့သော မြည်းပျိုကလေးသည် လောပန်းကြီး တင်ပေးသောအိပ်ရာလိပ် နှစ်လိပ်ကို ကျောကုန်းပေါ်သို့အရောက်မခံဘဲ ခါ၍ခါ၍ချလေသည်။



ချော၍နေသော တောင်တက်လမ်းပေါ်သို့ လားများကို ဤသို့တွန်း၍ တင်ကြရသည်

လောပန်းကြီးသည် စိတ်တိုစွာ မြည်းပျိုကလေးအား ငေါက်ငန်းလိုက်ရာ မြည်းပျိုသည် ကြောက်လန့်စွာ ခုန်လိုက်လေ၏။ သက်သည် လားသမားနှင့်သူ၏မြည်းပျိုပေါက်ကလေးတို့၏လှုပ်ရှားမှုကို သဘောကျလှသဖြင့် အသံထွက်အောင်ပင် ရယ်မောမိလေတော့၏။

"ဒီအကောင် အားကြီးမကောင်းဘူးဆရာမ၊ သုံးရက်လေးလာတာ သူ့အပေါ်မှာ ဘာမှမထားရဘူး။ ဟိုမြင်းတွေ အားကြီးမောပြီ။ ဒီကနေ့ သူ့ကို ပစ္စည်း နည်းနည်းပေးတယ် သူ မလိုချင်ဘူး...အား...."

လောပန်းကြီးသည် ချစ်စနိုးစွာ သူ၏မြည်းပျိုကလေးအား မြည်တွန်တောက်တီး၍နေလေ၏။

"ဒီနေ့တော့ တောင်တက်လမ်း သိပ်မရှိတော့ဘူး ဆရာမ၊ (ဂိုယားဒမ်းရွာ)ကို ဖြတ်ကျော်မိတာနဲ့ ကျွန်တော်တို့အတွက် မြေပြန့်လမ်းဘဲ ရှိတော့တယ်"

ရဲဘော်မြသိန်းသည် ရိုင်ဖယ်သေနတ်ကို ကျနစွာ ပခုံးပေါ်သို့တင်လိုက်ကာ သက်အား ပြောပြလေသည်။

"ဆရာမ...ငါတို့အပြန် ဒီလမ်းက မပြန်ရင် တော်ပြီကွာ၊ ငါတို့ခြေထောက်လဲ အနာဖြစ်ကုန်ပြီကြည့်စမ်း"



ရဝမ်ရွာရှိ အိမ်စောင့်ကျန်ရစ်ခဲ့ကြသော ရဝမ်ကလေးများနှင့်စာရေးသူ

တောင်ပိုင်းရှမ်းပြည်ဒေသမှ လာခဲ့သော အီကောစစ်သားကြီးသည် ကချင်ပြည်နယ် တောင်တန်းကြီး၏မတ်စောက်ကျဉ်းမြောင်းလှသော လမ်းကို နှစ်ခါပြန်၍ မနင်းဝံ့အောင်ပင် ကြောက်ရွံ့၍နေတော့၏။

"အေးပါကွာ...ဒို့အပြန်(ဘဘော့)(ရပ်ဘော့)လမ်းက ပြန်ကြတာပေါ့၊ ဒါပေမယ့် ကျွတ်ပိုပြီးတော့ ဒီလမ်းထက် ပေါ်သတဲ့"

ဖိနပ်ပေါက်ရာ ကျွတ်ကိုက်ရာတို့ဖြင့် ဆန်ကာပေါက်ကျဲကျဲလျက်ရှိသော အီကောစစ်သားကြီး၏ခြေဖဝါးနှင့်ခြေသလုံးကို လှမ်းကြည့်ကာ သက်၏ရင်၌ ကြင်နာခြင်းအပြည့်ဖြင့် ပြည့်ကျပ်၍လာခဲ့ရလေ၏။


"အမယ်လေး...ကျွတ်တော့ အကိုက်မခံပါရစေနဲ့ဆရာမရယ်၊ ဒီတောင်တက်လမ်းကဘဲ အပင်ပန်းခံပါတော့မယ်"

ရှမ်းအဖွားကြီးသည် မိန်းမသားပီပီ နှလုံးနာစရာကောင်းလှသော ကျွတ်ကောင်နှင့်ရင်မဆိုင်ရဲလောက်အောင်ပင်ဖြစ်၍ နေရရှာသည့်အလျောက် မတ်စောက်သော တောင်တက်လမ်းအတိုင်း ခြေရာဟောင်းကိုနင်း၍ ပြန်ရန် တိုက်တွန်းလိုက်လေသည်။

"ငါတို့ ဒီလမ်းက မပြန်ချင်ဘူးကွာဆရာမ"

ကလေးဆိုးကြီးပမာ အီကောကြီးသည် ရှမ်းအဖွားကြီးအား မျက်စောင်းလှည့်ထိုးရင်းက သက်အား ပူဆာလိုက်ပြန်လေ၏။

"အေးပါကွာ၊ ကြာတယ် သွားကြစို့။ ဟိုကအပြန်မှ စဉ်းစားကြတာပေါ့ ဟုတ်လား"



နောင်မွန်းရောက် ကျန်းမာရေးမှူးဦးအေးကြူနှင့်ဆရာမဒေါ်ခွန်ဒင်၊ တောင်အုပ်ကတော်ဒေါ်ဂလုပ်နာ

ပြောပြောဆိုဆို သက်သည် ငြင်းခုံနေသောသူနှစ်ယောက်ကြားမှ ဖြတ်ကျော်၍ ရွှံ့ဗွက်လမ်းပေါ်သို့ ဆင်းခဲ့လေတော့၏။

ပူတာအိုလွင်ပြင်နှင့်နောင်မွန်းရဝမ်တို့ဌာနေ၏အကြား၌ သဘာဝအုတ်တံတိုင်းကြီးပမာ ကာဆီးလျက်ရှိသော (နိုင်ငွန်ဘွန်)တောင်တန်းကြီးအား ဖြတ်ကျော်ခဲ့ပြီးဖြစ်သော်လည်း ကချင်ပြည်နယ် တောင်တန်းဒေသ၏လမ်းခရီးသည် သက်တို့အား တောင်ကုန်းမြင့်ကလေးများနှင့်တွေ့ဆုံ၍ ပေးနေတုန်းပင် ဖြစ်လေသည်။


သုံးမိုင်ခန့်မျှ တောင်တက်တောင်ဆင်းလမ်းများနှင့်မိတ်ဖွဲ့ကာ ခရီးပြင်းနှင်ခဲ့ရာမှ သက်တို့သည် ဝါးရုံပင်များ ထူထပ်စွာ အုပ်မိုးလျက်ရှိသော စိုထိုင်းထိုင်းလမ်းပေါ်၌ ရောင်းရင်းမိတ်ဆွေကလေးများဖြစ်ကြသော (ဖြုတ်နှင့်ကျွတ်)ကောင်ကလေးများအား တွေ့မြင်နှုတ်ဆက်ရပြန်လေတော့၏။

(ဂိုယားဒမ်းရွာကြီး)သို့ ဆိုက်ရောက်လာသောအခါ နံနက် ၁၀ နာရီရှိပြီဖြစ်ရာ တစ်ရွာလုံး (တောင်ယာတော)ဆီသို့ ထွက်ခွာ၍ သွားကြပြီးဖြစ်သဖြင့် တစ်ရွာလုံး တိတ်ဆိတ်လျက် ရှိတော့၏။

အိမ်ခြေ ၅၀ ကျော်ကျော်ခန့်ရှိသော ဂိုယားဒမ်းရဝမ်ရွာကြီးသည် အိမ်ကြီးရခိုင်နှင့်ကျယ်ဝန်းလှလေသည်။

လူသံ သူသံကင်းသော အိမ်ကြီးတစ်ဆောင်၌ အိမ်စောင့်ကျန်ရစ်ခဲ့ဟန်တူသော ၈ နှစ်ရွယ်ခန့်ကလေး မလေးတစ်ယောက်သည် အဖြူနှင့်အနက်ပြောက်နေသောလျက်ရှိသော တောကြောင်ခေါင်းခြောက်နှစ်လုံးကို ကြိုးဖြင့် ချည်နှောင်၍ တဒေါက်ဒေါက် ဆွဲလှုပ်ရင်း ဝင်းခြံတွင်းရှိ (ဇရက်အုပ်)များကို ခြောက်လှန့်သံပေး၍နေ၏။

သက်သည် ကလေးမကလေးအား ကြည့်ကာ မသက်မသာ သက်ပြင်းတစ်ချက် ချလိုက်မိလေသည်။




အကာအရံကင်းမဲ့သော (တောင်ခြေမဆားဒပ်)တည်းခိုရေးစခန်း

ဂိုယားဒမ်းရွာနှင့်တဖြည်းဖြည်း ဝေးကွာ၍ လာလေ လူသွားလမ်းသည် နန်းမြေနှင့်ရွှံ့စေးများ ရောထွေး၍လာခဲ့လေသည်။ လမ်းသည် သိပ်သည်းထူထပ်သောဝါးရုံပင်အုပ်များနှင့်ကင်းကွာ၍ လာသောအခါ (နမ့်တီးဆံမြစ်)၏လှပသော ကမ်းစပ်ဆီသို့ နိမ့်ဆင်း၍သွားခဲ့လေ၏။

စိမ်း၍ပြာနေသော နမ့်တီးဆံမြစ်သည် နမ့်တီးချောင်းလောက် ကြည်လင်ခြင်း မရှိလှသော်လည်း သက်တို့စီးနင်းလိုက်ပါလာသော သစ်လုံးထွင်းလှေကလေး၏အောက်ဆီ၌ ချာချာလည်၍ ကျန်ရစ်ခဲ့တတ်သော ဂယက်ဖွေးဖွေးများနှင့်အတူ ကျောက်စရစ်လုံးချောချောကလေးကိုမူကား ထိုးဖောက်၍ မြင်ရလေသေး၏။

ပန်နမ်းဒင်မြို့အုပ် ဗိုလ်ကြီးတင်မောင်ရွှေနှင့်နောင်မွန်းမြို့ပိုင် ဗိုလ်ညွန့်မောင်လေးတို့သည် နယ်ခြားဝန်ထောက်နှင့်အတူ ပါလာသည့်ဧည့်သည်များကို မြင်လျှင် မြစ်နဖူးရှိ ဗိုလ်တဲပေါ်မှအပြေးအလွှားပင် ပြေးဆင်း၍လာကြလေသည်။

တိုင်းရင်းသားကလေးများနှင့်နယ်ခြားရောက်စစ်သည်တော်တို့သည် နယ်ခြားဝန်ထောက်နှင့်အတူ တောင်တန်းအထပ်ထပ်ကို ကျော်ဖြတ်၍ လိုက်ပါလာကြသော အမျိုးသမီးနှစ်ယောက်အား အံ့သြသော မျက်နှာ၊ မေးခွန်းပေါင်းစုံစသော မျက်လုံးများဖြင့် ဝိုင်းအုံကာ ကမ်းညွှတ်မတတ် ကြည့်ကြ၏။



နောင်မွန်းရွာမှသမဝါယမ ကွန်ကိုးဆိုင်

သက်သည် သစ်လုံးထွင်းလှေပေါ်မှ ကမ်းစပ်ပေါ်သို့ခုန်ဆင်းလိုက်လေသည်။ အေးမြသောမြစ်ရေသည် အထက်သို့ စင်တက်၍လာကာ နေပူကျကျဲ၌ လျှောက်ခဲ့ရသူ သက်၏မျက်နှာကလေးအား တယုတယ ထိတွေ့ကာ နှုတ်ဆက်လိုက်လေ၏။



ခေတ်ရဝမ်ဝတ်စုံနှင့်ရဝမ်အမျိုးသမီးများ

× × × × × × × × × × × × × × × × ×

"ဒြေ့သည်အမျိုးသမီးစာရေးဆရာမနဲ့ဗိုလ်ကြီးတို့ ရောက်လာကြမယ်လို့ကြားတာ ၃ ရက် ၄ ရက်ရှိသွားပါပြီ။ ကျွန်တော်တို့တောင် ဝက်သားကို ကြံဖန်ရှာပြီး ချက်ထားကြသေးတယ်။ ဗိုလ်ကြီးတို့ ရောက်မလာလို့ ဒီမနက်ပဲ သွန်ပစ်ရတယ်"

ဆွယ်တာအင်္ကျီလက်ရှည်ပွယောင်းယောင်းနှင့်ဂန္ဓာလရာဇ်ပြည်ထွက် အဝါရောင်ခြေအိတ်ရှည်ကြီးကို ပုဆိုးအောက်၌ ဝတ်ဆင်၍ထားသော ပန်နန်းဒင်မြို့အုပ် ဗိုလ်ကြီးတင်မောင်ရွှေသည် ဝမ်းသာအယ်လဲ နယ်ခြားဝန်ထောက်အား ပြောပြ၍နေလေသည်။

"ဟုတ်တယ်ခင်ဗျ၊ ဒီကဆရာမဒေါ်ချွန်ဒင်(ကွယ်လွန်သူ ကချင်ပြည်နယ်ဝန်ကြီးဦးဂျီးထိန်နန်း၏သမီး)နဲ့ရဝမ်အမျိုးသမီးတွေကလဲ ဗမာပြည်က အမျိုးသမီးစာရေးဆရာ ဒီကို အလည်အပတ်ရောက်မယ်ဆိုလို့တဲ့၊ တွေ့ရအောင် ပြင်ဆင်နေကြပါတယ်"

နောင်မွန်းမြို့ပိုင် ဗိုလ်ညွန့်မောင်လေးသည် စစ်ဘောင်းဘီကြီးနှင့်ရှက်ကိုးရှက်ကန်း ထိုင်နေသော သက်အား လှမ်း၍ အကဲခတ်ရင်းက ပြောလိုက်ပြန်လေ၏။

"ကျွန်တော်တို့ ပူတာအိုက ထွက်တာ နောက်ကျလို့ပါ၊ ဘယ့်နှယ်လဲ ဗိုလ်ကြီးတို့ပန်နန်းဒင်က ဘယ်တုန်းက ထွက်လာခဲ့ကြတာလဲ၊ အခြေအနေကော အစစအဆင်ပြေရဲ့လား"

နယ်ခြားဝန်ထောက်သည် စစ်ဖိနပ်ကြီးကို ကုန်း၍ချွတ်ရင်းက သူ၏နယ်ဖြစ်သော နောင်မွန်းတောင်အုပ်ပိုင်နယ်၏အခြေအနေကိုပါ တစ်ဆက်တည်းရောနှော၍ မေးကာ ဖြေလိုက်လေ၏။

"မိုးသိပ်ကြီးတော့ တောင်တွေ အားကြီးပြိုတယ်၊ ကျွန်တော်တို့ လားလမ်းကို ဘယ်လိုမှ ချဲ့ထွင်ပြုပြင်လို့ မရနိုင်သေးဘူး။ ဒီကိုလာတာတောင်မှ ချောက်ကမ်းပါးအစွန်းတွေမှာ ကုပ်ကပ်ပြီး မျောက်များလို ကူးခဲ့ရတာပဲ"

"တစ်ကယ်ဆိုးတာ ဗိုလ်ကြီးရဲ့၊ ကျွန်တော်တောင် အတော်စဉ်းစားနေတယ်။ ကျွန်တော်တို့ဆီက မြေပြန့်သူတစ်ယောက် မိုးရာသီ တောင်ပေါ်ခရီးလှည့်လာတာ ဖြစ်ပါ့မလားလို့လေ။ ခုတော့ သုံးတောင့်ထွာ ထဘီဝတ်တဲ့သူတွေတောင် ပေ ၇၀၀၀ နီးနီးရှိတဲ့တောင်ထိပ်ဖျားကို ရောက်လာခဲ့တယ်ဆိုတော့ ကျွန်တော်တို့ဒီနယ်ခြားဒေသမှာ ဘယ်လောက်ကြာကြာဘဲ နေရနေရ မညည်းတော့ဘူး"

ဗိုလ်ညွှန့်မောင်သည် အရွယ်ရင့်သော ရှမ်းအဖွားကြီးနှင့်အရွယ်ငယ်သော သက်အား ကြည့်ကာ ဂုဏ်ယူသောဟန်ဖြင့် ပြောလိုက်ပြန်ရာ ခရီးပန်းလာသူမိန်းမသားနှစ်ယောက်သည် ပုထုဇဉ်လူသားပီပီ ဘဝင်မြင့်မတတ်ပင် အမောများ ပြေလျော့၍ သွားရလေတော့၏။

"ဗိုလ်ကြီးရယ် ဒီလောက်လဲ မမြှောက်ပါနဲ့၊ ကျွန်မတို့အနေနဲ့ ဘဝင်မြင့်ရမလိုဘဲ ဖြစ်နေရပြီ စင်စစ် ကျွန်မတို့ အခုလို နယ်ခြားဒေသမှာလာပြီး ပင်ပင်ပန်းပန်းစာရေးဆရာတို့ရဲ့လေ့လာလိုတဲ့စိတ်နဲ့ သွားလာနေကြပေမယ့် မိန်းမသားဖြစ်နေလေတော့ အချို့ရဲ့အမြင်မှာ ကျွန်မတို့ကို သိမ်မွေ့တယ်ဆိုတဲ့ဂုဏ်ပုဒ်ချိုးဖောက်နေတယ်ဆိုပြီး ရှုံ့ချင်ရှုံ့နေကြမှာဘဲလို့ ကျွန်မတွေးမိပါတယ်"

"အဲဒါ အစ်မကြီး မှားတာဘဲ၊ မော့စ် အမေရိကန်သာသနာပြုအဖွဲ့က (မစ္စဒေါရိုသီစတာလင်)ဆိုတဲ့ အမျိုးသမီးဟာ တိုင်းပြည်အသီးသီးက အားကျပြီးနေတဲ့အမေရိကားပြည်ကြီးကို စွန့်ခွာခဲ့ပြီး ဒီရေခဲတောင်တန်းမှာရှိတဲ့ခေါဘိုတဲ လီစူးရွာငယ်ကလေးမှာလာပြီး စံပြဥယျာဉ်တွေ၊ ဆေးပေးဌာနတွေ၊ စာသင်ကျောင်းတွေဖွင့်ပြီး သာသနာပြုလုပ်ငန်းတွေကို မိန်းမသားတန်မဲ့နဲ့ လုပ်ကိုင်ပေးနေတာ ဘယ်သူက ဘာပြောသလဲ'

"သူများတိုင်းပြည်က အားပေးတယ်ဗိုလ်ကြီးရေ့၊ ကျွန်မတို့ဆီက မရဘူး၊ ဒါကြောင့်မို့လို့လဲ ကျွန်မတို့တိုင်းရင်းသား ဆွေမျိုးသားချင်းတွေဟာ ကျွန်မတို့ကို သိပ်မသိကြတာပေါ့၊ ကျွန်မတို့ကလဲ သူတို့ကို မသိမမြင်ခဲ့ရဘူး မဟုတ်လား"

သက်သည် မခံချိမခံသာ ဖြစ်နေသော ဗိုလ်ညွှန့်မောင်လေးအား လေအေးအေးဖြင့် ဖြေလိုက်၏။

"ကျွန်မတော့ တစ်ကယ်ဘဲ နိုင်ငံခြားသာသနာပြုကို ဘာဘဲဖြစ်ဖြစ် ကျေးဇူးတင်ရမှာဘဲ၊ သူတို့ဒီမှာလာပြီး တစ်ကယ်ဒုက္ခခံယူနိုင်ကြတာဘဲ"

"အိုဗျာ... ကျွန်တော်တို့ဆီကလဲ တစ်နေ့သောအခါမှာ ဒီလိုဘဲ စွန့်စားမယ့်(Mission)အဖွဲ့မျိုး ရှိလာဦးမှာပေါ့"

ဗိုလ်ညွှန့်မောင်သည် စိတ်အားထက်သန်စွာ ရေရွတ်လိုက်လေ၏။

"ရှိရုံတင်မကတော့ဘူးဗိုလ်ကြီး၊ ပြည်နယ်အစိုးရရဲ့ဖိတ်ခေါ်ချက်အရ ပြည်မအစိုးရရဲ့သားကောင်းဖြစ်တဲ့ဗိုလ်ကြီးတို့နယ်ခြားအုပ်ချုပ်ရေးဌာနက ဒီကိုရောက်ရှိနေကြပြီ မဟုတ်လား၊ ဗိုလ်ကြီးတို့တပ်မတော်သားတွေက သားမယားနဲ့တကွ ရင်သွေးကလေးတွေကိုပါ ပြည်မမှာ ထားခဲ့ကြရတာဘဲ၊ ပျော်ပွဲရွှင်ပွဲဆိုတာတွေကိုလဲ မေ့ထားခဲ့ရတယ်။ စားကောင်းသောက်ဖွယ်ဆိုတာကလဲ အိပ်မက်ထဲမှာဘဲ မြင်ရစားရတော့တယ်။ ကဲ...ဒီထက်ကောင်းတဲ့(Mission)အဖွဲ့ ရှိဦးမလား"

အားလုံးသောတပ်မတော်သားလေးများ၏မျက်နှာသည် တက်ကြွသော အပြုံးကလေးများဖြင့် ဝင်းထိန်၍လာခဲ့ကြလေ၏။

"ဆရာမက သိပ်အပြောကောင်းတာဘဲ၊ စာရေးဆရာ မလုပ်ဘဲ ဒီနယ်အတွက် စိတ်ဓာတ်ရေးအရာရှိလာလုပ်ပါလား"

နယ်ခြားရောက် ပြည်စောင့်စစ်ရဲမှအရာခံဗိုလ်ကလေးသည် သက်အား ပြုံးပြုံးကြီးပြောလိုက်လေရာ သက်သည် အားရပါးရပြုံးလိုက်ကာ ထိုင်ရာမှထလိုက်လေ၏။

"ဟုတ်ကဲ့... ကျွန်မကို နိုင်ငံတော်အစိုးရက ဒီအလုပ်နဲ့ နင်နဲ့တန်တယ်လို့ ပြောတဲ့နေ့ကျရင် ကျွန်မ လာခဲ့ပါ့မယ်၊ ခုလောလောဆယ်တော့ ကျွန်မကို ခွင့်ပြုပါဦး"

ပြောပြောဆိုဆို သက်သည် မိမိအတွက် ပေးထားသောအခန်းတွင်းသို့ ဝင်ရောက်သွားလေတော့၏။

× × × × × × × × × × × × × ×

ဝတ်စုံဖြူနှင့်အမျိုးသမီး

မှိုင်းညို့သောတောင်ထိပ်ချွန်းများ၏ထိပ်ဖျားဆီ၌ ဖုံးအုပ်၍နေကြသော မိုးတိမ်ဖွေးဖွေးတို့သည် နေရောင်ဖြင့် ထိတွေ့မိကာ အေးစက်သော မိုးထက်သို့အပူဓာတ်မှ ကင်းဝေးရန် ဆုတ်ခွာ၍ ပြေးတက်ကြလေ၏။

ထွက်ပေါ်လာစ သူရိန်မင်း၏လက်တံကလေးများသည် မြေပုံညွှန်း အင်တီ(၅၅၈၃)ရှိ (ရှဂရင်းဂါးရွာ) (ကောင်းလူတောင်အုပ်ပိုင်နယ်)ဘက်ဆီသို့ အပြေးအလွှား စီးဆင်းလျက်ရှိသော နမ့်တီးဆံမြစ်ရေစိမ်းပြာပြာအား ပွေ့ဖက်၍ထားကြလေ၏။

ရဝမ်တို့စံပျော်ရာ နောင်မွန်းရွာမြောက်ဘက်ဆီမှ မောင်းသံတစ်ခုသည် တဒူဒူ ထွက်ပေါ်လာခဲ့လေသဖြင့် သက်သည် ပိတ်ထားသော တဲပြူတင်းကို ဒုတ်ချောင်းကလေးဖြင့် ထောက်ကာ ကတိုက်ကရိုက်ကလေး ဖွင့်လိုက်လေ၏။

ဝတ်စုံဖြူများနှင့်တိုင်းရင်းသားရဝမ်အမျိုးသမီး အမျိုးသားတို့သည် အိမ်မှဆင်းသက်၍ လာကြကာ တစုတဝေးကြီးပင် မောင်းသံထွက်ပေါ်ရာ ရွာ၏မြောက်ဘက်ဆီသို့ ထွက်ခွာသွားကြသည်ကို တွေ့မြင်ရသဖြင့် သက်သည် တဲအပြင်ဘက်သို့ အပြေးထွက်၍ လာခဲ့လေ၏။

"ဗိုလ်ကြီး...ဗိုလ်ကြီး... ရွာထဲက ဘာပွဲရှိတာလဲ မသိဘူး။ ဝတ်ကောင်းစားလှနဲ့လူတွေ ဟိုဘက်ကို အများကြီးဘဲ သွားကြတယ်။ ကျွန်မ ဓာတ်ပုံသွားရိုက်ယူချင်တယ် ဖြစ်မလား"

"အား..."

နယ်ခြားဝန်ထောက်သည် အလုပ်စားပွဲ၌ အငုံ့သား အလုပ်ရှုပ်၍နေရာမှ အပျင်းဆန့်ကာ သက်အား မော်ကြည့်လိုက်လေ၏။

"ဒီနေ့ တနင်္ဂနွေနေ့လေ ဆရာမ၊ သူတို့ဘုရားရှိခိုးကျောင်း သွားတက်ကြတာပေါ့"

"ဟင်..."

သက်သည် တအံ့တသြကြီးဖြစ်၍ သွားရပြန်လေ၏။

"ဟုတ်တယ်ဆရာမ... ဒီမှာ အရင်ကလို နတ်ကိုးကွယ်တဲ့လူတွေ မရှိကြတော့ဘူး၊ အရက်လဲ လုံးဝ မသောက်ကြတော့ဘူး။ မကောင်းတဲ့အလုပ်ဆိုရင် ဘာမှမလုပ်ကြရဘူးဗျ၊ စာရိတ္တဘက်မှာတော့ ပြောစရာ မရှိအောင် သိပ်ကောင်းကြပါတယ်။ တနင်္ဂနွေနေ့ဆိုရင် ဘုရားကိစ္စကလွဲလို့ ဘာမှမလုပ်ကြဘူးဆရာမ၊ ဆိုင်တွေပိတ်ထားကြပြီး တောင်ယာလဲ မဆင်းကြဘူးခင်ဗျ"

တအံ့တသြကြီး မြင့်တက်၍သွားခဲ့ရသော သက်၏မျက်ခုံးနှစ်ဘက်သည် တဖြည်းဖြည်း လျော့ရဲ၍ နဂိုရှိနေရာသို့ပြန်၍ ကျလာခဲ့လေသည်။

"ကျွန်မတော့ ဘာဘဲပြောပြော ဒီကလူတွေ ဘာသာရေးကအစ အဘက်ဘက်မှာ ညီညွတ်တာကို တွေ့ရလို့ သိပ်ကိုဘဲ ချီးမွမ်းမိတယ်"

"ဘွမ်ဒူးဝါး ရှိပါသလားရှင်"

ရုံးလှေကားမှတက်လာသော ခြေသံနှင့်အတူ ဗမာသံပီပီသသနှင့်အမျိုးသမီးတစ်ယောက်၏အသံ ထွက်ပေါ်၍လာခဲ့လေသဖြင့် သက်၏ဦးခေါင်းကလေးသည် ချာကနဲနေအောင် ရုံးလှေကားဘက်ဆီသို့လည် ၍သွားလေတော့၏။

အသံရှင်အမျိုးသမီးသည်အနီနှင့်အနက်ပြောက်ကလေးများဖောက်ထားသောအနားမြိတ်နှင့်ဖြူဆွတ် သောထဘီကို ဝတ်ဆင်၍ထားသော ကတ္တီပါနက်ရောင်အင်္ကျီလက်ရှည်နှင့်ပြုံးပြုံးရယ်ရယ် ရုံးခန်းတွင်းသို့ ဝင်ရောက်၍လာခဲ့လေ၏။

"ထိုင်ပါ...ထိုင်ပါ...ဆရာမဒေါ်ခွန်ဒင်နဲ့ကျွန်တော်တို့ဆီက ဒေ့သည်စာရေးဆရာမဒေါ်ခင်သက်နဲ့ မိတ်ဆက်ပေးရဦးမယ်"

နယ်ခြားဝန်ထောက်သည် ဧည့်သည်အား ကုလားထိုင်ထိုးပေးလိုက်ရင်း တစ်ဆက်တည်း သက်နှင့် မိတ်ဖွဲ့ပေးလေသည်။

"ဆရာမ...ဒါ...ကွယ်လွန်သူ ဝန်ကြီးဦးဂျီးထိန်နန်းရဲ့သမီး ဆရာမဒေါ်ခွန်ဒင်ပါ။ ဗန်းမော်က ဒီကို ရောက်နေတာပေါ့"

သက်သည် ဝမ်းသာလှိုက်လှဲသောအပြုံးဖြင့် ဒေါ်ခွန်ဒင်၏လက်ကို ဆုပ်ကိုင်လိုက်လေ၏။

"ဆရာမကြီးနဲ့ခုလိုတွေ့ရတာ ကျွန်မ သိပ်ဝမ်းသာတယ်။ တစ်အားလဲတက်တယ်။ ကျွန်မ ဒီရောက်လာတာ အတော်ကိုဘဲ ကြာနေပြီ။ ဗမာစကား မပြောရတာလဲ ကြာပါပြီ"

"ကျွန်မလဲ သိပ်ကို ဝမ်းသာတယ်ဒေါ်ခွန်ဒင်၊ ဒီလိုနေရာမှာ ဗမာစကားတတ်တဲ့လူနဲ့တွေ့ရတာ ဘယ်လိုဝမ်းသာရမှန်း မသိဘူးရှင့်"

ဝမ်းသာအယ်လဲ သက်သည် စိတ်တွင်းမှ ခံစားချက်ကို ထုတ်ဖော်၍ပြောမိလေသည်။

"ကျွန်မတို့နောင်မွန်းက (မိခင်နှင့်ကလေးများစောင့်ရှောက်ရေးအဖွဲ့ အမျိုးသမီးအဖွဲ့)က ဆရာမကြီးနဲ့ သိပ်ကိုဘဲ မိတ်ဆွေဖြစ်ချင်နေကြလို့ ကျွန်မ အခုဆရာမကို လာဖိတ်ရတာပါ"

မျှော်လင့်ထားသည်ထက် နောင်မွန်းရဝမ်ရွာသည် အဆင့်အတန်းမြင့်လှစွာ ခေတ်မီလျက်ရှိသည်ကို တွေ့ရသည့်အတွက် သက်၏ရင်ခုန်ဝမ်းသာခြင်းဖြင့် လှိုက်တက်၍ လာခဲ့လေတော့သည်။

မိုးရေစွတ်သောမြေဇာမြက်ခင်းပြင်ကြီးပေါ်မှ ဖြတ်၍ လျှောက်လာခဲ့ကြသော အမျိုးသမီးနှစ်ယောက်သည် ကြာမြင့်စွာက ကွဲကွာ၍ သွားခဲ့ရာမှ ပြန်လည်၍ ဆုံတွေ့ရသော ညီမနှစ်ဖော်ပမာ စကားတွေဖောင်ဖွဲ့၍ လာခဲ့ကြလေသည်။

"ရှေးတုန်းကတော့ ရဝမ်ယောကျ်ားတွေ ဆံပင်ရှည်ထားပြီး သျှောင်ကို ထိပ်လယ်မှာ ထုံးထားတတ်တယ်လို့ပြောပါတယ်။ အမျိုးသမီးတွေတော့ ဂျပန်ဆံတောက်ဆန်ဆန်(Bob Hair)တွေနဲ့နေကြတယ်လို့ဒီကရှေ့မီနောက်မီ အဖွားကြီးတွေက ပြောတာဘဲဆရာမ...ရဲ့"

"အဝတ်ဖြူကိုကော ဘာပြုလို့ အမြတ်တနိုးဝတ်ကြတာလဲ။ ကျွန်မ သိပ်သိချင်တာဘဲ"

သက်သည် မမောတမ်း စိတ်ရှည်လက်ရှည် ဖြေ၍နေသူအား မမောတမ်း စကားဖြတ်၍ ဖြတ်၍မေးတတ်ပြန်လေသည်။

ဆရာမဒေါ်ခွန်ဒင်သည် စဉ်းစားသလို တွေ၍သွားလေ၏။

"ဒါကိုတော့ ကျွန်မသိပ်မသိဘူးဆရာမ၊ ဒါပေမယ့် "ရဝမ်"(Rawang)ဆိုတဲ့အဓိပ္ပါယ်ကို ကျွန်မသိသလောက် ပြောပြရမယ်ဆိုရင် (အဝတ်ဖြူဝတ်တဲ့လူမျိုး)လို့အဓိပ္ပါယ်ရတာဘဲ"

"ရဝမ်-ဝတ်စုံဖြူနှင့်လူမျိုး၊ သြော်...ဒါကြောင့် သူတို့လူမျိုးကို (ရဝမ်)ရယ်လို့ တင်စားပြီးခေါ်ထားတာ ထင်ပါရဲ့နော် ဒေါ်ခွန်ဒင်"

သက်သည် စာတတ်ခါစ ခလေးမကလေးပမာ ဒေါ်ခွန်ဒင်၏စကားများကို လိုက်၍ရွတ်ဆိုရင်းက မေးလိုက်ပြန်လေသည်။

"ဟုတ်ပါလိမ့်မယ်ဆရာမ၊ ဒါပေမယ့် အခုတော့ အဝတ်ဖြူတွေကို ပွဲကြီးလမ်းကြီးတွေကျမှ အမြတ်တနိုးဝတ်ကြတယ်။ အိမ်နေရင်း အရင်ကလိုတော့ ဝတ်လေ့မရှိကြတော့ပါဘူး"

"ဘာပြုလို့လဲ"

"အခုခေတ် အဝတ်က အဝတ်ရလွယ်တယ်၊ ပြီးတော့ သိပ်လဲ အကုန်အကျမများလှဘူး။ ရဝမ်အမျိုးသမီးတွေရဲ့လုံချည်နဲ့အင်္ကျီက ရက်ရတာ အချိန်လဲ ကုန်တယ်။ ဈေးလဲကြီးတယ်ဆရာမရဲ့။ ဒီနေ့ ရှေးအဝတ်နဲ့အမျိုးသမီး အမျိုးသားအချို့ကို ဆရာမ မြင်ရမယ်လေ"

ဒေါ်ခွန်ဒင်၏စကား ဆုံး၍သွားသောအခါ သက်သည် ရဝမ်လူမျိုးများ၏အကြောင်းကို တွေးရင်းတိတ်ဆိတ်စွာ လိုက်ပါ၍လာခဲ့လေ၏။

အသားဖြူဖြူမျက်ခုံးနက်နက်နှင့်အမျိုးသမီးတစ်ယောက်ဒေါ်ခွန်ဒင်နှင့်အတူဘုရားရှိခိုးခန်းမဆောင်တွင်းသို့ ဝင်ရောက်၍လာသောအခါ ငြိမ်သက်စွာ စုရုံး၍ထိုင်နေကြသော ရဝမ်ကလေးလူကြီးအားလုံးတို့သည် ဖော်ရွေသောအကြည့်များဖြင့် သက်ကို ခရီးဦးကြိုပြုကြလေသည်။

မိမိအတွက် သတ်မှတ်ထားသော စားပွဲတစ်လုံးနှင့်ကုလားထိုင်၌ ထိုင်မိသောအခါ သက်သည် ငြိမ်သက်စွာ ထိုင်၍နေကြသူတစ်စုအား မသိမသာ လှမ်း၍ အကဲခတ်မိလေသည်။

အချိန်နှင့်ခေတ်များ တစ်ခေတ်ပြီးတစ်ခေတ် ပြောင်းလဲ၍လာခဲ့သည်နှင့်အမျှ လူတို့၏ဆင်ယင်ထုံးဖွဲ့မှု နေထိုင်ပြောဆိုမှုတို့သည်လည်း ပြောင်းလဲ၍ လာခဲ့ရ၏။

သက်ရှေ့တူရူ၌ ဣန္ဒြေရရထိုင်၍နေကြသော ရဝမ်လူမျိုးယောကျ်ားမိန်းမအားလုံးတို့သည် ခေတ်နှင့်လျော်ညီစွာ ဆင်ယင်ဝတ်စား၍ ထားကြ၏။ လူ ၁၀ ယောက်၌ ၅ ယောက်ခန့်သည် မြန်မာတိုက်ပုံ ပိုးလုံကွင်းနှင့်ဖြစ်ကာ ကျန် ၄ ယောက်တို့က ဖင်ကျပ်ဘောင်းဘီ အမေရိကန်အရှူးချီးပန်းမင်းသားအဆိုကျော်ပရက်စလေ၏ဘိုကေနှင့်ဖြစ်၍ နေကြ၏။

အမျိုးသမီးကလေးများသည် ရိုးရာမပျက် လုံချည်အဖြူကို ဝတ်ဆင်၍ ထားကြသော်လည်း အပေါ်ပိုင်း၌မူ (ဂျင်းဖောကချင်အမျိုးသမီး)များကဲ့သို့ လှပသော ကတ္တီပါရင်ဖုံးအင်္ကျီအနက်ရောင်များကို ဝတ်ဆင်၍ ထားကြလေသည်။ အချို့သောအမျိုးသမီးကလေးများသည် ပွင့်ရိုက်ထဘီကလေးများနှင့်နိုင်လွန်လက်ပြတ်များကို အမြတ်တနိုးဝတ်ဆင်လျက် ရှိကြ၏။

(ပူတာအို)ရှိရဝမ်လူမျိုးများနှင့်အစစ ကွာခြား၍နေသော နောင်မွန်းရွာရှိ ရဝမ်တို့၏တိုးတက်ပြောင်း

လဲမှုကို သက်သည် ဝမ်းသာစွာ လက်ခံရမလို ရှေးရိုးရာ ဆင်ယင်ထုံးဖွဲ့မှု ပျက်သုဉ်း၍ ဝမ်းနည်းရမလိုနှင့် ရင်၌ မရေရာသော ခံစားမှုတစ်ရပ် ကပ်ရောက်၍လာခဲ့လေတော့၏။



ရဝမ်အမျိုးသမီး မိခင်နှင့်ကလေးများ စောင့်ရှောက်ရေးအဖွဲ့ဝင်များ

"ကျွန်မတို့ အခုမိတ်ဆက်ပွဲကို စတင်ပါတော့မယ်၊ ပထမဦးဆုံး ရန်ကုန်က ကြွရောက်လာတဲ့စာရေး ဆရာမဒေါ်ခင်သက်နဲ့ကျွန်မတို့ဆီက အမျိုးသမီးများနဲ့မိတ်ဆက်ပေးပါရစေ"

ဆရာမဒေါ်ခွန်ဒင်၏ယဉ်ကျေးလှသော ဗမာဘာသာကို ကြားရသည့်အတွက် အတွေး၌ နစ်မျော၍ နေမိသူသည် ဆက်ကနဲ ခေါင်းကလေးမော်၍ လာခဲ့ရလေ၏။

ဒေါ်ခွန်ဒင်သည် ရဝမ်ဘာသာဖြင့် အမျိုးသမီးများ၏အမည်ကို ရွတ်ဖတ်၍ ပြပြီးတိုင်း မြန်မာလို လှည့်၍ သက်အား ပြောပြရပြန်လေသည်။ ရဝမ်အမျိုးသမီးကလေးများသည် ထိုင်ရာမှထ၍ ရပ်နေသော သက်ထံသို့ လာရောက်၍ တစ်ဦးချင်း လက်ဆွဲနှုတ်ဆက်ကြရှာလေ၏။

"ဒုတိယအစီအစဉ်အရ ဆရာမကြီးကို မိန့်ခွန်းပြောကြားဖို့ မပန်ကြားခင် ကျွန်မတို့(မိခင်နဲ့ကလေး များစောင့်ရှောက်ရေး–အမျိုးသမီးအဖွဲ့)ရဲ့ကိုယ်စား ကျွန်မက ဆရာမကြီးကို မေတ္တာရပ်ခံပြီး စကားပြောချင် ပါတယ်။ ကျွန်မတို့ ဒီအမျိုးသမီးအဖွဲ့ကို ၂၉–၁၂–၅၆ ခုနှစ်ကစပြီး အခက်အခဲပေါင်းများစွာနဲ့ ဖွဲ့စည်းခဲ့ရပါ တယ်။ အစိုးရမင်းများရဲ့ကူညီမှုကိုလဲ ရခဲ့ပါတယ်။ ဒါပေမယ့် ကျွန်မတို့ဟာ အခက်အခဲပေါင်းစုံကို ရင်ဆိုင် နေရတုန်းမို့ ဆရာမကြီး ရန်ကုန်ပြန်ရောက်တဲ့အခါ ကျွန်မတို့နယ်စပ်ဒေသ နောင်မွန်းရွာမှာရှိတဲ့(မိခင်နှင့် ကလေးများ စောင့်ရှောက်ရေးအဖွဲ့)အတွက် (သားဖွားဆရာမ–အာယား–ဆေးဝါး–စောင်–အိပ်ရာခင်း–နို့ မှုန့်)စတဲ့လိုအပ်ချက်များကို ပေးပို့လှူဒါန်းကူညီကြပါရန် ဝတ္ထုဆောင်းပါးနဲ့ဖြစ်စေ နှုတ်နှင့်ဖြစ်စေ မေတ္တာ ရပ်ခံပေးပါရန် တောင်းပန်ပါတယ်"

မြန်မာစကားကို ယဉ်ကျေးချိုသာစွာ ပြောနိုင်သော ဂျင်းဖောအမျိုးသမီး ဒေါ်ခွန်ဒင်သည် စကားကို အဆုံးသတ်လိုက်ကာ သက်အား စကားပြောရန် ပန်ကြားလိုက်လေ၏။

သက်သည် ယောင်ချာချာကလေး ထိုင်ရာမှထလိုက်ကာ ရဝမ်ဘာသာစကား မတတ်သည့်အတွက် သူမအား မြန်မာလို ပြောခွင့်ပြုရန် တောင်းပန်လိုက်ပြီးလျှင် နောင်မွန်းရွာသူ ရဝမ်အမျိုးသမီးထုကြီးအား မိမိကို ချစ်ကြည်ရင်းနှီးစွာ မိတ်ဆက်ပွဲ ကျင်းပ၍ ကြိုဆိုကြသည့်အတွက် ကျေးဇူးတင်ကြောင်း မပြောကြားမီ မိမိအား ကြာမြင့်စွာက ကွဲကွာ၍နေသော မိမိတို့၏ညီမလေးတစ်ယောက် ရပ်ဝေးမှပြန်လည်၍ရောက်ရှိလာသလို သဘောထား၍ ဤ(ရဝမ်တို့စံရာ နောင်မွန်းရွာ)၌ လက်ခံထားရန် ပန်ကြားလိုကြောင်းကို ဦးစွာ ပြောကြားလိုကြောင်းနှင့်အမျိုးသမီးအချင်းချင်း လူမျိုးမခွဲ ဘာသာမခွဲ ချစ်ကြည်ရင်းနှီးစွာနှင့်ကူညီယိုင်းပင်းကြရန်ကို မေတ္တာရပ်ခံလိုက်ပြီးလျှင် မိမိရန်ကုန်ပြန်ရောက်က (နောင်မွန်းမိခင်နှင့်ကလေးများ စောင့်ရှောက်ရေးအမျိုးသမီးအဖွဲ့)၏လိုလားချက် အထမြောက်စေရန် အဖွဲ့အစည်းများနှင့်တကွ သက်ဆိုင်ရာပြည်နယ်အစိုးရအား တင်ပြမေတ္တာရပ်ခံပေးမည်ဖြစ်ကြောင်းနှင့်မိမိမမျှော်လင့်မိသော မြစ်ဝှမ်းပေါင်းမြောက်များစွာနှင့်တောင်တန်းပေါင်းအထပ်ထပ် ကာရံဆီးလျက်ရှိသော(နောင်မွန်းရွာ)၌ တိုးတက်မှုအဖြာဖြာကို တွေ့ရသည့်အတွက် ဝမ်းသာသည့်ကြားက ဂုဏ်ယူ၍မဆုံး ဖြစ်ရကြောင်းများကို ပြောကြားလေသည်။

သက်၏စကားများကို နားမလည်ကြသော်လည်း ဘာသာပြန်ကောင်းလှသော ဆရာမဒေါ်ခွန်ဒင်ကြောင့် ရဝမ်အမျိုးသမီးများထံမှ လက်ခုပ်သံများ ဆူညံစွာ ထွက်ပေါ်၍လာခဲ့လေ၏။

အိပ်မက်နိုင်ငံတွင်းသို့ ယောင်ချာချာ ရောက်လာခဲ့ရသူပမာ သက်သည် ဝတ်စုံဖြူနှင့်ရဝမ်အမျိုးသမီးကလေးများ၏လက်ခုပ်သံကြားဝယ် ကျေနပ်ခြင်း၊ ကြည်နူးခြင်းဖြင့် ကြက်သီးကလေးများ ဖြန်းဖြန်းထ၍လာခဲ့ရလေတော့၏။

မထင်မှတ်သောနေရာတွင် မမျှော်လင့်သော တွေ့ဆုံရခြင်းမျိုးနှင့်ထူးထူးခြားခြား(မြောက်ဝင်ရိုးစွန်းသူကလေးများ၏ခေတ်မီတိုးတက်မှုကို တွေ့မြင်ရသည်မို့ သက်အဖို့ အ,အ အိပ်မက် မက်၍နေသလို ခံစားရသော ရင်တွင်းမှဝမ်းသာကျေနပ်မှုများကို ထုတ်ဖော်၍ ပြောမပြတတ်အောင်ပင် ဖြစ်ရလေသည်။

“ယခု တတိယအစီအစဉ်အရ တောင်အုပ်ဟောင်းဦးကူရှင်ဖုန်း၏ဇနီး မိခင်နှင့်ကလေးများစောင့်ရှောက်ရေးအဖွဲ့မှဥက္ကဋ္ဌ“ဒေါ်ဂလုပ်နာ”က ကျေးဇူးတင်စကား ပြောကြားပါလိမ့်မယ်ရှင်”

သွက်လက်ချက်ချာလှသော ဗန်းမော်သူဂျင်းဖောအမျိုးသမီး ဒေါ်ခွန်ဒင်သည် အစီအစဉ်များကို တစ်ခုပြီးတစ်ခု ကျေညာ၍နေလေ၏။

ရဝမ်အမျိုးသမီးကလေးများသည် သက်၏မျက်နှာအား ငေးငေးမောမောကလေး ဝိုင်း၍ကြည့်နေရာမှ သူတို့၏တောင်အုပ်ကြီး၏ဇနီး မိခင်နှင့်ကလေးများစောင့်ရှောက်ရေးအမျိုးသမီးအဖွဲ့၏ဥက္ကဋ္ဌဒေါ်ဂလုပ်နာ၏မျက်နှာသို့ ကြည်ကြည်နူးနူးကလေး ပြုံးရယ်ကာ လှမ်း၍ ကြည့်လိုက်ကြပြန်လေ၏။

"ခုလို စုံစုံညီညီနဲ့ တွေ့ဆုံရတာကို ဝမ်းသာလွန်းလို့ ကျွန်မစကားတွေ အများကြီး ပြောချင်ပါတယ်။ ဒါပေမယ့် ကျွန်မဟာ ဗမာစကားကိုသာ နားလည်ပြီး ပြောမရ ပြောမထွက်နိုင်တဲ့အတွက် ဂျင်းဖောဘာသာနဲ့ဘဲ ပြောခွင့်ပြုပါ"

ဒေါ်ဂလုပ်နာသည် ရှက်ပြုံးကလေး ပြုံးလိုက်ကာ သက်နှင့်ဒေါ်ခွန်ဒင်၏မျက်နှာသို့ တောင်းပန်သလို ကြည့်ကာ ပြောပြလေသည်။

"ကျွန်မတို့ ဒီမှာဘဲ မွေးပြီး ဒီမှာဘဲ ကြီးကြရပေမယ့် ကျွန်မတို့ဆီမှာရှိတဲ့လမ်းနဲ့ရွာတွေဆီကို ကျွန်မတို့ဟာ မရောက်ဖူးကြပါဘူး။ လမ်းတော့ရှိပါတယ်။ ဒါပေမယ့် ကျွန်မတို့ဟာ ဒီတောင်ပေါ်လမ်းမှာ ခရီးမသွားချင် မသွားရဲကြပါဘူး။ လမ်းရှိပြီး လမ်းဆိုးတယ်။ သွားဖို့လာဖို့ အားကြီးစွန့်စားရတယ်။ ဒါကြောင့် ကျွန်မတို့ဟာ မသွားခဲ့ကြပါဘူး။ ကျွန်မတို့ မသွားရဲ မသွားလိုကြတဲ့လမ်းတွေဟာ ခုလိုမိုးရာသီမှာမဆိုထားနဲ့ အင်မတန်မှ သာယာပြီး သွားခင်းလာခင်းကောင်းမွန်တဲ့ဆောင်းရာသီမှာတောင် ကျွန်မတို့ အမောခံပြီး မသွားကြပါဘူး။ ခုလို ကျွန်မတို့ မသွားရဲ မသွားလိုတဲ့လမ်းဆိုးနဲ့အင်မတန်မှ မြင့်တဲ့တောင်ကြီးကို ဗမာပြည်က အမျိုးသမီးတစ်ယောက်ဟာ အင်မတန်မှရာသီဆိုးတဲ့လမှာ အောင်မြင်စွာနဲ့ကျော်ဖြတ်ခဲ့ပြီး ကျွန်မတို့ဆီကို အလည်အပတ်လာခဲ့တဲ့အတွက် အံ့လဲအံ့သြရပါတယ်။ ချီးမွမ်းလဲ ချီးမွမ်း ကျေးဇူးလည်း တင်ပါတယ်လို့ပြောချင်ပါတယ်။ ပြီးတော့ ဆရာမကြီး ရန်ကုန်ကို ပြန်ရောက်ရင် ဟိုက ကျွန်မတို့ရဲ့အစ်မများကို ဆင်းရဲတဲ့ဒီက ကျွန်မတို့ရဲ့(မိခင်နှင့်ကလေးများစောင့်ရှောက်ရေးအမျိုးသမီးအဖွဲ့)ကို ကူညီဖို့ရာလဲ ပြောပြပေးပါလို့တောင်းပန်ချင်ပါတယ်ရှင့်"

ဆရာမဒေါ်ခွန်ဒင်သည် ဒေါ်ဂလုပ်နာ၏ကျေးဇူးတင်မိန့်ခွန်းများကို မြန်မာဘာသာသို့ ပြန်လည်၍ တစ်ပုဒ်ချင်း ရှင်းလင်းပြလေသည်။

(ပြည်မ)မှ မမြင်ဖူးကြသေးသော(ဝတ်စုံဖြူနှင့်မြောက်ဝင်ရိုးစွန်းသူကလေးများ)ဤခေတ်ကြီးနှင့်အမီ တိုးတက်လာကြသည်ကို တွေ့မြင်ရသော သက်သည် ဝမ်းသာလွန်းရာသဖြင့် မျက်ရည်ကလေးများ ရစ်ဝဲ၍ လာရရှာတော့၏။

ရဝမ်အမျိုးသားများသည် ဒေါ်ဂလုပ်နာ၏မိန့်ခွန်းဆုံးလျှင် သူတို့၏အမျိုးသမီးကလေးများနှင့်အတူ ထိုင်ရာမှ ထရပ်ကြလေသည်။

"နောက်ဆုံးအစီအစဉ်အရ ကျွန်မတို့အားလုံး ဘုရားသခင်ကို ကောင်းချီးပေးပြီး ကမ္ဘာပေါ်ရှိလူအားလုံးအတွက် ဆုတောင်းပါမယ်၊ နောက်ပြီးတော့ ကျွန်မတို့ဆေးပေးခန်းကို သွားပြီး ဆရာမကြီးကို လဖက်ရည်ပွဲနဲ့ဧည့်ခံကြပါမယ်"

အဆင့်အတန်းမြင့်မားစွာ ခရစ်ယာန်ဘာသာဝင်အဖြစ်သို့ ကူးပြောင်း၍နေပြီဖြစ်သော မိမိ၏ဆွေမျိုးသားချင်းများဖြစ်ကြသော ဝတ်စုံဖြူနှင့်နောင်မွန်းရွာသူရွာသားများနည်းတူ သက်သည် ထိုင်နေရာမှထ၍ရပ်လိုက်လေ၏။

သာယာသော ခရစ်၏ဓမ္မတေးသံသည် ဘုရားရှိခိုးခန်းမကြီးတွင်း၌ ပွဲတင်ရိုက်မှု ပြန့်နှံ့စွာထွက်ပေါ်လာခဲ့လေ၏။

"ဒီနေ့ ဒီကလူတွေ ဘုရားဝတ်တက်တဲ့နေ့ဘဲ၊ ဆရာမကို သူတို့တစ်ကယ့်စေတနာထားပြီး မိတ်ဆက်ချင်လို့သာ ခုလိုစုရုံးပြီးလာကြတာ။ နို့မဟုတ် သူတို့ထုံးစံအတိုင်း လာဖို့နေနေသာသာ တောင်ယာတောင်ဆင်းမလုပ်ကြဘူးဗျ"

မိတ်ဆက်ပွဲသို့ တက်ရောက်လာသော ပြည်စောင့်ရဲတပ်မှအရာခံဗိုလ်ကလေးသည် သက်ကြားရုံမျှလေသံဖြင့် တိုးတိုးကလေး လှမ်း၍ပြောပြလေသဖြင့် သက်အဖို့ ဘာပြန်၍ ပြောရမှန်းမသိနိုင်ရှာတော့ဘဲ ခေါင်းကို အသာအယာညိတ်လိုက်ရလေသည်။

"ဒီနေ့ ကျွန်မအတွက် လူ့ပြည်ကို ရောက်လာရကျိုးအနပ်ဆုံးပါဘဲလို့ပြောပြချင်ပါတယ်။ ဒေါ်ခွန်ဒင်နဲ့ကျေးဇူးပြုပြီး သူတို့လေးတွေကို ပြောပြပေးပါ။ ဘာပြုလို့လဲဆိုတော့ တစ်ကယ့်စစ်မှန်တဲ့မေတ္တာတရားကို ဒီနေ့ ဒီနေရာမှာ တွေ့ရှိရလို့ပါဘဲ။ မြို့မှာကြီးပြင်းခဲ့ရတဲ့ကျွန်မဟာ အကောင်းကို ရှာခဲ့ဖူးတယ်။ အဆိုးတွေနဲ့ဘဲ ရင်ဆိုင်ခဲ့ရပါတယ်။ စစ်မှန်တဲ့မေတ္တာကိုလဲ ကျွန်မတွေ့ဖို့ မြင်ဖို့ ကြိုးစားခဲ့ဖူးတယ်။ ဒါပေမယ့် အယောင်ဆောင်အရေခြုံတဲ့မေတ္တာတုတွေနဲ့သာဘဲ တွေ့မြင်ခဲ့ရပါတယ်။ ကျွန်မ ရှင်းရှင်းဝန်ခံရမယ်ဆိုရင် မြို့ကြီးလေ ဟန်ဆောင်မှုများလေပါဘဲ။ ပေါင်းသင်းရ အခက်ဆုံး ဟန်အဆောင်ရဆုံးနေရာဟာ ကျွန်မတို့ဆီက လူယဉ်ကျေးတွေပါဘဲ။

"အခုဒီနေရာမှာ တောင်ကြီးတွေဟာ နဂိုရ်နေအတိုင်း ကြမ်းတမ်းမြင့်မားပါတယ်။ ဣန္ဒြေရှိတယ်။ ခံ့ညားတယ်။ ဒီကမြစ်ရေဟာ လောဘချွေး ဒေါသချွေး မောဟချွေးတွေ ပေကျံပြီးနေတဲ့လူတွေဆီက အညစ်အကြေးများနဲ့ရောနှောရခြင်း မရှိသေးပါဘူး။ ဖြူစင်တယ်။ အေးမြမြ အေးမြနေပါတယ်။ လူတွေကလဲ ဖြူစင်တဲ့နှလုံးသားများရဲ့ပိုင်ရှင်တွေမို့ တွေ့ရမြင်ရတဲ့ကျွန်မအဖို့ ဒီနေ့အတွက် လူ့ပြည်ကို ရောက်ရကျိုးအနပ်ဆုံးပါဘဲလို့ ပြောရခြင်းပါ။ ကျွန်မ ပြည်မကို ပြန်ရောက်လို့ နှစ်ပေါင်းဘယ်လောက်ဘဲ ကြာသွားပါစေ ဒီကလူတွေအားလုံးကို ကျွန်မအစဉ်သတိရပြီး ဘယ်တော့မှ မေ့နိုင်တော့မှာ မဟုတ်ပါဘူးဆိုတာ ပြောခဲ့ချင်ပါတယ်။ ကျေးဇူးလဲ တင်ပါတယ်"

တုန်ယင်သောလက်နှစ်ဖက်ဖြင့် စားပွဲစွန်းကို ဆုပ်ကိုင်ထားကာ မြင့်မားသော တောင်ကြီးများ ကာရံဆီး၍နေသည့်နယ်စပ်ဒေသ၌ နေထိုင်ကြီးပြင်းကြရသဖြင့် ရောက်ရှိလာသော မြို့ကြီးသူမိမိအား လေးလေးစားစား အဆင့်အတန်းမြင့်မြင့် ကြိုးကြိုးစားစား ဆက်ဆံကြရှာသော မိမိ၏ညီအစ်ကို မောင်နှမများအား ကျေးဇူးတင်စကား ပြောကြားရင်းက ဟန်ဆောင်မှုပေါလှသော ဌာနမှရောက်ရှိလာသူမိမိအား သိပ်အထင်မကြီးစေရန် ပြောပြလေ၏။

ရဝမ်အမျိုးသမီးကလေးများသည် သက်ထံသို့ ဝိုင်းဝန်း၍လာကြလေသည်။ သူတို့၏နှုတ်ခမ်းကလေးများသည် ပြုံးလျက်ရှိကြသော်လည်း တဆတ်ဆတ်တုန်၍နေကြလေသည်။ မျက်လုံးကလေးများ၌လည်း မျက်ရည်စကလေးများဖြင့် ရစ်ဝဲ၍နေကြ၏။

"ဖှာမရာအီးရဲ ဆလာမ"

"ဖှာမရာအီးရဲ"

မြောက်ဝင်ရိုးစွန်းသူ သဘောဖြူဖြူအူစင်းကလေးများသည် သက်၏လက်နှစ်ဖက်ကို လှိုက်လှဲစွာ လှုပ်၍ နှုတ်ဆက်ကြလေသည်။

သက်သည် ရောင်စုံပုတီးကုံးများ ဆင်ယင်၍ထားသော မြောက်စွန်းဒေသသူကလေးများ၏လည် တိုင်ကလေးများကို ကြည့်ကာ ကြီးမားသော သတ္တုလက်ကောက်ကြီးများနှင့်နွေးထွေးသောသူတို့၏လက် ကလေးများကို တင်းကြပ်စွာ ဆုပ်ကိုင်၍ ယူလိုက်လေ၏။

"ဖှာမရာအီးရဲပါကွယ်"

လှိုက်လှဲသောနှုတ်ဆက်သံကလေးသည် ညှို့သည်တော်ကလောင်ရှင်မကလေး၏နှုတ်ခမ်းမှထွက် ပေါ်၍လာခဲ့လေတော့၏။

ယုဝတီ–ဂျင်းဖောမယ်

မှတ်ချက်။ ။မြဝတီမဂ္ဂဇင်း အတွဲ ၉၊ အမှတ် ၆၊ ဧပြီလ၊ ၁၉၆၁ ခုနှစ်၊ စာမျက်နှာ( ၁၁၄) အတွဲ ၉၊ အမှတ် ၇၊ မေလ၊ ၁၉၆၁ ခုနှစ်၊ စာမျက်နှာ(၁၁၉)တို့၌ လာရှိသော ဆောင်းပါးကို ပြန်လည်၍ စာစီရိုက်ထားပါသည်။

# နမ်တီးဆံဖြစ်ဝှမ်း
# ရဝမ်တို့ချါနေ

ယုဝတီဂျင်းဖောမယ်

## (၁)
## မြသားမြေပြင် ခရီးနှင်

ကွေ့ကောက်သော တောလမ်းဖြစ်လေသည်။ မြေသားပေါ်၌ မြစိမ်းရောင်လျှမ်းသော ရေညှိများက ဖုံးလွှမ်းလျက်ရှိ၏။ စိမ်းသောသစ်ပင်ချုံနွယ်တို့သည် မြသားရောင် တောက်လျက်ရှိသော လူသွားလမ်းကွေ့ကောက်ကောက်၏ တစ်ဖက်တစ်ချက်၌ ငိုက်မျဉ်းကာနေကြလေသည်။

လေသည် ပြေလျော့လျော့ကလေး တိုက်ခတ်၍ ခပ်ပြင်းပြင်း တိုက်ခတ်၍ လာခဲ့ပြန်၏။ မိုးရေတို့သည် မိုးကောင်းကင်အမြင့်ဆီမှသည် လူသွားလမ်းကျဉ်းနှင့်ငိုက်မျဉ်းလျက်နေကြသော သစ်ပင်ချုံနွယ်များပေါ်သို့ ဒလဟော ခုန်ဆင်း၍ လာခဲ့ကြလေ၏။

သက်သည် ပခုံးပေါ်၌ ချိတ်၍လာသော ယောကျာ်းဆောင်း ဖဲထီးကြီးကို ဖွင့်၍ ဆောင်းလိုက်ကာ လီစူးပြာတာကြီး၏နောက်သို့ ခပ်သုတ်သုတ်ကလေးလိုက်၍ သွားလေ၏။ (နယ်ခြားဒေသ–အုပ်ချုပ်ရေးဌာန)၏ ဌည့်သည်စာရေးဆရာမလေး သက်၏ခြေလျင်ခရီး အစချီသောနေ့ ဖြစ်လေသည်။

မေလိခမြစ်အထက် နယ်ခြားဝန်ဗိုလ်မှူးလှမောင်(ကနီ)၏ရုံးစိုက်ရာ (ဒူးလင်းဂျင်းဖော)များ၏ဌာနေ မချမ်းဘောရွာ)မှ ထွက်လျှင် ထွက်ချင်းပင် မိုးဖွဲဖွဲရွာခဲ့လေသဖြင့် သက်၏ခြေလှမ်းက ပေါ့ပါးသွက်လက်လာခဲ့၏။

သက်သည် ခေါင်းကလေး ချာချာလည်မျှ လမ်း၏ဝန်းကျင်တစ်ခုလုံးကို လှည့်ကာ ကြည့်မိလေသည်။

မြင်မြင်သမျှတို့မှာလည်း သက်၏စိတ်ကို ဆွဲဆောင်၍ ယူနိုင်လွန်းလှသည်မို့ သက်၏ခြေလှမ်းက သွက်၍ သွက်၍ လာခဲ့ရခြင်း ဖြစ်တော့သည်။

အရာဝတ္ထုအားလုံးတို့သည် စိမ်းစိမ်းစိုလှသည်။ စိမ်းသောမြေပြင်၊ စိမ်းသောတောအုပ်ကြီးများနှင့်စိမ်းသောမြက်ရိုင်းပင်ကြီးများသည် ထိုးထိုးထောင်ထောင်ဖြင့် ဒလဟောကျဆင်း၍လာသော မိုးရေများအား ခေါင်းများငုံ့ကာ ကိုယ်ကလေးများ ယိမ်းကာဖြင့် ဆီးကြို၍ နေ၏။

"သည်အတိုင်းဆိုရင် လမ်းက သိပ်မဆိုးလှဘူးထင်တယ်နော် ဗိုလ်ကြီး"

(Jungle Boots)ခေါ် တောတွင်းစီး လည်ယှက်ရှက်ဖျင်ဖိနပ်စိမ်း စွပ်၍ထားသော ခြေထောက်ကိုကြွ၍ လှမ်းလိုက်ရင်း သက်သည် ဘေးမှ တိတ်ဆိတ်စွာ လိုက်ပါလာသော "နောင်မွန်းဝန်ထောက်"နယ်ခြားဒေသအုပ်ချုပ်ရေးဌာနမှ ဗိုလ်ကြီးကျော်ကြည်လအား စောင်းငဲ့ကာ ပြောလိုက်လေ၏။

"နမ်းခန်းအထိတော့ တောင်တက်လမ်း မရှိပါဘူးဆရာမ၊ သည်လို ကုန်းမြင့်လမ်းနဲ့တောအုပ်ထဲ ဖြတ်သွားရမဲ့ လူသွားလမ်းတွေပဲ ရှိပါတယ်"

စေးထန်လှသော လမ်းလယ်မှ ဗွက်ထူထူကြီးကို ရှောင်ကွင်းကာ လမ်းဘေးရှိ မြက်ရိုင်းပင်ရှည်ကြီးများကြားမှ ဖြတ်ကျော်၍ လျှောက်ရင်း နောင်မွန်းဝန်ထောက်က သက်၏ အမေးကို စိတ်ရှည်လက်ရှည်ပင် ဖြေလိုက်လေသည်။

"မြက်ခင်းတွေအပေါ် လျှောက်ရင် ကျွတ်တွေ တွယ်တတ်ဆို၊ မကြောက်ဘူးလား"

သက်သည် ဗိုလ်ကြီးကျော်ကြည်လအား သိလိုမှုဖြင့် လှမ်း၍ မေးရင်း ကြောက်၍လာသလို ထူထဲသောလည်ရှည်ဖိနပ်နှင့်မိမိ၏ ခြေသလုံးနှစ်ဘက်ကို လှည့်ပတ်ကာ ငုံ့၍ ကြည့်မိလေ၏။


ဗိုလ်ကြီးကျော်ကြည်လသည် အကြောက်လွန်ကဲသော မြို့ကြီးသူ သက်အား ပြုံး၍ ခေါင်းခါပြလိုက်လေသည်။



အမြတ်တနိုး ချိတ်ဆွဲထားသော ကျွဲခေါင်းကြီးများ



စာရေးသူနှင့်အဖွဲ့ဝင်များ ခေတ္တအပန်းဖြေကြစဉ်



ဆေးမှုန့်များဖြူးကာ ဆုတောင်းရင်းနှင့်...



ကိုးကွယ်ရမည့်နတ်အတွက် ဤသို့ ဝါးလုံးခေါင်းပွကို မီးဖုတ်ပြီး...



ပေါက်ကွဲသော ဝါးလုံးကို မြှောက်၍ နတ်ပင့်ကြရှာသည်

"သည်ဘက်ပိုင်းမှာ ကျွတ်မရှိသေးဘူးခင်ဗျ၊ အလွန်ဆိုး ဖြုတ်ကောင်လေးတွေပဲ ရှိပါတယ်"

ဗိုလ်ကြီးကျော်ကြည်လ စကားဆုံးလျှင် သက်သည် ကြက်သီးထသလို ပခုံးကလေး ဆတ်ခနဲ လှုပ်၍ ခါလိုက်မိလေသည်။

ကြက်သီးထမည်ဆိုက ထလောက်စရာပင်ဖြစ်၏ ။ သက် မြင်ခဲ့ဖူးသော (ပူတာအို)မှ ဖြုတ်ကောင်ယ်ယ်ကလေး၏ အသွင်သဏ္ဍာန်သည် မူလောက်စရာမရှိဟု ထင်ရလောက်အောင်ပင် သေးငယ်လှသော်လည်း ခ–လ–ရ(၂၄)မှဗိုလ်ကြီးဝင်းမြင့်ဆန်း၏ ချစ်ဇနီး(ထောင်ထောင်မောင်းမောင်း)နှင့်အစ်မကြီး၏ ခြေသလုံးလှလှကလေးကို ကိုက်ခဲ၍ ထားသည်မှာ ကြည့်ရက်စရာ မရှိလောက်အောင်ပင် အနာကြီးများဖြစ်၍လာကာ အဖျားဒီဂရီ ၁၀၄ အထိပင် တက်၍လာခဲ့ရရှာသည်အထိ ဖြစ်တော့၏ ။

အဆိပ်ပြင်းထန်လှသော ဖြုတ်ကောင်ငယ်များ၏ ဒဏ်ကို ခံရလွန်းသောအခါ နယ်ခြားဒေသရောက် ရဲဘော်များသည် ၎င်းဖြုတ်ကောင်ငယ်အား မည်သို့အမည်ပေး၍ တင်စားကာ ခေါ်ရမည်ကို မသိနိုင်ကြတော့ဘဲ လွယ်သလိုပင် (လဝမ်ကောင်)ဟု အကြီးကျယ်ဆုံးသော တင်စားခြင်းဖြင့် တင်စားကာ ခေါ်မိကြလေသည်။

ဖြုတ် (ဝါ) လဝမ်ကောင်တွေ ရှိသည်ဟုကြားရလျှင် သက်မှာ ပခုံးကလေး ဆတ်ခနဲ လှုပ်၍ လာရအောင်ပင် ကြက်သီးများ ဖြန်းဖြန်းထ၍ လာခဲ့ရှာတော့၏ ။

"ဒုက္ခပဲ... လဝမ်ကောင်တွေ ကိုက်ရင်တော့ ခြေသလုံးမှာ အနာရွတ်ကြီးတွေ ပွကျန်ရစ်တော့မှာပဲ"

"ပြောပြီ ဆရာမက၊ သည်က ရဝမ်လူမျိုးတွေ ကြားရင် စိတ်ဆိုးလိမ့်မယ်"

တောင်တန်းသားဂျင်းဖောလူမျိုး ဗိုလ်ကြီးကျော်ကြည်လသည် သက်၏အပြောကို သဘောကျသလို မကျသလို ဟန့်တားကာ ပြောလိုက်မိလေတော့၏ ။

"ခက်ပါဘိ (ဘွမ်ဒူးဝါး)*ရယ်... သည်လိုအရမ်းကာရော စိတ်ဆိုးကြမယ်ဆိုရင် မှားတော့မပေါ့ရှင့်၊ ရှင်းရှင်းပြောရမယ်ဆိုရင် ကျွန်မတို့က(ရဝမ်လူမျိုးတို့ရဲ့ဒေသမှာရှိတဲ့အကောင်တွေဟာ အကြီးမဆိုထားနဲ့၊ အငယ်ကလေးတောင်မှ လူတစ်ယောက်အလူးအလဲခံရအောင် အင်အားကြီးမားနိုင်လွန်းပါလားဆိုပြီး တင်စားတဲ့အနေနဲ့ သူတို့ရဲ့နေရပ်ဌာနီပါ ပါသွားရအောင် (လဝမ်ကောင်)လို့ခေါ်ကြတာပါ။ (ဖြုတ်ဆိုတဲ့လဝမ်)နဲ့(လူမျိုးဖြစ်တဲ့ရဝမ်)ဟာ အသံထွက်ချင်း စာလုံးပေါင်းချင်းလဲ အများကြီး ခြားနားပါတယ်ရှင်"

အာခြောက်လောက်အောင်ပင် "လဝမ်ကောင်"(Blister Flies)ချီးမွမ်းခန်းကလေးဖွင့်ကာ သက်သည် မကျေနပ်သူကို ကျေနပ်လေအောင် ရှင်းပြရပြန်တော့၏ ။

"ဟုတ်တယ်လေ ဗိုလ်ကြီး၊ လဝမ်ကောင်တော့ ကျွန်မ အများကြီးကြောက်တယ်"

မိုးလုံလေလုံ ဖြစ်အောင် သက် ချုပ်ပေးသောပေါ်ပလင်အနီစကြီးကို ခေါင်း၌ ပတ်စည်း၍ထားသော သက်၏ အဖော် ရှမ်းအဖွားကြီးက ဘုမသိ ဘမသိ သက်အား ထောက်ခံသလို ပြောချလိုက်သဖြင့် တောင်တန်းသားဗိုလ်ကြီးသည် အရှုံးပေးသလို အသာအယာပင် ပြုံးရယ်ရလေတော့၏ ။

"ဖာမရာအီးရောဒူးဖဲ"

ကြိမ်ဖူးအပြည့်ပါသော ပလိုင်းကို နဖူး၌ ချိတ်၍လာသော ရဝမ်အမျိုးသား ၂ ယောက်သည် သူတို့၏ နယ်ခြားဝန်အား ချစ်ကြည်ရင်းနှီးစွာ ပြုံး၍ နှုတ်ဆက်လိုက်သဖြင့် ဗိုလ်ကြီးသည် ပျာပျာသလဲပင် ပြုံးရယ်၍ လက်တစ်ဖက်ပါ ဆန့်တန်းပေးလိုက်လေ၏ ။

တက်ကြွလှသော အပြုံးကြီးများဖြင့် ရဝမ်အမျိုးသား ၂ ယောက်သည် နယ်ခြားဝန်ထောက်၏ လက်ကို ဖမ်းဆုပ်ကာ နှုတ်ဆက်ကြလေ၏ ။

သက်သည် အူလယ်လယ်လေးပြုံး၍ နှုတ်ဆက်နေကြသူများကို ကြည့်နေမိရှာလေသည်။ အနောက်တိုင်း

* (ဂျင်းဖောဘာသာစကားဖြင့် "ဘွမ်ဒူးဝါး"သည် မြန်မာလို "တောင်တန်းဝန်ထောက်"ဟု အဓိပ္ပါယ်ရ၏ ။)

ဆန်လှသော (ပြည်မ)နှင့် အဆက်ပြတ်လျက်ရှိသော ဤဌာနရှိ တိုင်းရင်းသားများ၏ နှုတ်ဆက်နည်းကပင် ပြည်မ ထက် အဆင့်အတန်း မြင့်စွာ အနောက်တိုင်းဆန်နိုင်လွန်းလှသည်ဟု သက်က တွေး၍ အံ့သြရမိတော့သည်။

"သည်မှာ သည်လိုပဲ ထုံးစံရှိတယ် ဆရာမ၊ သူတို့ကို နှုတ်ဆက်လိုက်ပါဦး၊ အာ... ရာ့...ဒူးမဲအီးရဲ့၊ အာ... သူမကတော့ စစ်ဗိုလ်မဘဲ"

အူလယ်လယ်လေးပြုံး၍ ကြောင်နေသော သက်အား နယ်ခြားဝန်ထောက်ဗိုလ်ကြီးက ရှင်း၍ ပြောပြရင်း ခပ်တည်တည်ပင် ရဝမ်အမျိုးသား ၂ ယောက်အား စာရေးဆရာမလေးကို (စစ်ဗိုလ်မကြီး)ဖြစ်လေအောင် ပြော ဆို၍ မိတ်ဆက်ပေးလိုက်ပြန်လေသည်။

ရဝမ်အမျိုးသား ၂ ယောက်သည် တောင်တက်ရာ၌ လွယ်ကူစေရန် စစ်ယူနီဖောင်းဝတ်၍ထားသော အ မျိုးသမီးလေးအား အံ့သြစွာ အကဲခတ်၍ ကြည့်ရင်းက ရှေ့သို့တိုး၍လာကာ သူတို့၏ လက်များကို ဆန့်တန်းလိုက် လေ၏ ။

သက်သည် ပြုံးရယ်၍ လက်ကို ရဝမ်အမျိုးသား ၂ ဦးဆီသို့ ကမ်းပေးလိုက်ပြီးခါမှ သွေးဆုတ်၍သွားသလို ပြုံးရယ်၍ နေသောမျက်နှာလေးသည် ဖြေလျော့ကာ ကျ၍သွားလေတော့၏ ။ အမူအရာပြောင်း၍ သွားလေ သော သက်၏ သွေးဆုတ်သောမျက်နှာဆီသို့ အံ့သြသလို ကြည့်လိုက်ပြီးလျှင် ရဝမ်အမျိုးသား ၂ ယောက်သည် သက် ငေးစိုက်၍ ကြည့်နေသော မိမိတို့၏ ခြေသလုံးဆီသို့ ငုံ့ကာ ကြည့်လိုက်ကြလေ၏ ။

တုတ်ခိုင်၍ ညိုသောခြေသလုံး၌ သွေးတို့သည် နီရဲစွာ စီးဆင်းလျက်ရှိသည်။ သွေးစီးချောင်းကလေးများ အထက်၌မူကား သွေးလျက်ရှိသော ကျွတ်ဝဖောင်းဖောင်း သုံးလေးကောင်ခန့်တို့သည် ခြေသလုံးသား၏ အ တွင်းသို့ ခေါင်းကို ထိုးစိုက်နှစ်မြှုပ်၍ ထားကြ၏ ။

"ဟီး"

သဘောကျသယောင် ရဝမ်အမျိုးသား ၂ ယောက်သည် သက်ကို ကြည့်ကာ ဟီးကနဲ အသံထွက်အောင် ရယ်လိုက်ကြလေ၏ ။ သတိများ ဝင်၍ လာသည့်အသွင်ဖြင့် သက်သည် စိတ်တင်းလိုက်သလို ပြုံးရယ်လိုက်ကာ ရ ဝမ်အမျိုးသားများနည်းတူ နှုတ်မှလည်း ကြိုးစား၍ (ဖာမရာအီးရော)* လိုက်လေ၏ ။

"ကြည့်စမ်း... ဗိုလ်ကြီးက ကျွတ်မရှိဘူးဆို"

ထွက်ခွာ၍ သွားခဲ့ပြီးသော ရဝမ်ခရီးသွား ၂ ဦး၏ နောက်ကျောသို့ လှမ်း၍ကြည့်ကာ သက်သည် မကျေမ နပ်ကလေး ပြောမိလေသည်။

"ဟာ... ဒါက မဆိုစလောက်ပဲ ဆရာမ၊ တကယ်ပေါတဲ့နေရာက ဆရာမ သွားချင်တယ်ဆိုတဲ့(ပန်နန်းဒင်) လမ်းမှာမှ ပေါတာဗျ"

"ဟာ... သည်လိုဆိုရင် ဒုက္ခပဲ၊ မဲထောင့်ဝ်ရေ"

ဒုတိယအကြိမ်မြောက် သက်သည် ကြက်သီးထသလို ပခုံးကလေးကို ကျုံ့၍ပြောလိုက်ပြန်လေ၏ ။

တောအုပ်ထူထူဝယ် တောကြက်နှင့်ဘုတ်ငှက်မင်းညိုညိုတို့၏ အသံသည် ညံဆူလျက် ရှိကာ မိုးစိမ့်စိမ့်၌ လမ်းစဖွယ် ဖန်တီး၍ ရှိလေသည်။

ရေညှိလွှမ်းသော လမ်းပေပေသည် တဖြည်းဖြည်းချင်း ကိုင်းမြက်ရိုင်းပင်ကြီးများနှင့်အတူ နိမ့်ဆင်း၍ သွားလေ၏ ။ ရေစီးသံသွဲ့သွဲ့သည် လမ်းကွေ့၏ အောက်ဆီမှ အထက်ဆီသို့ ရိုက်ခတ်ကာ တက်လာကြလေသည်။

"တံတားလုပ်ခိုင်းထားတာ ပြီးပလား မသိဘူး၊ ကျနော် (နောင်မွန်း)က လာတုန်းက သည်ချောင်းတံတား ရေထဲပါသွားလို့ ရေထဲက ဆင်းပြီး လာခဲ့ရတယ်ခင်ဗျ"

အိပ်မက်ကမ္ဘာထဲသို့ရောက်လာခဲ့သလို မျက်လုံးအစုံဝိုင်းဝိုင်းလည်အောင် တောအုပ်စိမ်းစိမ်းနှင့်ပတ်ဝန်း

* (တွေ့လျှင်တွေ့ချင်းနှင့် ခွဲခွာခါနီး၌ နှုတ်ဆက်ရသော (ရဝမ်လူမျိုး)များ၏ နှုတ်ခွန်းဆက်စကား ဖြစ်၏ ။)

ကျင်ကို လှည့်ပတ်ကာ ကြည့်ရင်း (မိမိ၏ဘေးမှ လိုက်ပါလာသူ)သက်အား ကြည့်ကာ ဗိုလ်ကြီးကျော်ကြည်လက ပြောပြလိုက်လေ၏။

"သည်က တောင်ကျရေတွေ ဒလကြမ်းဆင်းလာတိုင်း တံတားတွေဟာ သည်လိုပဲ ရေထဲပါလာကြတာပဲ၊ ဒါကြောင့် သည်ရာသီမှာ သည်ကလမ်းတွေဟာ သိပ်ဆိုးတယ်လို့ ပြောကြတာပေါ့"

သက်သည် နယ်ခြားဝန်ထောက်အား တတ်ယောင်ကားလေးလုပ်ကာ ခပ်တည်တည်ပြောပြ၍ နေပြန်သဖြင့် "ယိမ်းနွဲ့ပါးအဖွဲ့"ဖြင့် နှစ်ခေါက်တိတိ ဤဒေသတစ်ခွင်၌ ပြပွဲစင်အောင် လှည့်ခဲ့ရဖူးသော ဗိုလ်ကြီးကျော်ကြည်လက သက်၏ အပြောကို သဘောကျသလို ပြုံး၍ နားထောင်နေလိုက်လေ၏။

"ကြည့်စမ်း ဆရာမ သိပ်အားကြီးလလယ်… တံတားလေ"

ရှမ်းအဖွားကြီးသည် အသစ်စက်စက် ဝါးဖြင့် ရက်လုပ်ထားသော ချောင်းပေါ်မှကြိုးဆွဲတံတားဆီသို့ လက်ညှိုးညွှန်၍ ပြသည့်အတွက် သက်သည် ကသောကမြော လမ်း၏အနိမ့်ပိုင်းရှိရာသို့ လည်ကိုဆန့်ကာ ကြည့်လိုက်လေ၏။

"လမ်းခင်း–တံတားဆောက်တယ်ဆိုတာမျိုးဟာ အင်မတန်မှ ကုသိုလ်ရတဲ့အလုပ်ပဲ ဗိုလ်ကြီး၊ အသက်လဲ ရှည်တယ်လို့ ပြောကြတာပဲ။ သည်တံတားကို ဆောက်တာ နယ်ခြားဒေသအုပ်ချုပ်ရေးဌာနက ငွေနဲ့လားဟင်"

ကြိုးတံတား၏လက်ရမ်းကို ကိုင်၍ လှုပ်ရင်းက သက်သည် ဗိုလ်ကြီးနယ်ခြားဝန်ထောက်အား မေးလိုက်လေ၏။

"ဟုတ်ပါတယ်၊ ကျနော်တို့ နယ်ခြားဌာနက သည်ဒေသမှာ လမ်းခင်း တံတားဆောက် စသည်ဖြင့် သည်က နယ်သူနယ်သားများရဲ့အခက်အခဲနဲ့ နယ်ခြားက ဝင်နှောင့်မယ့်အန္တရာယ်ကို ကာကွယ်ဖို့ရာ တာဝန်ရှိထားပါတယ်"

"သည်လိုဆိုရင် ဗိုလ်ကြီးတို့ဌာနဟာ ဟို… အသောကမင်းကြီးနဲ့လုပ်ငန်းချင်း လာပြီးပြိုင်နေတယ်ဆိုပါတော့…"

ရယ်စရာဖောက်၍ မိမိတို့၏လုပ်ငန်းကို ဂုဏ်တင်ကာပြောလိုက်သော သက်၏လေသံကို နားထောင်၍ ဗိုလ်ကြီးကျော်ကြည်လက ရယ်လိုက်လေ၏။

"သည်လိုဆိုရင် ဆရာမက ကျနော်တို့ရဲ့နယ်ခြားချုပ်ကြီးကို အသောကမင်းနဲ့နှိုင်းယှဉ်လိုက်တာပေါ့နော် ဗျာ… မဲထောင့်(ဝ)ရေ"

"မသိဘူး… မသိဘူး…အသောကမင်းဆိုတာ ဘာလဲ၊ ကျမလဲ မသိဘူး ဗိုလ်ကြီး"

ရှမ်းအဖွားကြီးသည် ယမ်းခါ၍ နေသော ကြိုးတံတားပေါ်၌ သတိထား၍ လျှောက်ရင်း သူမနားမလည်သော စကားလုံးကို ဝင်၍ မထောက်ခံလိုဟန်ဖြင့် ခါးခါးသည်းသည်းကြီးပင် ပြောချလိုက်လေသည်။

သက်မှာမူ သဘောကျစွာ ရယ်မောမိလေတော့၏။

×××××××××××××××

# အနာဂတ်ခရီးစဉ် နတ်ပင့်တင်

မြသားမြေပြင်သည် "အင်ဘူခချောင်း"ရှိ ကြိုးတံတားကို ဖြတ်ကျော်ပြီးသည့်နောက်ပိုင်းမှစ၍ သက်တို့အဖွဲ့၏နောက်ဆီ၌ ပြတ်ကာ ကျန်ရစ်ခဲ့လေသည်။ လူသွားလမ်းကျဉ်းသည် တဖြည်းဖြည်း ကျယ်ပြန့်၍ လာကာ ရွှံ့ဗွက်နှင့်နွားချေးများ ရောထွေး၍ လာခဲ့လေ၏။

မီးခိုးနံ့ဖောက်သော လေအေးသည် ဗွက်ထူသော လမ်းပေါ်မှ နွားချေးနံ့များကို ဆောင်၍ ခေါင်းငိုက်စိုက် ချလျက် တစ်လှမ်းချင်း လျှောက်၍နေသော သက်၏ မျက်နှာဆီသို့ အားပါးတရ နှုတ်ဆက်လိုက်လေ၏။

ဖဲထီး၏ပိတ်သားခုံးခုံးပေါ်သို့ တပေါက်ပေါက်ခုန်ဆင်း၍နေကြသော မိုးပေါက်များ၏ အသံကို နား ထောင်ရင်း ခေါင်းငိုက်စိုက်နှင့်လျှောက်လျက်ရှိသော သက်သည် မီးခိုးနံ့သင်းသောလေကို ရှူမိဟန်ဖြင့် ခေါင်း ကလေးအမော့သား ဖြစ်၍လာခဲ့၏။

"ဗိုလ်ကြီး...ရှေ့နားဆီမှာ ရွာရှိတယ် ထင်တယ်၊ ဟုတ်လား"

တိတ်ဆိတ်စွာ လိုက်ပါလာသော တောင်တန်းဝန်ထောက် ဗိုလ်ကြီးကျော်ကြည်လသည် သက်အား အံ့သြ သောဟန်ဖြင့် ပြုံး၍ ကြည့်လိုက်လေ၏။

"ရွာရှိတယ်ဆိုတာ ဘယ်လိုလုပ်ပြီး သိသလဲ"

သက်သည် အရှက်ပြေ ပြုံးလိုက်မိ၏။ အသိလွန်ကဲ၍ မေးပုံပိုင်နိုင်လှသော မိမိ၏ အဖြစ်ကြောင့် အားနာ ရမလို ဖြစ်၍ လာရပြန်လေသည်။

"ဆရာမ သည်ဘက်ကို ရောက်ဖူးပြီလား..."

ဗိုလ်ကြီး၏ တပည့်ကျော် ရဲဘော်မြသိန်းသည် ရှက်ဟန်ဖြင့် ပြုံးလျက်နေသူ သက်အား မေးလိုက်ပြန်သ ဖြင့် သက်သည် မနေသာတော့ပဲ နွားချေးရောသော ဗွက်ထူထူနှင့်လူသွားလမ်းကို ငုံ့၍ ကြည့်လိုက်လေ၏။

"ရောက်တော့ မရောက်ဖူးပါဘူး၊ လမ်းဟာ ကျဉ်းရာက ကျယ်ပြန့်လာတယ်၊ ရေညှိတွေများပြီး နေရာက ဗွက်တွေ ထူလာတယ်ဆိုတော့ သည်လမ်းဟာ တောလမ်းထက် အသုံးများလို့ပဲဆိုတာ တွေးမိလို့ပါ။ ပြီးတော့ မီး ခိုးနံ့တွေ လေထဲပါလာတာကို သတိပြုမိပြီး ရှေ့မှာ လူနေအိမ်ခြေ ရှိရမယ်လို့ "ဦးစံရှား"နည်းနဲ့တွက်ပြီး ပြောရ တာပါ"

"သည်တစ်ခါ ဆရာမ တွက်နည်း မှန်ပါတယ်၊ ရှေ့မှာ ဒူလင်းဂျင်းဖောများနေတဲ့"ဆွမ်(ပ)ဒူးကားရွာ"ရှိ တယ်"

ဗွက်ထူလမ်းသည် ကုန်းမော့မော့ဆီသို့ တက်စပြု၍ လာခဲ့လေသည်။ ကြီးမားရှည်လျားလှသော တဲအိမ် ခေါင်မိုးများကို ဆီး၍ မြင်ရရာမှ တဲအိမ်တစ်လုံး ကြီးကြီးများကိုပါ တဖြည်းဖြည်းချင်း မြင်၍ လာရလေ၏။

ကုန်းထိပ်ဆီသို့ရောက်သောအခါ သက်သည် ခေတ္တမျှ ရပ်နားလိုက်ပြီးလျှင် ရွာ၏ အနေအထားကို လေ့ လာသောဟန်ဖြင့် လှည့်ကာပတ်ကာ ကြည့်လိုက်ပြန်လေ၏။ တဲများအားလုံးလိုလိုပင် ရှည်လျားကြီးမား၍ ခြေ တံမြင့်မြင့်နှင့်ချည်း ဖြစ်သည်။

"ဗိုလ်ကြီး သည်ရွာက အိမ်တွေဟာ ကြီးပြီးရှည်လှပါလားဟင်"

အံ့သြသောမျက်နှာဖြင့် သက်သည် ဗိုလ်ကြီးအား မေးကြည့်မိ၏။

"ဒူးလင်းဂျင်းဖောတွေရဲ့ အိမ်ဟာ သည်လိုပဲ ဆရာမ၊ အိမ်ရှိဆွေမျိုးများအားလုံးအတွက် အခန်းတွေဖွဲ့ ပေးထားရတယ်။ ဆရာမ သည်ရှေ့ကမြင်ရတဲ့လှေကားကနေပြီး တက်သွားရင် အလယ်ဗဟိုမှာ မီးဖိုတွေ့ရမယ်။ ပတ်ပတ်လည်မှာတော့ ရေဗူးများ စားအိုးစားခွက်နဲ့ပစ္စည်းများကို တွေ့ရမယ်။ ဒါပေမယ့် အဲဒါ အိမ်ရှေ့ဧည့်ခန်း မဟုတ်ဘူး ဆရာမ၊ အဲသည်အခန်းကနေပြီး တိုးလျှိုပေါက်တံခါးပေါက်နဲ့လူသွားလမ်းအတိုင်း လိုက်ကြည့်မယ်ဆို ရင်တော့ အခန်းတွေ အများအပြား ဖွဲ့ထားတာကို တွေ့ရဦးမယ်။ အဲဒါ သည်အိမ်က ဆွေမျိုးများဖြစ်တဲ့ညီအစ်ကို မောင်နှမတွေအတွက် အခန်းတွေပေါ့။ အခန်းတိုင်းမှာလဲ မီးဖိုတွေ လုပ်ပေးထားရတယ်။ တစ်အိမ်တည်းနေပြီး သည်ဆွေမျိုးတွေဟာ ကိုယ့်စားအိုးနဲ့ကိုယ် ကိုယ့်တောင်ယာနဲ့ကိုယ်ဘဲ၊ စီးပွားရေးမှာတော့ စုပေါင်းခြင်း မရှိဘူး၊ သည်နေအိမ်ကြီး ပျက်စီးရင်တော့ သူတို့တတွေဟာ စုပေါင်းပြီး ပြန်ဆောက်ကြရတယ်၊ အိမ်ကြီးရဲ့နောက်ဆုံးအ ခန်းလို့ခေါ် ရမလားပဲ၊ အဲသည်နောက်ဆုံးအခန်းကျယ်ကြီးကတော့ ရပ်ဝေးက မိတ်ဆွေနဲ့ဆွေမျိုးများအတွက်

တည်းခိုခန်းနဲ့ညှော့ခန်းအဖြစ် သုံးကြတယ်။ အိမ်ရှေ့ခန်းအနေနဲ့ သူတို့သတ်မှတ်ထားတယ် ဆရာမ၊ မြို့ကအိမ်တွေလို ညှော့ခန်းဟာ အရှေ့ခန်းမှာ မထားကြဘူး။ သည်အိမ်ကိုလဲ အသက်ကြီးတဲ့အဘိုးအဘွား သို့မဟုတ် အဘိုးအဘွားမရှိရင် အိမ်ရှင်ယောကျ်ားထဲက အကြီးဆုံးက အုပ်ချုပ်လေ့ရှိကြတယ်"

ဗိုလ်ကြီးနယ်ခြားဝန်ထောက်သည် စိတ်ရှည်လက်ရှည် သက်၏ အမေးကို အသေးစိတ် ရှင်းပြသဖြင့် သက်သည် အငေးသား စိတ်ဝင်စားစွာ နားထောင်၍ နေမိသည်။ ဗိုလ်ကြီး၏စကား ဆုံးသွားသောအခါ သက်သည် သက်ပြင်းကလေး ချလိုက်ပြီးလျှင် ရှေ့တူရူမှ တဲအိမ်ရှည်ကြီးအား လှမ်းမျှော်၍ ကြည့်လိုက်လေ၏။

လှေကားထစ်၏ အောက်ဆုံး၌ ဒူးလင်းလုံမငယ် ၂ ယောက်သည် ကချင်လွယ်အိတ်လုလုကလေးများကို ရက်လုပ်၍နေကြ၏။ ကားစွင့်ကြီးမားသော ဂျိုကြီးများနှင့်ကျွဲခေါင်းခြောက်ကြီး ၂ လုံးသည် လှေကားထိပ်ရှိ အိမ်တိုင်၌ ခံ့ညားစွာ ချိတ်ဆွဲ၍ထားလေသည်။ သက်သည် ကျွဲခေါင်းခြောက်ကြီးများကို ကြည့်ကာ မြောက်ကမ္ဘာဇ တရုပ်နီနယ်စပ်ရှိ ဝ,ရိုင်းများ၏ ရွာသို့ ရောက်ရှိခဲ့စဉ်က မြင်တွေ့ခဲ့ရဖူးသော လူခေါင်းကြီးများနှင့်ဝရိုင်းများ၏ တဲအိမ်ကြီးများကို ပြေး၍ သတိရမိလေသည်။

သို့သော် ဒူးလင်းများနှင့်ဝရိုင်းများသည် လူမျိုးချင်းလည်း မတူ၊ ဘာသာချင်းလည်း ကွဲပြားလျက်ရှိသည်ကို သက်က သတိရတွေးလာမိပြန်သည့်အတွက် ကြက်သီးထသယောင် ဖြစ်၍ နေရာမှ ပြေပျောက်၍ သွားခဲ့ရပြန်လေသည်။

ဖွဲ့ဖွဲ့ကလေး ကျဆင်းလျက်ရှိသော မိုးသည် မာန်တင်း၍လာကာ ဗွက်ထူလမ်းနှင့်ကြီးမားသော တဲအိမ်ခေါင်မိုးကြီးများပေါ်သို့ ဒလကြမ်းပင် ကျဆင်း၍ လာခဲ့လေ၏။

"လာ သွားကြရအောင် ခရီးဖင့်နေတော့မယ်"

သက်သည် ထီးကို ပခုံးပေါ်၌ ကန့်ကလျလေး တင်၍ထားရာမှ မတ်မတ်ကလေးပြောင်း၍ ဆောင်းလိုက်ရင်း ခရီးဆက်ရန် ဗိုလ်ကြီးနှင့်ရဲဘော်များအား အဖော်ညှိလိုက်လေ၏။

မီးခိုးအူလျက်ရှိသော တဲအိမ်လှေကားမှ ပုဆိုးအကွက်တုံးနှင့်ဂျင်းဖောအမျိုးသားတစ်ယောက်သည် သက်တို့၏ အဖွဲ့ရှိရာသို့ အူယားဖားရားပင် ပြေးဆင်း၍လာလေသည်။ အမျိုးသားကြီးကို မြင်ဖူးသလိုလို ရှိသည်နှင့်သက်က ဆီး၍ ပြုံးကာ နှုတ်ဆက်လိုက်လေ၏။

"ကဂျာ–ဂျဖွတ် ဒူးဝါး၊ ကောင်းသောနံနက်ခင်းပါ ဒူးဝါးကြီး"

တတ်သရွေ့သော ဂျင်းဖောစကားများကို သက်က အိတ်သွန်ဖာမှောက် ပြောချကာ ဒူးဝါးကြီးအား နှုတ်ဆက်လိုက်လေသဖြင့် ဒူးဝါးကြီးသည် မဲနက်သောသွားကြီးများ ပေါ်လေအောင် အားရပါးရ ပြုံးရယ်လိုက်ပြီး သူ၏ လက်နှစ်ဖက်ကို ယှက်၍ သက်ရှိရာသို့ လှမ်း၍ ပေးလိုက်လေ၏။

"ဂရာခူးဂေါ်ရဲ့ငါ့အင်နီဒူးဂျန်း။ အခြေအနေ ကောင်းပါရဲ့လား ဗိုလ်ကြီးကတော်"

"အံမယ် မလုပ်ပါနဲ့၊ ကျမ ဒူးဂျန်း မဟုတ်ပါဘူးလို့ ပြောလိုက်စမ်းပါ ဗိုလ်ကြီးရေ...၊ သည်လောက် အများကြီးဆိုတော့ ကျမ ပြန်မပြောတတ်တော့ဘူး။ ဒါပေမယ့် (ဒူးဂျန်း)ဗိုလ်ကတော်တော့ ကျမ မဟုတ်ပါဘူး"

ဒူးဝါးကြီး၏ နှုတ်ဆက်သံကို ကြက်သီးထသလို သက်က ကသောကမျောပြင် ခေါင်းခါ လက်ခါနှင့်ဗိုလ်ကြီးကျော်ကြည်လအား လှည့်၍ စစ်ကူတောင်းလိုက်မိရှာလေတော့၏။

"ငိုင်ကော့ ဒူးဂျန်းအမ့်ရဲ့၊ ကျမဟာ ဗိုလ်ကတော် မဟုတ်ပါဘူး"

သက်သည် ရယ်မောနေသော ဗိုလ်ကြီးကျော်ကြည်လနှင့်ရဲဘော်များအား အားမရဟန်ဖြင့် ကတိုက်ကရိုက် မှတ်မိသမျှသော ဂျင်းဖောစကားများကို ဆက်စပ်၍ ဒူးဝါးကြီးအား လှည့်ကာ ပြောချမိလေတော့၏။

"ရဲ... ရဲ... ကျနော် သိတယ်၊ ဟုတ်ပါတယ်။ ဟို မနေ့ပွဲတုန်းက ကျနော် မြင်လိုက်ပါတယ်"

ဒူးဝါးကြီးသည် ခေါင်းကြီးကို အားပါးတရ ညိတ်ရင်း ဂျင်းဖောဘာသာဖြင့် ဆက်တိုက်ကြီးပင် ပြောလိုက်

ပြန်သဖြင့် သက်သည် အူကြောင်ကြောင်ဖြင့် ဗိုလ်ကြီးကျော်ကြည်လအား အကူအညီတောင်းလိုသောဟန်ဖြင့် ကြည့်လိုက်ရှာလေသည်။

"ဒုက္ခပဲ ဗိုလ်ကြီးရေ... (Rai Rai)ဆိုတာကို ကျုမ သိပါတယ်။ ဟုတ်တယ် ဟုတ်တယ်လို့ ပြောနေတာ မဟုတ်လား"

ဗိုလ်ကြီးကျော်ကြည်လသည် ဂျင်းဖောအမည်ခံယူ၍ ဂျင်းဖောဘာသာကို မတတ်ကျွမ်းသော သက်နှင့် တဇွတ်ထိုးပြောနေသော ဒူးဝါးကြီး၏ အဖြစ်သဲပုံကို ကြည့်ကာ အသံထွက်အောင် ရယ်မောမိလေတော့၏။

"မနောပွဲတုန်းက ဆရာမနဲ့ကျုနော်တို့အသိုက် အတူတူ တက်ရောက်တုန်းက မိန်းမဆိုလို့ ဆရာမကိုပဲ တွေ့ရတော့ ဗိုလ်တစ်ယောက်ယောက်ရဲ့ ဒူးဂျန်းလို့ သူက ယူဆလိုက်တာလေ"

"ဟာ... ဗိုလ်မှူးကြီးစောမြင့်ကို ကြိုဆိုတဲ့မနောပွဲတုန်းကလား၊ အဲဒါမှ ဒုက္ခပဲ၊ လူတွေကများ ဗွက်တွေ မိုးရေတွေထဲမှာ ကျုမ ဘယ်သူတွေနဲ့ ညှပ်ပြီးပါသွားတာပါလိမ့်။ ဘယ်က "ဒူးဝါး"တွေကိုများ ကျုမရဲ့ ဟာ...ဒုက္ခပါလား ဗိုလ်ကြီးရေ..."

မျက်လုံးကလေးများ ဝိုင်းဝိုင်းလည်၍ သွားလေအောင် သက်က စိုးရိမ်တကြီး အော်မိလေတော့၏။

ယခုမှ မြင်ဖူးပါသည်ဟုထင်မိသော ဒူးဝါးကြီး၏ မျက်နှာကို ကြည့်ကာ (နယ်ခြားချုပ်ကြီး)အား ကြိုဆိုကြသော မနောပွဲတုန်းက ခေါင်းဆောင်မနောဆရာကြီး၏ မျက်နှာသည် သက်၏ မျက်စိတွင်း၌ ပေါ်၍လာခဲ့လေသည်။

ထိုစဉ်က "ဝဏ္ဏကျော်ထင်"ဘွဲ့ရ "မချမ်းဘောရွာဒူးဝါးကြီး ဝဏ္ဏကျော်ထင် ဆွမ့်ဒူးဂမ်း"၏ ညီတစ်ဝမ်းကွဲ "ဆွမ့်ဒူးရော"သည် အောက်ချင်းငှက်နှုတ်သီးတပ်၍ထားသော မနောဦးထုပ်နှင့်ငွေချည်ပွင့်ထိုး တရုပ်ဖဲဝတ်ရုံကြီးကို ခြုံ၍ထားကာ မျက်နှာနှင့်လက်နှစ်ဖက်မှာလည်း ဆေးနီများ ခြယ်၍ထား၏။

သက်သည် မနောအဆောင်အယောင်များကင်း၍နေသော "ဆွမ့်ဒူးကားရွာ"၏ ဒူးဝါးကြီးအား ကြည့်ကာ အရှက်ပြေပြုံး ပြုံး၍ပြရင်းက ခေါင်းကလေး ခါ၍ ပြလိုက်ပြန်လေ၏။

"ငိုင်ကော့ မြစ်အမ့်ပျော်အေးဒူးဝါး ငိုင်ကော့ ဒူးဂျန်းအမ့်ရဲ့၊ ကျုမလဲ စိတ်မပျော်တော့ဘူး၊ ကျုမလဲ ဗိုလ်ကြီးကတော် မဟုတ်ဘူး"

"ဒူးဝါးကြီး ဆွမ့်ဒူးရော"သည် သက်၏ မတောက်တခေါက် ဂျင်းဖောဘာသာနှင့်ဖြေရှင်းချက်ကို ခေါင်းခါ၍ အားရပါးရရယ်လိုက်ပြီးလျှင် သက်တို့အဖွဲ့အား မိမိ၏ နေအိမ်ကြီးဆီသို့ ကြွရောက် ခေတ္တအပန်းဖြေပါရန် ဖိတ်မန္တကပြုလိုက်လေ၏။ သက်သည် ဗိုလ်ကြီး၏ နောက်မှကပ်၍ ဒူးဝါးကြီး၏ အိမ်သို့တက်ရန် ဟန်ပြင်လိုက်မိပြီးကာမှ မျက်နှာဆီသို့ တအားရိုက်ခတ်လာသော မီးခိုးတန်းကြီးကြောင့် မီးခိုးလာရာဘက်ဆီသို့ လှည့်ကာကြည့်မိလေ၏။

ဒူးလင်းဂျင်းဖောအဖိုးအိုတစ်ယောက်သည် မီးပုံတစ်ခု၏ ရှေ့၌ ထိုင်၍ ရှည်လျားသေးငယ်သောအခေါင်းပွနှင့်ဝါးချောင်းကလေးများကို မီး၌ ထည့်ဖုတ်ရင်း နှုတ်မှတတွတ်တွတ် ရွတ်ဖတ်၍နေလေသည်။

အဖိုးအို၏ ရှေ့မြေပေါ်ဝယ် ဖက်ရွက်စိမ်းနှင့်ထုပ်ထားသော အမှုန့်ဖြူဖြူကို ဖြန့်ချ၍ထား၏။ အဖိုးအိုသည် ဖက်ထုပ်တွင်းမှ အမှုန့်ဖြူများကို လက်ဖြင့် ဆုပ်ယူလိုက်ကာ မီးပုံထဲသို့ ပစ်ထည့်လိုက်လေ၏။ မီးခိုးများသည် အူထွက်၍လာလေသည်။ မီးပုံ၌ ထည့်ဖုတ်ထားသော ဝါးချောင်းငယ်မှ ဖောင်းကနဲ ပေါက်ကွဲသံကလေးသည် မီးခိုးနှင့်အတူ ဝေ့ပျံကာ ထွက်ပေါ်၍လာခဲ့လေသည်။

ကြီးမားသောအိမ်ခပြင်မှ တိုင်လုံးကြီးများဝယ် ကျွဲခေါင်းခြောက်ကြီးများ အစီအရီ ချိတ်ဆွဲ၍ ထား၏။ အိမ်တိုင်နှင့်ကားစွင့်သော ကျွဲခေါင်းမှချိုကြီးများသည် ဝေ့လည်နေသောမီးခိုးများကြား၌ ကြက်သီးထလောက်စရာပင် ခံ့ညားလှလေသည်။

သက်သည် လွယ်၍ထားသော ကင်မရာကို ချွတ်ယူလိုက်ပြီးလျှင် ကြိုက်မှန်းမသိ မကြိုက်မှန်းမသိ ဒူးလင်းအဖိုးအိုရှိရာသို့ အပြေးအလွှား ရွံ့ဗွက်များကို ကျော်လွှားကာ ရောက်၍သွားလေတော့၏။

ဝေရီမှောင်လှသော ပတ်ဝန်းကျင်နှင့်မိုးသဲသဲကြား၌ သက်သည် ဒူးလင်းဂျင်းဖောအဖိုးကြီး၏ လှုပ်ရှားမှုအားလုံးကို ကင်မရာဖြင့် ဖြစ်သလို ဖမ်း၍ ဖမ်း၍ ရိုက်ယူလေသည်။

"ဆရာမ…ဆရာမ…"

ဗိုလ်ကြီးကျော်ကြည်လသည် အပြေးအလွှားပင် သက်ရှိရာသို့ လိုက်၍ လာခဲ့လေ၏။

"သူတို့ကြိုက်လား မကြိုက်လား မသိရပဲနဲ့ မရိုက်ပါနဲ့ဦးဆရာမ"

အစိုးရိမ်လွန်သော တောင်တန်းသားဗိုလ်ကြီးသည် သက်ကို အမောတကော တားမြစ်လိုက်လေ၏။

"ကိစ္စမရှိပါဘူး၊ ကျမက သူတို့ရဲ့ဓလေ့ထုံးစံနဲ့ ယဉ်ကျေးမှုကို လေ့လာတာပဲရှင်၊ မကြိုက်စရာ မရှိပါဘူး"

သက်သည် ဗိုလ်ကြီးကိုလှည့်၍ အေးဆေးစွာ ဖြေလိုက်ရင်း ဒူးလင်းအဖိုးကြီးကိုပါ လှည့်၍ မျက်နှာချိုသွေးကာ ပြုံးရယ်၍ ပြလိုက်လေ၏။

ဒူးလင်းအဖိုးအိုသည် သက်ကို စကားပြန်၍ မပေးတော့ပဲ မီးအပူရှိန်ဖြင့် ပေါက်ကွဲ၍ အက်သွားခဲ့သော ဝါးလုံးခေါင်းပွကလေးကို ကြည့်လိုက်၊ သက်၏ ချိုပြုံးသောမျက်နှာကလေးကို လှမ်းကြည့်လိုက်နှင့် အတော်ပင် အလုပ်များ၍ သွားရရှာလေသည်။

"စိတ်မဆိုးပါနဲ့လို့ ပြောပြပါနော်၊ သည့်မှာ ခင်ဗျား ဗမာလို နားလည်ပါတယ်နော်၊ ကျမက တစ်ခါမှမမြင်ဘူးလို့ ကြည့်တာလို့ ပြောပြနော် ဟုတ်လား၊ ပြီးတော့ ဓာတ်ပုံရိုက်တာကိုလဲ စိတ်မဆိုးပါနဲ့လို့ ပြောပြနော်"

လေသံကို နှိမ့်၍ အသံကို ချိုနိုင်သမျှ ချိုအောင် ကြိုးစားကာ အဖိုးအို၏ ဓားလွယ်ခုတ်ရှိ မီးဖို၏ ရှေ့နားဆီ၌ ထိုင်၍နေသော ဂျင်းဖောလုလင်အား တောင်းပန်သလို ပြောပြကာ အကူအညီတောင်းလိုက်ပြန်လေ၏။

ဂျင်းဖောပျိုသည် သက်ကို ပြုံးရယ်၍ ပြလိုက်ပြီးလျှင် မီးပုံကို လှမ်း၍ ဆွပေးလိုက်လေသည်။

"ဗမာလို ပြောတယ်မဟုတ်လားဟင်…"

သက်သည် ထပ်ဆင့်၍ သေချာအောင် ဂျင်းဖောလုလင်အား မေးလိုက်ရင်း မြန်ဆန်စွာ မီးပုံနှင့်ကျွဲခေါင်းကြီးများကို ဓာတ်ပုံရိုက်ယူလိုက်မိသည်။

ဂျင်းဖောလုလင်သည် သက်ကို ခေါင်းယမ်း၍ ပြလိုက်ပြီးလျှင် ခပ်တည်တည်ပင် ဖြေလိုက်ပြန်လေသည်။

"မတတ်ပါဘူး…"

"ဟင်…"

သက်သည် မျက်လုံးကလေး ပြူး၍ ဂျင်းဖောလုလင်အား ကြည့်ကာ အသံထွက်အောင် ရယ်မောမိတော့၏။

"ဟင်… ခင်ဗျား အခုပြောတဲ့မတတ်ဖူးဆိုတာ ဘာစကားလဲ"

"မြန်မာစကား…"

ဂျင်းဖောလုလင်သည် လူမိသောသူခိုးပမာ မဲ့ရမလို ရယ်ရတော့မလိုနှင့် နှုတ်မှလည်း အလိုလိုပင် မြန်မာဘာသာဖြင့် ပီပီသသကြီး သက်ကို ဖြေမိလျက်သား ဖြစ်၍သွားတော့၏။

"ကြည့်စမ်း…၊ အလကား…လူကို မောအောင်၊ ခင်ဗျား အားကြီး ညာပြောသကော ဟင်…"

သက်သည် ကလေးဆန်ဆန် မခံချိမခံသာ ဂျင်းဖောလုလင်အား ပြောချလိုက်ပြီးလျှင် နတ်ပင့်နေသူအဖိုးအို၏ အနီးမှ ခွာထွက်ခဲ့လေ၏။

×××××××××××××××××××

သဲသဲမဲမဲရွာ၍နေသော မိုးသည် တဖြည်းဖြည်းချင်း အားလျော့၍လာခဲ့လေသည်။ တိမ်တိုက်တွေကြား၌ ငုပ်လျှိုး၍နေခဲ့ရရှာသော သူရိန်သည် ဘွားကနဲ ထွက်ပေါ် ၍ လာခဲ့၏ ။

"ခုနင်ကဟာ ဘာနတ်ကို ပင့်နေတာလဲဟင်…ဖိုးလ်ကြီး…"

"ဒူးဝါးကြီး ဆွမ့်ဒူးရော"ပေးလိုက်သော ကြက်ဥကို ရှမ်းအဖွားကြီးအား လှမ်း၍ ပေးလိုက်ရင်း သက်သည် နယ်ခြားဝန်ထောက်အား မေးမိလေသည်။

"ခွဲခြားပြီးတော့ အခုနေခါ မပြောနိုင်သေးဘူး ဆရာမ၊ ဘာပြုလို့လဲဆိုတော့ အခုမှ နတ်ကို ပင့်နေတာ"

နယ်ခြားဝန်ထောက် တောင်တန်းသားဖိုးလ်ကြီးသည် သူတို့(နယ်ခြားအုပ်ချုပ်ရေးဌာန)၏ (ဋ္ဌေသည်တော်)အား နဖူးကြောကြီးများ ရှုံ့ကာ စဉ်းစဉ်းစားစား ဖြေရလေတော့သည်။

"အင်းလေ… ကျမ မေးနေတာကလဲ အခုပင့်နေတဲ့နတ်ကို မေးနေတာပဲ၊ ဖိုးလ်ကြီးကလဲ…"

ဖိုးလ်ကြီး၏ အဖြေပေးပုံကို မကျေနပ်သလို သက်က အတွန့်တက်၍ မေးလိုက်ပြန်လေ၏ ။

"ဟုတ်ပါတယ်၊ ကျနော်ကလဲ ဒါကို ဖြေနေတာပဲ။ သည်လိုလေ ဆရာမရဲ့၊ အိမ်ဦးနတ်၊ အိမ်နောက်ဖေးနတ်၊ အိမ်တွင်းနတ်၊ ရွာစောင့်နတ်၊ တောင်စောင့်နတ်၊ စုံလို့ပေါ့။ နတ်တွေ အမျိုးမျိုးရှိတယ်။ ဥပမာ–သည်နှစ်သည်အိမ်သားတွေဟာ ဘာနတ်ကို ပသကိုးကွယ်ရမလဲ၊ ရှေ့ကို ဘာဖြစ်ကြဦးမလဲဆိုတာကို သိရအောင် အခုလိုပဲ နတ်ကိုပင့်ပြီး မေးကြည့်ကြရတယ်ခင်ဗျ။ ခုနင်က ဖောင်းဆိုပြီးကွဲသွားတဲ့ဝါးလုံးကလေးကို ဆရာမ မြင်လား၊ အဲဒါကို ကြည့်ပြီး နတ်ဆရာကြီးက ဘာနတ်ကြွလာတယ်၊ ဘယ်လိုပသကြရမယ်ဆိုတာကို ပြောပြနိုင်တယ်ဗျ"

"အဆန်းဘဲနော်…၊ ကျမတို့ဆီက နတ်ကတော်တွေ နတ်ပင့်တာကို ကျမ မြင်ဖူးတယ်။ သူတို့ပင့်ချင်တဲ့နတ်ကို ပင့်လိုက်၊ အဲသည်နတ်ဟာ သူတို့ကို ဝင်ပူးပြီး သူတို့ကို စကားပြောတော့တာပဲသိလား ဖိုးလ်ကြီး။ သည်က ဖိုးလ်ကြီးတို့ ကချင်နယ်က သည်လို မဟုတ်ဘူးနော်"

နေကျဲကျဲ၌ သက်သည် လေးလံ၍ စိုထိုင်းသော လည်ရှည်ဖိနပ်ကြီးအား ဒရွတ်တိုက်ဆွဲ၍ လျှောက်ရင်းက တအံ့တသြပင် မှတ်ချက်ချမိလေတော့၏ ။ ခြေလျှင်ခရီး၌ ကျင့်သားမရှိသေးသဖြင့် သက်၏ မျက်နှာနှင့်တစ်ကိုယ်လုံးတို့သည် ချွေးသီးချွေးပေါက်များဖြင့် ရွှဲရွှဲစို၍ နေတော့၏ ။ သက်သည် ဘောင်းဘီအိတ်မှ မျက်နှာသုတ်ပုဝါအငယ်စားကလေးကို ထုတ်၍ မျက်နှာဆီသို့ တအားပွတ်ကာ သုတ်လိုက်ပြီးလျှင် ထီးကို ပခုံးပေါ် သို့တင်လိုက်လေ၏ ။

"ဆရာမ မောသလား…"

ရဲဘော်လေး မြသိန်းသည် သက်၏ ချွေးဥနေသောမျက်နှာကလေးကို ကြင်နာသယောင် ကြည့်ကာ မေးလိုက်သည့်အတွက် နွမ်းနယ်၍နေပြီဖြစ်သော်လည်း ပါလာသော အဖော်များ စိတ်မကောင်းဖြစ်မည်ကို စိုးမိသဖြင့် သက်က ခေါင်းကို ယမ်းခါ၍ ပြုလိုက်လေ၏ ။

××××××××××××××××××

## ချောင်းရေကြီးပါလို့ မကူးနိုင်

×××သားဒွဲကော်၊ အနွန်ရောဒွါဆိုင့်၊ အာကိတ်အအာကောက်ဆွမ်းယူရန်၊ ဂွန်ဖရော်–ခင်မွန်းအ၊ မနာဒိုင်×××

"ရဲဘော်ရဲလုံ"၏ ဂျင်းဖောတေးသံချိုလွင်သည် ခပ်ဝေးဝေးဆီမှ မှန်မှန်ကလေးပင် ထွက်ပေါ်၍နေလေသည်။

"ကြည့်စမ်း အီကော ရဲဘော်ကြီးက ကချင်သီချင်းတွေဆိုလို့ဟယ်၊ ဗိုလ်ကြီး အဲဒါ အဓိပ္ပါယ်ဘယ်လိုရသလဲ"

နယ်ခြားဝန်ထောက်၏ မျက်နှာသည် နေရှိန်ဖြင့် ရှုံ့မဲ့၍နေရာမှ ချိုချိုပြုံး၍လာခဲ့လေ၏။

"အတော်ရယ်စရာကောင်းပါတယ် ဆရာမ"

"အဲသည် ရယ်စရာကောင်းတာကိုပဲ ပြောပြစမ်းပါ၊ မောတဲ့ကြားက ရယ်ရတာပေါ့ရှင့်"

မောဟိုက်သောလေသံဖြင့် သက်သည် ခပ်သောသောပင် ပြောမပြလိုသူအား ထပ်ဆင့်၍ မေးလိုက်ပြန်လေ၏။

"အာ... အင်းအင်း...သည်လို ဆရာမရဲ့"

နယ်ခြားဝန်ထောက်သည် ပြောမထွက်ဟန်ဖြင့် ခေါင်းကို တစ်ချက်မျှ ကုတ်လိုက်လေ၏။

"ဂျင်းဖောလို (Tsa Doi)ဆိုတာက တတိယသားကို ခေါ်တာ ဆရာမရဲ့၊ အင်း... သားဒွေ တတိယသားလေးဟာ အပျိုမလေးတစ်ယောက်ကို မြင်ထားပါပြီတဲ့၊ ကုန်ကျမဲ့ အသေးအဖွဲ့စရိတ်ကို တွက်ကြည့်ရင် ငွေတသောင်းတထောင်ခန့် ကုန်လိမ့်မယ် ထင်ပါတယ်တဲ့၊ ဟား...ဟား...ဟား... အားကြီးရယ်စရာ ကောင်းတယ်"

ရှက်သလို ရယ်မောရင်း နယ်ခြားဝန်ထောက်သည် အစစ စပ်စပ်စုစု လေ့လာမေးမြန်းလိုသောသက်အား ဖြေလိုက်လေ၏။

"ဆရာမတို့ စာရေးဆရာတွေဟာ အားကြီးစစ်စစ်ပေါက်ပေါက် မေးတတ်တာပဲ"

တောင်တန်းသားကြီးသည် ခြေရှုပ်တိုက်၍ တစ်လှမ်းချင်း မိမိ၏နောက်မှကပ်လိုက်၍ လာသော သက်အား မကျေနပ်ဟန်ဖြင့် ပြောချလေတော့၏။

"ကျမတို့အလုပ်က အမှန်ကို လေ့လာပြီး စာဖတ်သူတွေကို ရေးပြရတာ၊ အမှားတွေ ရေးမိရင် မရောက်ဖူးတဲ့လူတွေကို လူမထင်ရာကျတော့မှာပေါ့၊ ပြီးတော့လဲ ဘယ်ကောင်းပါ့မလဲ ဗိုလ်ကြီးရဲ့။ သည်လောက်ဖြေရတာကို မကျေနပ်ရင်လဲ မမေးတော့ဘူးလေ... ဂျင်းဖောတွေအကြောင်း မမှန်တောတွေပဲ ကျမ နားလည်သလို ရေးတော့မယ် သဘောတူလား..."

အမေးအမြန်းထူလှသူ မိမိအား မကျေမနပ်ဖြစ်လျက်ရှိသော နယ်ခြားဝန်ထောက်အား သက်က ရှင်းပြရလေသည်။

"အမယ်လေး... သည်လိုတော့ မရေးပါနဲ့၊ မေးချင်တာသာ မေးပါ၊ ကျနော် ဖြေပါ့မယ်။ ဆရာမက ကျနော်တို့ရဲ့နယ်ခြားဧည့်သည်ပဲ"

သက်သည် နယ်ခြားဝန်ထောက်၏စကားဆုံးလျှင် သဘောကျလာသောအသွင်ဖြင့် ရယ်မောလိုက်လေတော့၏။

မြေပြန့်လမ်းသည် နိမ့်၍ နိမ့်၍ ကွေ့ဝိုက်ကာ ဆင်းသွားပြန်လေသည်။ သက်ကယ်ပင်များသည် ကုန်းနိမ့်ကလေးအတိုင်း နိမ့်လျှော့ကျယ်ပြန့်စွာ ပေါက်ရောက်လျက် အောက်ပိုင်းဘက်ဆီသို့ ဆင်း၍နေကြ၏။

ရေစီးသံသဲ့သဲ့သည် ကိုင်းပင်ထိပ်ဖျားပေါ်၌ ရှုပ်တိုက်ပြေးလွှား၍ နေကြသော လေများနှင့်အတူ သက်တို့ရှိရာသို့ပျံ့ဝဲ၍ လိုက်ပါလာကြလေသည်။ ရေစီးသံထွက်ပေါ်ရာ အောက်ပိုင်းဆီသို့ သက်သည် ထီးကို ပိတ်၍ အပြေးကလေး ဆင်းကာသွားလေ၏။

တဝေါဝေါစီးဆင်းနေသော ချောင်းရေ၌ ကျောက်ဆောင်ကြီးများသည် မိုးထက်သို့ ထိုးထွက်၍နေကြ၏။

"ဆလာမ... ဆလာမ..."

အစီးသန်သလောက် လှနိုင်လွန်းလှသော ချောင်းရေကို အငေးသားကြည်နူး၍ နေမိစဉ် သက်အား လီစူး ပြာတာကြီးက ကျောပိုးအိတ်ကို ချောင်းရိုး၌ အသာချရင်း လက်တစ်ဖက်ဖြင့် သူ၏ကျောကုန်းကို ပုတ်ကာ

ပြ လိုက်သဖြင့် သက်သည် လီစူးပြာတာကြီးအား အံ့သြစွာ နားမလည်သောအသွင်ဖြင့် ကြည့်မိတော့၏။

"ဖားဘောအေး–ပြာတာ"

သက်သည် ပြာတာကြီးအား အံ့သြစွာ ကြည့်၍နေရာမှ သတိရ၍လာသလို တတ်သလောက်သောဂျင်းဖော စကားဖြင့် ပြာတာကြီးအား မေးလိုက်ရလေတော့သည်။

ပြာတာကြီးသည် သက်၏ ဂျင်းဖော့စကားအသံထွက်ပုံကို သဘောကျသလို ကွမ်းသွေးများ ပေကျံနေ သော နှုတ်ခမ်းကို ဖြဲ၍ ရယ်မောလိုက်လေ၏။

"ငါတို့ ပိုးပေးမယ်လေ...ဆရာမ၊ နော်...ဟုတ်လား"

စစ်ဘောင်းဘီကြီးကိုပင့်လိပ်၍ ဒူးထက်သို့တင်ထားသော အီကောစစ်သားကြီးရဲဘော်ရဲလုံသည် ချောင်း ၌ ကုန်းကွကွကြီး လုပ်၍နေရာမှ သက်ရှိရာသို့ ချဉ်းကပ်ကာ လာခဲ့ပြန်လေ၏။

"အဲ...ကြည့်စမ်း၊ ဟုတ်သားပဲ... မဲ့ထောင်ဝ်ရေ ဟိုဘက်ကူးစရာ တံတားမှမရှိပဲ"

ယခုမှ သဘောပေါက်၍လာသလို သက်သည် ရေတိုက်စားသွားသောချောင်းစပ်မှ တံတားငုတ်ကလေးကို ကြည့်ကာ တအံ့တသြအော်မိရှာလေသည်။ ချောင်းရေတို့သည် တအံ့တသြ သက်၏ ဖြစ်ဟန်ကို သဘောကျသလို တဝေါဝေါ ရယ်သံပြုကာ နိမ့်ကျသော တောအုပ်အုပ်ဘက်ဆီသို့ ပြေးဆင်း၍ သွားနေကြ၏။ ချောင်းစပ်မှဝါသော တောပွင့်ရိုင်းကလေးများသည် စိမ်းသောပင်စည်ကြီးများ၏ ထိပ်ဖျားဆီမှ ကြွားဝင့်သော(သစ်ခွပြာ)များကို မ ပြိုင်ဝံ့သလောက် ကိုင်းမြက်ဖုတ်ပင်များကြားသို့ ဝပ်၍နေကြ၏။

တချက်တချက် ဂျီဟောက်သံသဲ့သဲ့သည် တောအုပ်စိမ်းစိမ်း၏ နောက်ကွယ်ဆီမှ ထွက်ပေါ်၍ လာလေ သည်။ မျောက်လွှဲကျော်များ၏ အော်သံကား လွမ်းစဖွယ်ကောင်းလှသော ဂျီငယ်၏ အသံကို ဝါးမျို၍သွားတတ် ပြန်လေသည်။

မြိုင်ညိုညို့နယ်၊ စုံတောရဂုံလယ်မှာ၊ ဖိုမောင်မယ်ကိန္နရီနှင့်၊ ရွှေစာမရီသား၊ ကျား, ကြံ့, ကြောင်, ဆင်၊ တိုးအောင်းစံပျော်ရှင်တဲ့၊ စမ်းရေယဉ်ဗွေဂီယ်မှာ တန်ဘိနတ်များ။

"ဆရာမ ပိုးလိုက်ရင် ကောင်းမယ်ထင်တယ်"

ထီးကို မြေ၌ ထောက်၍ ရပ်နေသော နယ်ခြားဝန်ထောက်သည် သက်ကို အကြံပေးသလို ပြောပြလိုက် သည်။ တောတောင်စိမ်းစိမ်း၏ အလှ၌ အငိုင်သားနစ်မြော၍နေရှာသောသက်သည် နယ်ခြားဝန်ထောက်၏ အ သံကြောင့် ခေါင်းကလေး မော့လာခဲ့လေ၏။

"ငါတို့ ပိုးပေးမယ်လေ၊ နော် ဆရာမ..."

"နေ...နေ၊ ကျေးဇူးတင်ပါတယ်ကွာ၊ ဒါပေမယ့် ဘယ်လိုလုပ်ပြီး ကျမက ရဲဘော်ကို ပိုးပြီး လိုက်ရက်ပါ့မ လဲ"

"ကိစ္စမရှိပါဘူး၊ ငါတို့ပိုးတာဘဲ..."

အားနွဲ့သူ မြို့ကြီးသူတစ်ယောက်အနေဖြင့် ရဲဘော်များက သက်အား ကူညီလိုကြသည်။ ညှာတာချင်ကြ သည်။ သက်သည် သူတို့၏ ကြင်နာတတ်မှုကို တန်ဖိုးထားမိရှာပါ၏။ သို့သော် ခြေနှစ်ချောင်းကို အသုံးပြု၍ အ ပင်ပန်းခံ လျှောက်လာခဲ့ကြသူချင်း အတူတူပါလျက်နှင့်(အားနွဲ့သူ)ဟူသော စကားလုံးကလေး(သုံးလုံး)ဖြင့် သူ တထူးကို ပို၍ ပင်ပန်းစေလိုသောစိတ်ဆန္ဒ မရှိရက်နိုင်သည့်အတွက် ခေါင်းကို တွင်တွင်ကြီးပင်ခါ၍ ရဲဘော်များ ၏ စေတနာကို ငြင်းပယ်လိုက်ရလေတော့၏။

"ဒါဖြင့် နေဦးကွာ ဆရာမ၊ ငါတို့ လမ်းလုပ်ပေးမယ်"

အီကောရဲဘော်နှင့်လီစူးပြာတာကြီးသည် ရေထဲသို့ဆင်းရန် ဟန်ပြင်နေသော သက်အား ကတိုက်ကရိုက် တားမြစ်လိုက်ကြပြီးလျှင် ချောင်းတွင်းသို့ ဆင်းသွားကြပြန်လေ၏။

ရှမ်းအဖွားကြီးသည် ဖိနပ်ကို ကုန်း၍ချွတ်လိုက်ကာ ထဘီကို တိုတိုပြင်၍ ဝတ်လိုက်လေ၏။

အီကောရဲဘော်"ရဲလုံ"သည် ချောင်းဘေးမှကျောက်တုံးကြီးများကို ချွေးပြိုက်ပြိုက်ကျအောင် မ,ကာ ချောင်းတွင်းသို့ ချ၍ ခင်းလေသည်။ လီစူးပြာတာကြီးသည် ရရာသစ်ကိုင်းကြီးများကို သယ်၍ ချောင်း၌စမ်း၍ ခင်းပြန်လေသည်။ သက်သည် ချွေးပြိုက်ပြိုက်ကျမျှ ပင်ပန်းကြီးစွာ အားနွဲ့သူတစ်ယောက်အပေါ် ကြင်နာလွန်းလှရှာသော ယောကျ်ားသားနှစ်ဦး၏ စေတနာကို ကြည့်ကာ မျက်ရည်များ ရစ်ဝိုင်း၍ လာသည်အထိဖြစ်ရသည်။

ငယ်စဉ် ကျောင်းကပွဲ၌ ပါဝင်ကပြခဲ့ရဖူးသော (ခင်နှင်းဖြူနှင့်လူပုကလေး ခုနစ်ယောက်)၏ ကြေကွဲဖွယ်ရာနှင့်ပျော်ရွှင်မြူးစရာဇာတ်လမ်းကလေးကိုလည်း ပြေး၍ သက်က သတိရလာမိသဖြင့် ငယ်စဉ်က ဟန်က ကခဲ့ရသော'မိခင်သက်ကလေး'မိမိသည် ယခု'ဆရာမကလေးသက်'အနေဖြင့် တကယ်ပင် မြို့တော်ရန်ကုန်မှ ခွဲခွာခဲ့ရပြီး ကိုယ်တိုင်ကိုယ်ကျ (ကြင်နာတတ်သော မောင်ကြီးတပ်မတော်သားများ)နှင့်အတူ တောတောင်လျှိုမြောင်များ၌ လှည့်လည်ကာ ပျော်ချည်တလှည့် ပင်ပန်းကြီးစွာဖြင့် တဖုံ အပိုင်းပိုင်းကဏ္ဍခွဲ၍ ကပြနေရပါလားဟုနှိုင်းယှဉ်တွေးမိကာ ဝမ်းသာဝမ်းနည်း ဖြစ်၍ လာရရှာတော့၏။

"ရပြီကော ဆရာမ..."

အတွေးကမ္ဘာ လှည့်လည်၍ နေမိရှာသောသက်သည် ရဲဘော်လေး၏ အသံကြောင့် သတိများ ဝင်၍လာခဲ့ကာ တဝေါဝေါအော်မြည်နေသော ချောင်းရေတွင်းသို့ ဆင်း၍လာလေ၏။

"ဆရာမ...ဖိနပ်မချွတ်ဖူးလား..."

"မချွတ်တော့ပါဘူး ဗိုလ်ကြီး၊ ဖိနပ်ကြီးက ချွတ်ခက် ဝတ်ခက်နဲ့ မထူးပါဘူး"

သက်သည် နယ်ခြားဝန်ထောက်အား လှည့်ဖြေလိုက်ရင်း ရဲဘော်လေး မ,ယူချထားပေးခဲ့သောကျောက်တုံးကြီးပေါ် သို့ ခြေတစ်ဖက်ကိုလှမ်း၍ တင်လိုက်ပြီးလျှင် ကိုယ်ကို ဆ၍ တက်လိုက်လေ၏။

တဝေါဝေါပြေး၍နေသော ရေ၏ အားနှင့်သက်၏ ကိုယ်အလေးချိန်ကြောင့် ကျောက်တုံးကြီးသည် နေရာမှရွေ့ကာသွားလေရာ သတိမထားမိသော သက်သည် ကိုယ်ကို မဟန်နိုင်ရှာတော့ပဲ ရင်ခေါင်းလောက်နက်သော (နမ့်ဘပ်တီချောင်း)တွင်းသို့ ကားကနဲ ကျ၍သွားလေတော့၏။

"အမေ့–အား...လုပ်ပါဦး၊ မဲ့ထောင်(ဝ်)ရေ"

သက်သည် အော်မိအော်ရာ ရှမ်းအဖွားကြီးအား အော်၍ ခေါ် လိုက်မိကာ လည်ရှည်ဖိနပ်နှင့်ခြေနှစ်ဖက်ကို ထောက်မိထောက်ရာ ထောက်၍ ထိန်းယူရ၏။

ထဘီစ ပေါင်လယ်ရောက်၍နေသော အဖွားကြီးသည် အစီးသန်လှသော ချောင်းလယ်၌ ဒရီးဒယိုင်ဖြစ်၍နေရှာသဖြင့် သက်အား လှည့်၍ မကြည့်နိုင်ပေ။

လီစူးပြာတာနှင့်နယ်ခြားဝန်ထောက်သည် သက်ရှိရာသို့ ရေကို ယက်ကူး၍ လာခဲ့ကြကာ သက်၏လက်မောင်းနှစ်ဖက်ကို ဆွဲ၍ ကမ်းစပ်သို့ ခေါ် သွား၏။

လည်ရှည်ဖိနပ်ကြီးနှင့်သက်၏ ကိုယ်မှ စစ်ယူနီဖောင်းတို့သည် ရေများဖြင့် ရွှဲရွှဲစိုကာ တစ်လက်မမျှရွေ့ခွာ၍ မသွားနိုင်လောက်အောင် ဖြစ်နေ၏။

"အဲဒါမှဒုက္ခပဲ ပြာတာကြီးရေ၊ ဆရာမတော့ ခင်ဗျားတို့ ဟိုလယ်ကွင်းထဲမှာခိုင်းတဲ့နွားကြီးလို ရှုန်းရတော့မယ်ကွာ...သိလား"

ရဲဘော်များနှင့်ပြာတာကြီးသည် ကြွက်စုတ်ကလေးလို တစ်ကိုယ်လုံး ရွှဲရွှဲစို၍ မှိန်းနေသည့်ကြားက ပြက်ရယ်ပြုနေနိုင်သေးသော သက်အား ကြည့်ကာ အားရပါးရကြီးပင် ပြုံးရယ်လိုက်ကြလေသည်။

ရွှင်မြူးကြည်မောစရာကောင်းလှသော အဖော်များ၏ ပြုံးရယ်ခြင်းကြား၌ မေ့မူးနေ၍လည်းမဖြစ်သေး၊ ခရီးကြမ်းကြောင့် မောနွမ်းမှုကို ဖြေသိမ့်၍လည်း မနေသာ၊ ခရီးတစ်ထောက် ကျန်ရှိနေသေးသမို့ သက်သည်

ခြေပစ်လက်ပစ်ထိုင်၍ နေရာမှ ရပ်လိုက်ပြီးလျှင် နယ်ခြားဝန်ထောက်အား ကြည့်လိုက်လေ၏။

မြင့်၍ မြင့်၍ တက်လာခဲ့သော နေရောင်သည် အုပ်ဆိုင်း၍နေသော သစ်ရွက်များကြားမှ ထိုးဖောက်ကာ ချောင်းကမ်းစပ်ပေါ်မှ ကျောက်တုံးကျောက်ခဲများပေါ်သို့ ပြောက်ပြောက်ကလေး ဖြာ၍ လာခဲ့ကြလေသည်။ မျောက်လွှဲကျော်နှင့်ဘုတ်ငှက်ညိုတို့၏ အသံသည် တောအုပ်စိမ်း၌ ညံညံဆူ၍ လာပြန်၏။

ကြင်နာတတ်သော (လူပုကလေးခုနစ်ယောက်) (ဝါ) နယ်ခြားဝန်ထောက်နှင့်ရဲဘော်တို့သည် သာယာနာပျော်ဖွယ်ကောင်းသော ဘုတ်ငှက်ညိုတို့၏ တေးဆိုညည်းသံကို မပျက်စီးစေလိုသောအသွင်ဖြင့် တိတ်ဆိတ်စွာ သူတို့၏ (ခင်နှင်းဖြူ)ဆရာမလေးသက်၏ နောက်သို့ ဖြည်းညှင်းလှစွာသော ခြေလှမ်းများဖြင့် တောအုပ်စိမ်း၏ အတွင်းသို့ လိုက်ပါ၍သွားကြလေတော့သည်။ (ဆက်ပါဦးမည်)

ယုဝတီဂျင်းဖောမယ်

မှတ်ချက်။ ။၁၉၆၀–ခုနှစ်၊ နိုဝင်ဘာလထုတ် သွေးသောက်မဂ္ဂဇင်း၊ စာမျက်နှာ (၂၁၇ မှ ၂၂၉ထိ) လာသော ဆောင်းပါးကို ပြန်လည်၍ စာစီရိုက်ထားပါသည်။

# ရှမ်းစာဆိုတော်ကဝိအကျော်ကြီးများကို

# ဂုဏ်ပြုကန်တော့ပါ၏

ယုဝတီဂျင်းဖောဗယ်
( အဗျိုးသားစာပေဆုရ )



တိုင်း(တီး)ခေါ် ကျွန်မတို့ရှမ်းလူမျိုးများသည် လွတ်လပ်ပျော်ရွှင်စွာ နေထိုင်တတ်ကြသော်လည်း အလွန်ရှေးကျစွာ ကျင့်သုံးထိန်းသိမ်းခဲ့ကြသော မိမိတို့၏ ကိုးကွယ်သည့်ဘာသာ၊ လိုက်နာရမည့်ယဉ်ကျေးမှုထုံးစံဓလေ့များနှင့်တန်ဘိုးကြီး မြင့်လှသော ရှေးဘိုးဘွားဘီဘင်တို့၏စာပေတို့ကို တန်ဘိုးသိသိဖြင့် ထိန်းသိမ်းကျင့်သုံးနိုင်ခဲ့ကြသော လူမျိုးများ ဖြစ်ပါသည်။

ဤသို့ မိမိတို့၏ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုအစဉ်အလာများကို ဂုဏ်ယူဖွယ်ကောင်းလောက်အောင် ရှမ်းလူမျိုးများ ကျင့်သုံးထိန်းသိန်းခဲ့ခြင်းမှာ“ရှမ်းစာဆိုတော်”ကြီးများ၏ကျေးဇူးကြောင့်ပင် ဖြစ်ပါ၏။ ရှေးအဘိုးအဘွားတို့ခေတ်မှစ၍ စာဆိုတော်ကြီးများဖြစ်ကြကုန်သော ရဟန်းရှင်လူစာပေပညာရှင်ကြီးများတို့သည် စဉ်ဆက်မပြတ်စာပေကျမ်းဂန်၊ နိပါတ်တော်လာများနှင့်သမိုင်းရာဇဝင်ဒဏ္ဍာရီပုံပြင်များ၊ ဝတ္ထုများကို ပြုစုရေးသားနိုင်ခဲ့ကြသူများဖြစ်၏။

ဦးစွာ တင်ပြလိုသောရဟန်းစာဆိုတော်ကြီးများမှာ“ရှင်နော်စာ”ပင်ဖြစ်သည်။ ရှင်နော်စာက ရှမ်းလူမျိုးများသည် ဗုဒ္ဓ၏အဆုံးအမတရားတော်များကိုလိုက်နာကျင့်သုံးသော၊ ကိုးကွယ်သောလူမျိုးများဖြစ်ပါသည်ဟု ရေးသားခဲ့ရုံမျှမက ရှမ်းလူမျိုးရဟန်းသံဃာတို့သည်လည်း ဗုဒ္ဓ၏တရားဒေသနာတော်များကို မည်သို့ထိန်းသိမ်းခဲ့ပြီး မည်သို့စည်ပင်ပြန့်ပွားလာအောင် ဆောင်ရွက်ခဲ့သည်များကို ရှမ်းလူမျိုးရဟန်းရှင်လူမျိုးများ သိနားလည်အောင် ရှမ်းစကားပြေဖြင့် “ပိဋကတ်စု”တွင် ဗုဒ္ဓ

ဘာသာ၏ကျင့်ဝတ်ကျင့်စဉ်နှင့်တရားထူးတရားမြတ်များ၊ အဆုံးအမများကို သံဃာတော်များစဉ်ဆက်မပြတ် ဆက်လက်လိုက်နာခဲ့ကြပုံ၊ ရဟန်းသံဃာတော်မြတ်တို့၏ သိက္ခာပုဒ်များ၊ ပထမ၊ ဒုတိယသင်္ဂါယနာတင်ခဲ့ကြပုံအကြောင်းစသဖြင့် အကျယ်တဝင့်ရေးသားတင်ပြခဲ့ပါသည်။

ရဟန်းစာဆိုတော်ကြီးရှင်နော်စာကဲ့သို့သော သက်န်းဝတ်ရဟန်းစာဆိုတော်များ၌ ကောဇာသက္ကရာဇ်(၉၅၀ မှ ၂၇၉)ခုနှစ်အထိ အစောပိုင်းစာဆိုတော်ဆရာကြီး(၂)ပါးမှာ-

(၁)ဆရာတော်စဝ်မွန်းထွေး(ထဝ်းမုခ်ေးထူလ်ုး)

(၂)ဆရာတော်စဝ်ဓမ္မဒိန္န(ထဝ်းထံ,မတိင်,ခေ)

တို့ဖြစ်ပြီး ဆရာတော်(၂)ပါးလုံးမှာ သိန္နီမြို့မဟာသံဃာအဖွဲ့ချုပ်၏အဖွဲ့ဝင်ဆရာတော်ကြီးများဖြစ်ကြ၏။ ယင်းအဖွဲ့ချုပ်သည် ကောင်(ဝ်)လုံ(ဂွင်လူင်) "မဟာစည်ကြီး"ဟူ၍ နာမည်ကျော်ကြားလူသိများသော အဖွဲ့ချုပ်ဖြစ်သည်။

ယင်းစာဆိုတော်အနက် စဝ်ဓမ္မဒိန္နအား အဖဦးထမ်းအူ၊ အမိဒေါ်ထမ်းခွက်တို့မှ ကောဇာသက္ကရာဇ်(၉၀၃)ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၉)ရက်တွင် စေဟတ်ရွာ မိန်းထိန်အုပ်စု သိန္နီမြို့နယ်မှ မွေးဖွားခဲ့သည်။ ငယ်နာမည်မှာ စိုင်းခမ်းတိန်းဖြစ်ပြီး ရှင်သာမဏေဘဝရောက်သောအခါ ရှင်ဓမ္မဒိန္နဘွဲ့ကို ချီးမြှင့်ခြင်းခံရသည်။ ဉာဏ်ပညာထက်မြက်၍ ရှမ်းဘာသာတရားတော်များ၊ ယွန်းဘာသာတရားတော်များ၊ ဂါထာ၊ ဗေဒင်၊ လက်ဖွဲ့အင်းအိုင်များ တတ်ကျွမ်းသည်။ ဗုဒ္ဓ၏တရားတော်အစုစုကို ကျမ်းပြုရေးသားပြီး ပိဋကတ်သုံးပုံကို ရှမ်းဘာသာသို့ ပထမဦးဆုံးရေးသားပြန်ဆိုသူအဖြစ် ကျော်ကြားသည်။

နောက်ပိုင်းရဟန်းစာဆိုတော်ကြီးများအဖြစ် ထင်ရှားကျော်ကြားလူသိများသော ရဟန်း(၄)ပါးမှာ-

(၁)စောင်(ဝ်)မံဖိုင်း(မိုးနဲမြို့)

(၂)စောင်(ဝ်)ကန်းဆေ

(၃)စောင်(ဝ်)နားလုံ

(၄)စောင်(ဝ်)ကောလီ(မိုင်းပန်)တို့ ဖြစ်ကြပါသည်။

ယင်းတို့အနက် စောင်(ဝ်)ကန်းဆေအား အတော်ဆုံး၊ အထက်မြက်ဆုံး စာဆိုတော်အဖြစ် အသိအမှတ်ပြုကြခြင်းမှာ ၎င်းရေးသားသော ရှမ်းစာပေများသည် ရှမ်းတိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှု၊ လောကီလောကုတ္တရာရေးရာများနှင့်ပတ်သက်၍လည်းကောင်း၊ ထိုင်း၊ ယွန်း၊ တရုတ်၊ မြန်မာ၊ မွန်ဘာသာစာပေများကို တတ်ကျွမ်းသဖြင့် ၎င်းဘာသာများဖြင့် ရေးသားသောစာပေများကို ရှမ်းဘာသာသို့ အများဆုံးပြန်ဆိုရေးသားနိုင်ခဲ့သောကြောင့် ဖြစ်သည်။

စောင်(ဝ်)ကန်းဆေကို ကောဇာသက္ကရာဇ်(၁၁၄၉)ခု၊ တန်ဆောင်မုန်းလဆန်း(၁)ရက်နေ့တွင် အဖဦးမူလွယ်၊ အမိဒေါ်နိုင်းဆန်တို့မှ ဖွားမြင်ခဲ့သည်။ ဇာတိချက်မြှုပ်မှာ နားကင်းရွာ ကျိုင်းတောင်းကျေးရွာ မိုးနဲမြို့ဖြစ်သည်။

ပိဋကတ်သုံးပုံကို ရှမ်းဘာသာသို့ ရေးသားပြန်ဆိုသူစာဆိုကြီးများအနက် စောင်(ဝ်)ကောလီ(မိုင်းပန်)၏အရေးအသားမှာ အလွန်ကောင်းမွန်သဖြင့် ကျော်ကြားလှသည်။ စောင်(ဝ်)ကောလီကို ကောဇာသက္ကရာဇ်(၁၁၈၄)ခု၊ တန်ဆောင်မုန်းလဆုတ်(၉)ရက်၊ နောင်ခေါ်ဝ်လမ်ရွာ၊ မိုင်းပန်မြို့နယ်တွင် မွေးဖွားခဲ့သည်။ အဖမှာဦးကျောင်းနွံ၊ အမိမှာ ဒေါ်ကျောင်းဆိုင်ဖြစ်ပြီး ငယ်နာမည်မှာ စိုင်းကာခမ်းဖြစ်သည်။

စောင်(ဝ်)ကောလီရေးသားသော စာများတွင် ဗုဒ္ဓရှင်မြတ်ဘုရား၏သုံးဆယ့်ရှစ်ဖြာသောမင်္ဂလာတရားတော်မြတ်ကို ပြန်ဆိုရေးသားပြုစုပြီး ဒါန၊ သီလ၊ ဘာဝနာများကို အပတ်တကုတ်ကြိုးစားအားထုတ်ကြခြင်း၊ ရေးသားပြုစုခြင်း၊ လှူဒါန်းခြင်း၊ ပေးကမ်းစွန့်ကြခြင်းဖြင့် အိုခြင်း၊ နာခြင်း၊ သေခြင်းတို့မှ ကင်းငြိမ်းရာနိဗ္ဗာန်ရွှေပြည်သို့ ရောက်ရှိကြရန်ကို အစဉ်သတိပေးဟောကြားခြင်းနှင့်ရေးသားသတိပေးတော်မူစာဆိုတော်ကြီးအဖြစ် ထင်ရှားသည်။ ဆရာတော် စာပေကျမ်းဂန်ပေါင်း(၇၀)ကျော် ရေးသားပြုစုခဲ့ပြီးနောက် သက္ကရာဇ်(၁၈၅၉)ခုနှစ်တွင် ပျံလွန်တော်မူခဲ့၏။

ရဟန်းစာဆိုတော်အကျော်အမော်တွေ၏အကြား၌ သာမန်လူပုဂ္ဂိုလ်စာဆိုတော်(၃)ဦးတို့သည် ထိုခေတ်ထိုအခါ၌ အံ့သြဖွယ်၊ ထူးခြားဖွယ် ကျော်ကြားခဲ့၏။ ယင်းတို့မှာ-

(၁)စောင်(ဝ်)နော်ခမ်း

(၂)စောင်(ဝ်)မိုင်းနောင်

(၃)နန်းခမ်းကူတို့ဖြစ်ကြ၏။

စာဆိုတော်စောင်(ဝ်)နော်ခမ်းအား ဦးခွန်ဆန်ပညာနှင့်ဒေါ်နန်းခမ်းဝါ တည်းဟူသောမိဘနှစ်ပါးမှ ကောဇာသက္ကရာဇ်(၁၂၁၈)ခု၊ သီတင်းကျွတ်လဆန်း(၇) ရက် ကျေးသီး မန်စံမြို့နယ် မိန်းနိမ်ကျေးရွာတွင် မွေးဖွားခဲ့သည်။ ၎င်းရေးသား သော ကဗျာ၊ လင်္ကာများသည် အရေးအသား အလွန်နုနယ်လှပစွာ ရေးသားတတ် သူအဖြစ် ကျော်ကြားသည်။

အမတ်ကြီးမိုင်းနောင်မှာ သဒ္ဒါ၊ လင်္ကာများကို ကောင်းစွာ တတ်ကျွမ်းသူ ဖြစ်သည်။ ၎င်းရေးသားသောစာပေသည် အတွေးအခေါ်၊ အယူအဆ လွန်စွာ ကောင်းမွန်သည်။ ၎င်းရေးသားခဲ့သော စာအုပ်မှာ(၂၀၀)ကျော်ရှိသည်။ ဗုဒ္ဓဘာသာ ဝင်ဖြစ်သည့်အလျောက် ငယ်ရွယ်စဉ်မှစ၍ သာသနာ့ဘောင်သို့ဝင်ကာ ပရိယတ္တိ စာပေများကို သင်ကြားတတ်မြောက်ခဲ့သည်။ အသက်(၁၈)နှစ်အရွယ်တွင် လူဝတ် လဲကာ ကဗျာ၊ လင်္ကာဟောကြားသူအဖြစ် အလှူမင်္ဂလာပွဲများတွင် ပြုလုပ်ပေး သည်။ မဟာအမစ္စမင်္ဂလာအမတ်ကြီးသည် ကောဇာသက္ကရာဇ်(၁၂၁၆)ခု၊ တန် ဆောင်မုန်းလဆန်း(၄)ရက်တွင် ဦးမန်ခီနှင့်ဒေါ်မန်ခီဟူသော မိဘ(၂)ပါးမှ မွေးဖွား ခဲ့သည်။

စာဆိုတော်များအနက် နန်းခမ်းကူသည် ရှားပါးထူးခြားသော ရှမ်းအမျိုး သမီးစာဆိုတော်ကြီးအဖြစ် မှတ်တမ်းတင်ရင်း ဤစာမျက်နှာမှနေ၍ကျွန်မဦးညွှတ် အလေးပြုပါ၏။ ဖခင်မှာ စာဆိုတော်ကြီးစောင်(ဝ်)ကန်းဆေဖြစ်ပြီးမှာ မိခင်မှာနန်း ဆိုင်ဆွေဖြစ်သည်။ နန်းခမ်းကူအား ကောဇာသက္ကရာဇ်(၁၂၁၅)ခုတွင် မွေးဖွားခဲ့ သည်။ ဖခင်ကြီးမှာ နန်းခမ်းကူအား ငယ်ရွယ်စဉ်မှစ၍ စာပေကျမ်းဂန်နှင့်လင်္ကာ ရေးနည်းများကို သင်ကြားပေးခဲ့သည်။ နန်းခမ်းကူသည် ဘုရားဇာတ်တော်များသာ မက ဂန္ထဝင်အချစ်ဝတ္ထုများကို ရေးသားခဲ့ရာ "ခွန်ဆာမ်လောနှင့်နန်းဦးပိမ်"ဝတ္ထု သည် ထင်ရှားကျော်ကြား လူကြိုက်များခဲ့သည်။

စာဆိုတော်ကြီးများ ရေးသားပြုစုခဲ့သော စာပေ၊ ကဗျာ၊ လင်္ကာ၊ နိပါတ် တော်လာဒဏ္ဍာရီပုံပြင်၊ မယ်ဘွဲ့၊ မောင်ဘွဲ့ကျေးလက်တောရွာသီချင်းများသည် ယနေ့တိုင် ရှမ်းလူမျိုးတို့ စွဲမက်နှစ်သက်နေကြဆဲဖြစ်သည်။

ကောဇာသက္ကရာဇ်(၉၀၂)မှ(၁၂၇၉)ထိ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်ရှမ်းစာ ဆိုတော်ကြီးများ၏အကြောင်းများကို ရေးသားဂုဏ်ပြုရင်း ကျွန်မဦးခေါင်းအတွင်း သို့ အတွေးတစ်ခုလက်ကနဲ ဝင်ရောက်လာခဲ့ပါသည်။ ယင်းအတွေးမှာ (၂၀)ရာစု နှစ်ရှမ်းစာဆိုတော်ကြီးများ၏အကြောင်းကို ရေးသားဂုဏ်ပြုလိုသော စိတ်ဆန္ဒပင် ဖြစ်ပါ၏။

သို့သော် ကျွန်မသည် မွေးရပ်မြေရှမ်းပြည်မြောက်ပိုင်းမှ ရွှေ့ပြောင်းခဲ့ခါ လာခဲ့ရသည့်နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီဖြစ်သည့်အတွက် မွေးရပ်ဌာနီရှမ်းတို့ပြည် ကို သတိရလွမ်းဆွတ်ရသည်က များပြီး ကျေးဇူးတင်လေးစားရမည့်ရှမ်းစာဆိုတော် ကဝိကျော်ကြီးများ၏အတ္ထုပ္ပတ္တိနှင့် သူတို့ရေးသားပြုစုသောစာပေကျမ်းဂန်၊ တေး ကဗျာ၊ လင်္ကာ၊ သီကုံးထားခဲ့သောသီချင်းများကို လေ့လာမိခြင်းမရှိခဲ့ချေ။ လေ့လာ မိနိုင်ရန်ကလည်း ရှမ်းစာမရေးတတ် မဖတ်တတ်သော ကိုယ့်ကိုယ်ကို အားမရ မကျေမနပ် ဖြစ်နေမိတော့၏။

ထို့ကြောင့် ခေတ်စာပေနှင့်ဘိုးဘွားတို့ထားရစ်ခဲ့သော ရှမ်းစာပေအမွေ အနှစ်များကို ဆက်လက်ထိန်းသိမ်းနိုင်ရန်အတွက် ယနေ့ခေတ်လူငယ်မောင်မယ် များ ကိုယ်ရသည့်အချိန်များတွင် မိမိတို့၏ရှမ်းစာပေများကို သင်ယူလေ့လာကာ စာဆိုတော်ကြီးများ၏စာပေအမွေအနှစ်များကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက် ရေးသားကြမည်ဆိုလျှင် များစွာတန်ဘိုးရှိလှမည်ဖြစ်သည်။

စာရေးသူကျွန်မအနေဖြင့် (၂၀)ရာစုရှမ်းစာဆိုတော်ကြီးများ၏ကိုယ်ရေး အတ္ထုပ္ပတ္တိများ၌ အကြိုးဝင်သည့်စာဆိုတော်အချို့အားလည်း မိတ်ဆက်ပေးသင့် သည်ဟု ထင်မိပါသဖြင့် ကျွန်မ၏ဖခင်ရှမ်းပြည်မြောက်ပိုင်းသိန္နီအမတ်ချုပ်ဦးဆန် မောင်(ကွယ်လွန်)နှင့်သူ၏ညီ စာရေး၊ စာဟောဆရာဦးရွှေကြီး၊ ကလောင်အမည် "ရွှေကျီး"(ဂျခမ်း)တို့၏အကြောင်းကို ရေးသားတင်ပြလိုက်ပါ၏။

အမတ်ချုပ်ဦးဆန်မောင်မှာ ကလောင်အမည်"ဆန်စိန်န"ဖြစ်ပါသည်။ တောင်ကြီးမြို့၌ အထက်တန်းပညာသင်ကြားခဲ့ပြီး မြန်မာ၊ အင်္ဂလိပ်၊ ရှမ်းဘာသာ သုံးမျိုးလုံးကို တတ်ကျွမ်းသော်လည်း စာပေကျမ်းဂန်၊ ကဗျာလင်္ကာ၊ တေးသီချင်း များကိုမူ ရှမ်းဘာသာဖြင့် ရေးသားဖွဲ့ဆိုခဲ့သူဖြစ်သည်။

ကျေးလက်တောရွာနှင့်မယ်ဘွဲ့မောင်ဘွဲ့တေးသီချင်းများ သီဆိုရေးသား ရာ၌လည်းကောင်း၊ သမိုင်းနိပါတ်တော်များနှင့်ဒဏ္ဍာရီပုံပြင်များကို(စာဟောဆရာ) အဖြစ် ဟောခြင်း၊ ဖတ်ခြင်းပြုရာ၌လည်း နာမည်ရ လူသိများသူ ဖြစ်ပါ၏။

သို့သော် ကျွန်မသည် ဖခင်ထံမှ စာပေအမွေကို ဆက်ခံရယူခဲ့ပါသော် လည်း ဖခင်ကြီးကွယ်လွန်သွားချိန်၌ ကျောင်းပင်မနေနိုင်သေးသော လူမမယ်အ ရွယ်ကလေးမျှသာဖြစ်ရာ ဘိုးဘွားတို့၏ရှမ်းစာကို သင်ခွင့်ပင် မရရှိတော့ဘဲ မြေ ပြန့်သို့ရောက်ခဲ့ရ၏။ ရှမ်းစာသင်ခွင့်မရသော်လည်း ဖခင်၏စာပေအမွေကို ဆက်ခံ ယူခဲ့ရာမှ ယခုစာပေလောကအတွင်းသို့ ခြေချဝင်ရောက်လာခဲ့သည်မှာ (၄၈)နှစ်သို့

တိုင်ခဲ့ပေပြီ။ နိုင်ငံတော်ကလည်း ထိုက်တန်သော စာပေဆုချီးမြှင့်ခံခဲ့ရသည်မှာ လေးကြိမ်တိတိပင် ရှိခဲ့ပြီဖြစ်ပါသည်။

မြောက်ပိုင်းရှမ်းပြည်သိန္နီ၌ လူသိများသော အမတ်ချုပ်ဖြစ်သလို ထင်ရှားသော ရှမ်းစာရေးဆရာစာဆိုတော်ကြီးမှာ "ရွှေကျီး"(ခေါ်)ကာခမ်းဖြစ်ပါသည်။ ၎င်းမှာ တေးရေးဆရာစိုင်းခမ်းလိတ်နှင့်စိုင်းခမ်းသီ(ကွယ်လွန်)တို့၏ဖခင်ပင်ဖြစ်ပါသည်။

ရဟန်းပုဂ္ဂိုလ်စာဆိုတော်ကြီးများ၏အကြောင်းကို ရေးသားဂုဏ်ပြုလိုသော ကျွန်မသည် ဤဆောင်းပါးကို ကြိုးစား၍ ရိုးသားစွာ ရေးသားခဲ့ခြင်းဖြစ်ရာ အားနည်းချက်များရှိနိုင်သလို လက်လှမ်းမမီသဖြင့် အခြားစာဆိုတော်များ မြောက်များစွာ၏အကြောင်းလည်း ကျန်ရှိပါသေးသည်ဟု ယုံကြည်ပါသည်။

ယင်းအားနည်းချက်များကို စာရှုသူများက ခွင့်လွှတ်ပါရန် အနူးအညွတ်မေတ္တာရပ်ခံယင်း ဤစာမျက်နှာမှနေ၍ ရှမ်းစာဆိုတော်ကြီးများကို ဦးညွှတ်ဂုဏ်ပြုလိုက်ရပါသည်။

ယုဝတီဂျင်းဖောမယ်
(အမျိုးသားစာပေဆုရ)

မှတ်ချက်။ ။၁၉၉၇-ခုနှစ်ထုတ်၊ ရန်ကုန်မြို့ ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်းမှထုတ်ဝေသော ရှမ်းမဂ္ဂဇင်း၊ စာမျက်နှာ(၁၂၈ မှ ၁၃၂ ထိ)၌လာရှိသော ဆောင်းပါးကို ပြန်စာစီရိုက်ထားပါသည်။

# အမေ့ပန်းများ
# လန်းစေချင်သည်

ယုဝတီဂျင်းဖောမယ်

# အမေ့ပန်းများ လန်းစေချင်သည်

ယုဝတီဂျင်းဖောမယ်

"မေကြီး"

"ရှင်"

"ဒါ မေကြီးသား ဝတ်ဖို့ အစစ် တစ်ကယ်ဝယ်လာတာလား မေကြီး"

"သားဝတ်ဖို့ အစစ် တစ်ကယ်ဝယ်လာတာပေါ့တော့၊ မေကြီးက သားကို ဝတ်စေချင်လို့ ဝယ်လာတာပဲကွယ့်"

"ဒါပေမယ့် သား မဝတ်ချင်တော့ဘူး မေကြီးရဲ့"

"အလိုတော် ဘာဖြစ်လို့"

"သားက အစစ် တစ်ကယ်ယောက်ျားပဲ မေကြီးရဲ့"

"ဟုတ်ပ့ါတော်၊ သားက အစစ် တစ်ကယ်ယောက်ျားမို့ မေကြီးကလဲ သည်အင်္ကျီနဲ့ဘောင်းဘီ ဝယ်လာခဲ့တာပဲ ရှင့်"

"မဟုတ်ရေးချ မဟုတ်ရပါဘူးတဲ့ အမေကြီးရ၊ သည်အင်္ကျီနဲ့ဘောင်းဘီက မိန်းမတွေ ဝတ်တာတဲ့ဗျ"

"ဟောတော် မဟုတ်ရပါဘူးတော်၊ သားကို ဘယ်သူက ပြောသလဲ၊ ကဲ မေကြီးကို ပြောပြစမ်း"

"ဝဝပုပုနဲ့ညိုပုက ပြောတာ မေကြီးရ၊ သူက ဟ မိန်းမလျာကြီးတဲ့၊ ဘယ်သူမြှောက်ပေးလို့ မင်းက သည်မိန်းမကလေးတွေ ဝတ်တဲ့အင်္ကျီနဲ့ဘောင်းဘီကို ဝတ်လာတာလဲတဲ့ဗျ၊ သားက ဒါ ငါ့အဘွား ဝယ်ပေးလာတာကွ၊ ယောက်ျားအစစ် တစ်ကယ်ကွလို့ ပြန်ပြောသေးတယ်၊ ညိုပုကောင်က ဘယ်ကလာ ဟုတ်ရမှာလဲတဲ့၊ ယောက်ျားအင်္ကျီနဲ့ဘောင်းဘီအစစ် တစ်ကယ်မဟုတ်လို့ အနီရောင်အင်္ကျီနဲ့ဘောင်းဘီအနားပတ်တွေမှာ သည်ပန်းဖဲတွေ ကပ်ချုပ်ပေးတာပေါ့ကွတဲ့"

"ဒါ ယောက်ျားအင်္ကျီနဲ့ဘောင်းဘီစစ်စစ်ပါတော်၊ သည်လိုဘောင်းဘီနဲ့အင်္ကျီကို ညိုပုမမြင်ဖူးလို့ပြောတာပါ သားရဲ့၊ ဝတ်မှာသာ ဝတ်စမ်း၊ မေကြီးက ယောက်ျားတစ်ကယ်အစစ်ဖြစ်တဲ့သား ဝတ်ရအောင်လို့ ပိုက်ဆံတွေ အများကြီးပေးပြီး ဝယ်လာခဲ့တာရှင့်"

ငါးနှစ်အရွယ်ရှိ သား၏မျက်လုံး၌ မရေမရာ အဖြေရှာမရသော အရောင်များ ရစ်ဝဲလျက်ရှိနေ၏။

ထို့နောက် မျက်မှောင်ကလေး ကုပ်ကျလာကာ ဘွားအေကြီးကို ကြည့်လိုက်၏။

"သားလဲ သည်အင်္ကျီဘောင်းဘီမျိုး မမြင်ဖူးပါဘူးမေကြီးရာ၊ ညိုပုပြောတာ ဟုတ်မှာပါ၊ သည်လိုပန်းပွင့်တွေပါတဲ့အစနဲ့အင်္ကျီရင်ဘတ်တွေ လက်တွေမှာ မိန်းမအင်္ကျီမဟုတ်ရင် ဘာဖြစ်လို့ ကပ်ပြီးချုပ်ထားတာလဲဗျ၊ သည်ဘောင်းဘီအနားတွေမှာလဲ အတူတူပဲ မေကြီးရ၊ ပန်းတွေ ကပ်ချုပ်ထားတာပဲ၊ သား မဝတ်ချင်တော့ပါဘူး၊ ချွတ်ပစ်တော့မယ်နော် မေကြီး"

"အလိုလေး လေး၊ မချွတ်လိုက်ပါနဲ့တော်၊ ဒါ အစစ်တစ်ကယ့်ယောက်ျားလေးအင်္ကျီနဲ့ဘောင်းဘီပါ။ အဲသည်မြို့က သားတို့အရွယ် ယောက်ျားလေးတွေ တစ်ကယ်အစစ်မှ အစစ်ဝတ်ကြတာပါ၊ ပိုက်ဆံချမ်းသာတဲ့

မိဘတွေကျတော့ ငွေမတ်စေ့တွေကို ကြယ်သီးအဖြစ် သူတို့သားတွေရဲ့အင်္ကျီမှာ တပ်ပေးကြပါတယ်၊ မိန်းက လေးတွေကျတော့ အင်္ကျီလက်ရှည်၊ ရင်ဖုံးနဲ့ခြေမျက်စေ့အထိ အရှည်ကြီးပဲ ချုပ်ဝတ်ကြတာပါနော်၊ ရင်ဖုံးနဲ့ လက်တွေမှာတော့ အခုလိုပဲ၊ ပန်းပွင့်ထိုးထားတဲ့ဖဲစအနီအဝါတွေ ကပ်ပြီး ချုပ်ထားကြတယ်၊ လှကလှနဲ့သား ရဲ့"

"ဒါဆို မေကြီးပြောတာ အဟုတ် တစ်ကယ်အစစ်နော်"

"အင်းပါ သားရယ်၊ အဟုတ် တစ်ကယ်အစစ်ပါ၊ မေကြီး မလိမ်ပါဘူး"

သား၏ကုပ်နေသောမျက်မှောင်ကလေး ပြေလျော့သွားခဲ့ပြီး နှုတ်ခမ်းပါးလေးပေါ်တွင် ပြုံးပန်းက လေးပွင့်လာခဲ့လေသည်။

***************

"မေကြီး"

"တော်....."

"သည် ကျွတ်ကျွတ် ကျွတ်ကျွတ်နဲ့ ထမင်းလုံးအဝိုင်းကြီးက ဘာမုန့်လို့ခေါ်လဲဟင်....မေကြီး"

"ဟိုမြို့က လူတွေက ထမင်းလုံးဆီကျော်လို့ ခေါ်ကြတာပဲ"

"ထမင်းလုံးဆီကျော်မုန့် ဟုတ်လားမေကြီး၊ ကျွတ်ကျွတ် ကျွတ်ကျွတ်နဲ့ စားလို့ တစ်အားအစစ် ကောင်းတယ်ဗျ၊ ချိုလဲ တစ်အား ချိုတာပဲ"

ဆီဖြင့် ကျော်၍ထားသော ထမင်းခြောက်မွမွလေးကို ကိုက်ဝါးရင်း သားက ဘွားအေကြီးကို ပြောပြ သည်။

ဘွားအေကြီးက မေးငယ်ကို ကျေနပ်ပြုံး ပြုံးပြလိုက်သည်။

"သားက စားကောင်းတယ်ဆိုလို့ မေကြီး ဝမ်းသာတယ် သိလား၊ နောက်တစ်ခေါက်ကျရင် မေကြီး အများကြီး ထပ်ပြီး ဝယ်လာခဲ့ဦးမယ်"

"ကောင်းတော့ ကောင်းပါတယ် မေကြီးရာ၊ ဒါပေမယ့် သား မစားချင်တော့ပါဘူး"

"ဟောတော်....ဘာဖြစ်လို့...."

"မေကြီး သားကို အမေလေးနဲ့ထားထားပြီး သွားတာ မကြိုက်လို့ပေါ့ မေကြီးရ၊ မေကြီးမရှိရင် သား တစ်အားပဲ မေကြီးကို အောက်မေ့တာ၊ ပျင်းလဲ ပျင်းတယ်ဗျ"

"မေကြီးလဲ သားကို အောက်မေ့တာပါပဲ၊ အဟုတ် တစ်ကယ် အစစ်ပြောတာသားရဲ့၊ မသွားမဖြစ်လို့ မေကြီးက သားကို ထားထားပြီးသွားတာ"

"မေကြီးကလဲဗျာ၊ ဘာဖြစ်လို့ မသွားမဖြစ်ရတာလဲဗျ"

"သားကြောင့်ပေါ့ သားရဲ့၊ မေကြီးမှာ ချစ်ရမယ့်သူဆိုလို့ သားပဲရှိတာ မဟုတ်လား၊ မေကြီးက သားကို ကောင်းကောင်း ဝတ်ရစေချင်တယ်၊ စားရစေချင်တယ်၊ ဒါမှ သားကြီးလာရင် မေကြီးတို့လမ်းထိပ်က ဟိုဆေးခန်းက လူကြီးလို ဆရာဝန်ဖြစ်လာမှာ သားရဲ့၊ အဲသည်လိုဖြစ်အောင် မေကြီးတို့မှာ ပိုက်ဆံအများကြီးလိုတယ်၊ ဒါကြောင့် မေကြီးက အိမ်က ထွက်ထွက်ပြီး သားကို မိတင်မေနဲ့ထားထားခဲ့ပြီး သွားနေရတာကွဲ့"

"မေကြီးကလဲဗျာ၊ ဆရာဝန်ဖြစ်အောင် ပိုက်ဆံတွေ အများကြီး အခုလို ထွက်ထွက်ရှာနေရင် မသွားပါနဲ့ဗျာ၊ သား ဆရာဝန်ကြီး မဖြစ်ချင်နေပါစေ၊ သား ဟို...ဝဝပုပုနဲ့ညိုပုတို့အဖေလိုပဲ ကျောင်းမှာ ဆရာကြီးလုပ်ပါ့မယ်၊ ဖြစ်တယ် မဟုတ်လားဟင် မေကြီး"

"အမယ်လေး၊ သားရယ် သားအပြောတွေကြောင့် မေကြီး အမောကို ပြေသွားတာပဲတော်၊ အဟုတ်တစ်ကယ်အစစ် သားရဲ့၊ မေကြီး သားအတွက် သားကို ခွဲခွဲပြီး ထွက်ရတာ၊ မေကြီး နောက်တစ်ခေါက်သွားပြီးရင် နောက် မသွားတော့ပါဘူး၊ အိမ်မှာပဲ သားနဲ့နေတော့မှာ သိလား၊ အဲသည်အခါကျရင် ဟောသည်အိမ်ရှေ့မှာ မေကြီး အိမ်ဆိုင်အသေးစားကလေး ဖွင့်ပြီး ဈေးရောင်းတော့မယ်၊ သားက ကျောင်းသွား စာတွေ အများကြီးတတ်အောင် သင်၊ ဟုတ်ပြီနော်"

သားက မျက်တောင်ကလေး ပုတ်ခတ် ပုတ်ခတ် လုပ်ပြီး စဉ်းစားသယောင် ပြုလိုက်သည်။

ထို့နောက် ဘွားအေကြီး၏မျက်နှာကို အကဲခတ်သလို ကြည့်လိုက်ပြီး မေးခွန်းထုတ်လိုက်၏။

"သည်တစ်ခါလဲ မေကြီး အဲဟိုမြို့မှာ ကြာမှာပဲ၊ သားသိပါတယ် မေကြီးရာ"

"မကြာပါဘူး သားရယ်"

"ကြာမှာပါ၊ မေမေကြီးက မသွားရမှာစိုးလို့ သားကို ညာနေတာပါ၊ မေမေလေးကတောင် ဟိုတစ်နေ့က ပြောသေးတာပဲ၊ နင့်မေကြီးက ကောင်းတာ မဟုတ်ဘူး၊ မေလေးက မသွားနဲ့၊ မေလေး စက်ချုပ်ခရတာနဲ့ ဖြစ်သလို နေသွားကြမယ်ပြောလဲ မရဘူး၊ သူ့မှာ အဲဟိုမြို့က အဘိုးကြီးနဲ့အိမ်ထောင်ကျနေပြီလား မသိဘူး၊ သွားလိုက်ရင်လဲ ဘုရားစင်မှာ သူထိုးထားခဲ့တဲ့ပန်းတွေကို ခြောက်သယောင်းလို့၊ မနေနိုင်တဲ့ကျုပ်က ဝယ်ဝယ်ပြီး လဲပေးတာ သုံးလေးခါ ရှိတော့မှ ပြန်လာတာတဲ့၊ သားကို ချစ်တယ်အောက်မေ့တယ်၊ ပြောတာ အလကား၊ အဟုတ်တစ်ကယ်အစစ် ပြောတာ မဟုတ်ဘူးတဲ့ဗျ"

"ကြည့်စမ်း၊ သည်ကောင်မ မိတင်မေ၊ ကလေးကို တောက်တီးတောက်တဲ့တွေ ပြောနေပါလား၊ ညည်းက ကလေးကို အားငယ်အောင် နောက်ပိုင်းကနေ ပြောတော့ ရှေ့ပိုင်းမှာ စွန့်စွန့်စားစား ပိုက်ဆံရှာနေရတဲ့ ကျုပ်အတွက် ကောင်းနိုင်ပါ့မလား၊ သည်ကုန်တွေကို စောင့်ယူရတာ၊ သယ်ရတာ လွယ်မှတ်လို့လေ၊ လုံ့ဖျားပေါ်နားတဲ့ပုစဉ်းလိုပဲ သိလား၊ ဒါအလှဆုံးစကားကို ကျုပ်ကရွေးပြီး ပြောတာ၊ အမှန်ကတော့ ထောင်နှုတ်ခမ်းဝမှာ လမ်းလျှောက်နေတာအေ့"

"ဒါကတော့ အစ်မကိုက လောဘကြီးတာကိုးဗျ၊ ကျွန်တော်က အစ်မတို့မြေးအဘွားကို ဖင်ကျွတ်တက်အောင် စက်ခုံပေါ် တစ်နေကုန်ထိုင်ပြီး ရှာကျွေးနေတာပဲ၊ အစ်မ ထောင်နှုတ်ခမ်းဝပေါ် လျှောက်ဖို့ မလိုပါဘူး"

"ကြီးရတယ်အေ့၊ ကြီးရတယ် ငါ့မြေးမိတဆိုးလေးကို လူတစ်လုံး သူတစ်လုံး ဖြစ်အောင် လုပ်ပေးရမယ့်တာဝန် ငါ့မှာရှိတယ်၊ ငါ့သမီး မိလဲ့ဆုံးကတည်းက နောက်အသစ်တစ်ယောက်နဲ့ပျော်နေတဲ့သေနာကောင်က ကလေးကို လှည့်ကြည့်တာ မဟုတ်ဘူး၊ ဖခင်တာဝန်ဆိုတာ ဝေလာဝေး။ မပြောချင်လို့ ကြည့်နေသေးတာ၊ ငါ က ပြောမိရင် မလွယ်ဘူး၊ လူသတ်မှုဖြစ်မှာစိုးလို့၊ ကိုယ့်လျှာကိုယ် ကိုက်ထားရတယ်၊ ညည်းဆိုတဲ့မိန်းမကလဲ အပျိုကြီး၊ တာဝန်တို့ သံယောဇဉ်တို့ဆိုတာကို ခံစားနားလည်တတ်တာ မဟုတ်ဘူး"

"အဲ အဲ့သည် ကက်ဆက်ခွေအဟောင်းအဆွေးကြီးကို ဖွင့်ပြန်ပြီ၊ နားကြားပျင်းကပ်တယ်၊ တာဝန်တွေ သံယောဇဉ်တွေ လုပ်မနေနဲ့၊ သမာအာဇီဝနဲ့မကင်းတဲ့ပိုက်ဆံရှာနည်းကြီးကို လူကြားထဲမှာ သနားစရာကောင်း အောင် မပြောစမ်းပါနဲ့၊ အစ်မအရွယ်ကြီးနဲ့ဘာလုံပေါ်နားတဲ့ပုစဉ်းလို လုပ်ဖို့လိုသလဲ၊ အစ်မမှာ ညီမှုခြင်းဆိုတဲ့ စိတ်မှမရှိပဲ၊ ကိုယ့်မြေးမိတဆိုးတစ်ယောက်အတွက် ကျန်နိုင်ငံရဲ့အညွန့်အဖူးကလေးပေါင်း မြောက်များစွာကို အစ်မက ချိုးဖဲ့ပစ်တာပဲ၊ သည်အညွန့်အဖူးလေးတွေဟာ နိုင်ငံတော်ရဲ့အကျိုးကို ပြုပေးမယ့်သားကောင်းတွေ ပါအစ်မရဲ့၊ အစ်မရဲ့မြေးတစ်ယောက် ကောင်းစားရေးအတွက် လူသားရဲ့မျိုးနွယ်ဆက်လေးတွေကို မကြီးထွား ခင် သင်္ချိုင်းကုန်းကို အစ်မက ပို့ပစ်လိုက်တာပဲ၊ အစ်မလောက် ရက်စက်တဲ့အသည်းနှလုံးနဲ့မိန်းမကြီးမျိုးကို ဘယ်လူသားက ခွင့်လွှတ်နိုင်မှာတဲ့လဲ၊ အစ်မက ဆရာကြီးဖြစ်စေချင်တဲ့ကလေးဟာ ဆရာဝန်ကြီး ဖြစ်လာပါ ပြီတဲ့၊ သူ ဆရာဝန်ဖြစ်ဖို့ မြန်မာ့သားကောင်းတွေ အများကြီးသေပေးခဲ့ရပါတယ်ဆိုတဲ့ဖြစ်ရပ်အမှန်ကို သိလာ ရင် လိပ်ပြာလုံနိုင်မယ်လို့ အစ်မ ထင်သလား၊ အစ်မကိုရော ကျေးဇူးတင်နိုင်ပါဦးမတဲ့လား၊ ဒါကို အစ်မ စဉ်း စားသင့်တာပေါ့"

"အလို ညည်း ငါ့ကို ကဲ့ရဲ့ရှုံ့ချနေတာပါလား မိတင်မေ၊ ညည်းက ငါ့ထက် ဘယ်လောက်များ အသိ တရားတွေ ပိုနေလို့ သည်စကားတွေကို နင့်နင့်သီးသီးကြီး ပြောနေရတာလဲ၊ ရေဒီယိုဇာတ်လမ်းတွေနားထောင် ထောင်ပြီး ညည်း စိတ်ကူးတွေယဉ်ပြီး မျိုးချစ်သူရဲကောင်းမကြီး လုပ်မနေနဲ့အေ့၊ ဘယ်လူသားမျိုးနွယ်ဆက် က ငါတို့ကို လာပြီး ရှာကျွေးနေတာ မဟုတ်ဘူးအေ့၊ ကိုယ်ရှာနိုင်မှ စားရဝတ်ရတာပါ၊ ညည်းပြောတဲ့နိုင်ငံရဲ့ အညွန့်အဖူးလေးတွေကလဲ ငါ့မြေးကို ကျောင်းလာပြီး ထားပေးနေတာ မဟုတ်ဘူး၊ သိပ်ပြောမနေနဲ့၊ ကလေး အားငယ်မယ့်စကားတွေ အရေးကြီးတာက ငါ့မြေးလဲ စားရဝတ်ရဖို့ပဲ"

မျက်လုံးကလေး ကလယ်ကလယ်နှင့်အမျိုးသမီးကြီးနှစ်ယောက် အချီအချ စကားများနေသည်ကို ကြည့်ငေးနေသောမြေးကလေးအား ရင်ခွင်တွင်းသို့ ဆွဲသွင်းပွေ့ပိုက်ထားလိုက်ပြီး ဘွားအေဖြစ်သူ ဒေါ်စိန်မေ က ပြောပစ်လိုက်သည်။

မြေးငယ်က ဘွားအေ၏ရင်ခွင်မှ ရုန်းထွက်လိုက်သည်။

"မေကြီးနဲ့မေလေးတို့ကလဲဗျာ၊ ဘာဖြစ်လို့ ရန်ဖြစ်နေကြတာလဲ၊ သား ဆရာဝန်ကြီး မလုပ်ချင်ပါဘူး လို့ ပြေနေမှပဲဟာ၊ သား ကျောင်းသွားတော့မယ်ဗျာ"

"အဲ မေကြီးရဲ့သားက ပြတ်သဟေ့၊ ဆရာဝန်ကြီး မလုပ်ချင်ဘူးတဲ့၊ ကျောင်းဆရာကြီးပဲ လုပ်မတဲ့၊ ဒါလဲ မဆိုးပါဘူး၊ ဂုဏ်တော့ရှိတာပေါ့။ ဒါပေမယ့် မချမ်းသာဘူးသားရဲ့၊ ကဲ ရော့၊ ဟောဒါက မုန့်ဖိုး ဆရာမ လက်ထဲ အပ်နော်၊ ဆရာမဝယ်ကျွေးတာ စား၊ ဟောဒါက ယိုးဒယားချိုချဉ်ထုပ် မေကြီးက ဆရာမဖို့လက် ဆောင်ယူလာတာလို့ ပြော၊ ဟောသည် ချိုချဉ်ငါးလုံးက သားစားဖို့"

"ကျွန်တော်ပြောရင် အစ်မက ကဲ့ရဲ့ရှုံ့ချတာတဲ့၊ ကဲကြည့်၊ အခုပဲ အစ်မက ကလေးကို စိတ်ကြီးဝင် ဘ ဝင်မြင့်အောင် လုပ်နေတာ မဟုတ်လား၊ အစ်မအလို မရှာနိုင်တဲ့တစ်နေ့ကျရင် သည်ကလေး ဘဝပျက်ဖို့သေ ချာတယ်၊ အစ်မပံ့သွင်းပေးလို့ သည်လိုဝတ်စားဖို့က အကျင့်ဝင်နေပြီ၊ ဒါကို အစ်မ စဉ်းစားရမယ်ဗျ"

"ညည်း ဘာမှမပြောနဲ့တော့ မိတင်မေ၊ ငါ နောက်ထပ် တစ်ခေါက်တော့ သွားမှာပဲ၊ ဒါမှ ငါ့ရည်မှန်း ချက် ပြည့်မှာ၊ ငါအိမ်ဆိုင်ဖွင့်နိုင်အောင် ကြိုးစားရမယ်၊ အိမ်ဆိုင်ဆိုတာ ကုန်မျိုးစုံတင်နိုင်မှပဲ၊ ငါ ကြိုးစား ရသလောက်ကို ညည်းက သိတတ်ဖို့လိုတယ်၊ ညည်းအတွက်တောင် ခြေနင်းစက်တစ်လုံး ငါကြည့်ခဲ့သေးတယ် သူများဆိုင်သွားချုပ်ရတာ မျက်နှာက ငယ်ပါဘိ၊ ကိုယ်ပိုင်စက်နဲ့ကိုယ့်မှာ အငှားလက်ခံပြီး ချုပ်တာနဲ့တူမတဲ့ လား"

"ကျွန်တော့်အတွက်တော့ အစ်မသွားဖို့မလိုပါဘူး၊ တစ်ခုခုဖြစ်လာရင် ကျွန်တော်က စိဖတ်ပါနေဦးမှာ အစ်မလိုအရွယ်က အိမ်မှာ ဘုရားနဲ့တရားနဲ့ ကျက်သရေရှိရှိနေသင့်ပါတယ်၊ ဘုရားစင်က ဘုရားပန်းခြောက်အောင် အိုးပစ်အိမ်ပစ် လောဘဇော် တိုက်စရာ မလိုဘူး"

"ညည်းနော်"

"ဟုတ်တယ် မေကြီးရ၊ နောက်တစ်ခေါက်လဲ မသွားပါနဲ့တော့ဗျာ၊ သားက မေကြီး အကြာကြီးသွားတိုင်း တစ်အားကို မျှော်ရတာ၊ မေကြီး မသိပါဘူး၊ မေမေလေး ဘုရားပန်းလဲတဲ့အခါ ဘယ်နှစ်ခါ ရှိပြီဆိုတာ သားက ကြည့်ပြီးတွက်နေရတာ မေကြီးရဲ့"

အဘွားဒေါ်စိန်မေထံမှ သက်ပြင်းသံ သဲ့သဲ့ထွက်ပေါ်လာခဲ့သည်။

သို့တစေ

မြေးငယ်၏အပြောက သူမ၏မျက်နှာနှင့်မျက်လုံးတို့တွင် ဝမ်းသာပီတိများ ပြည့်လျှံ၍ လာစေခဲ့သည်ကို အကင်းပါးသောညီမဖြစ်သူ ဒေါ်တင်မေက တွေ့မြင်လိုက်ပါ၏။

********************

အကြောင်းကြောင်းကြောင့် စာများ မရေးဖြစ်ခဲ့သည်မှာ ကြာခဲ့ပြီဖြစ်သော ကျွန်မသည် စာရေးစားပွဲ၌ အကျထိုင်၍ စာသာ မရေးဖြစ်ခဲ့သော်လည်း စိတ်ကူးဖြင့်တော့ စာများ အများအပြား ရေးနေခဲ့ပါ၏။

အိမ်ဝေယျာဝစ္စနှင့်နိုင်ငံရေး လူမှုရေးတွေ ဘယ်လောက်ပင်များများ အလုပ်တွေများပြီး ခေါင်းတွေရှုပ်နေသည့်ကြားက ခေါင်းရှုပ်အောင် ဆောင်းပါး၊ ဝတ္ထုတို-ရှည်များကို စိတ်ကူးဖြင့် ရေးနေမိတတ်ပါသည်။

ယင်းအကျင့်သည် အကင်းမသေနိုင်သော ရောဂါဆိုးတစ်မျိုးပမာ ကျွန်မ၏နှလုံးသား၌ စွဲကပ်လျက်ရှိနေခဲ့ပါ၏။

ယနေ့လည်း နံနက်ဘုရား သောက်တော်ရေ လဲရင်း ပန်းကပ်ရင်း လုပ်နေခိုက် အမှတ်မထင် "ဗွီအိုအေ"အမေရိကန်အသံလွှင့်ဌာနမှ လွှင့်ထုတ်လိုက်သည့်သတင်းအစီရင်ခံချက်တစ်ပုဒ်ကို ကြားလိုက်မိသဖြင့် ရင်တုန်လှိုက်မောသော ဝေဒနာတစ်ခု ရင်တွင်းသို့ စူးဝင်၍လာခဲ့ပါသည်။

ဗီယာနာ၌ ကျင်းပသော နိုင်ငံတကာ မူးယစ်ဆေးဝါး ဖျက်ဆီးရေးညီလာခံမှမြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးအန္တရာယ်ကို ကာကွယ်တားဆီးရာ၌ များစွာအကူအညီ ရရှိကြောင်း၊ ဘိန်းခင်းများနှင့်ဆေးခြောက်ပင်များကို ဖျက်ဆီးပစ်ရာ၌လည်းကောင်း၊ မူးယစ်ဆေးဝါးမှောင်ခိုရောင်းသူများနှင့်လက်ဝယ်ထားရှိအသုံးပြုနေသူများအားလည်းကောင်း၊ အလုပ်ကြမ်းနှင့်ထောင်ဒဏ်များအပြင် မူးယစ်ဆေးဝါးအက်ဥပဒေပုဒ်မ ၁၀ (ခ) ဖြင့် သေဒဏ်များပင် ပေးခဲ့ကြောင်း။

ပြီးခဲ့သည့်လများ မကြာမီအတွင်းကလည်း မန္တလေး၌ အသက် ၆၃ နှစ်ရှိ အမျိုးသမီးကြီးတစ်ဦး၊ အမျိုးသမီးငယ်နှစ်ဦးနှင့်အမျိုးသားတစ်ဦးတို့ကို သေဒဏ်ပေးခဲ့ကြောင်း သတင်းသည် တစ်လုံးခြင်းပင် ရင်တွင်းသို့ စူးစူးနစ်နစ်ကြီး ဝင်ရောက်လာခဲ့၏။

လက်မှရေချမ်းဆက်ဖန်းကို လက်မှလွတ်မကျအောင် အနိုင်နိုင်ထိန်း၍ ဘုရားစင်ရှိရာသို့ ဝင်လာခဲ့ရသည်။

"ခြောက်ဆယ့်သုံးနှစ် အသက်ခြောက်ဆယ့်သုံးနှစ်"

"နံနက်တိုင်း ရွတ်ဆိုနေကျ မောရိယသုတ်အစား သေဒဏ်အပြစ် ရရှိသွားခဲ့သောအမျိုးသမီးကြီး၏ အသက်ကို ရွတ်ဆိုနေမိသည်။

သည်လို အသက်အရွယ်ကြီးရင့်သောအမျိုးသမီးကြီးတစ်ယောက်အဖို့ သည်လိုခွင့်မလွတ်နိုင်သည့်ဥပဒေဘောင်အပြင်ဘက်မှ အလွန်နိမ့်ကျမိုက်မဲလှသော အပြုအမူကြီးမျိုးကို ကျူးလွန်ခြင်းမှာ အကြောင်းတစ်စုံတစ်ရာတော့ ရှိလိမ့်မည်ဟု ကျွန်မထင်မိပါသည်။

သည်အရွယ်သည် စီးပွားရှာရန် ကျန်းမာရေးကောင်းမွန်နေပါက သမာအာဇီဝဖြစ်သည့်စီးပွားရေးမျိုးသာ ဖြစ်သင့်ပါသည်။

နိုင်ငံ၏အညွန့်အဖူး

လူသားတို့၏မျိုးနွယ်ဆက်

နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့်လွတ်လပ်ရေး တည်တံ့ခိုင်မြဲခြင်းကို ဖျက်ဆီးနေကြသောပြည်တွင်းနှင့်ပြည်ပရန်ကို ကာကွယ်ပေးကြမည့်နိုင်ငံတော်က အရိပ်တကြည့်ကြည့်နှင့်အဖက်ဖက်မှ ပြုစုပျိုးထောင်ပေးနေသည့်နိုင်ငံ၏ရင်သွေးငယ် သားကောင်းကလေးများ၏ဘဝနှင့်အသက်ကို ရရှိသောအမြတ်အစွန်းနှင့် သယ်ဆောင်ခ အသပြာကြေးငွေတစ်ခုတည်းအတွက်နှင့်ပြုတ်ပြုတ်ပြန်း မျိုးပါသုဉ်းအောင် မျက်ကန်းတစ္ဆေမကြောက် လုပ်ဝံ့ခြင်းမှာလည်း သူ့ဘက်မှနေ၍ မှန်ကန်သည်ဟုလက်ခံနိုင်သည့်အဖြစ် တစ်စုံတစ်ရာရှိနေ၍လား၊ ကျွန်မအပြန်ပြန် အလှန်လှန် ဟိုလှည့်သည်လှည့်နှင့်အတွေးတွေ ထုတ်နေခဲ့မိသည်။

အသက်ခြောက်ဆယ့်သုံးနှစ်ဆိုသည်မှာ မိခင်မျိုးနွယ်ဖြစ်သော ကျွန်မတို့အမျိုးသမီးတွေအတွက် ဥပဒေအပြင်ဘက်က စီးပွားရေးအမှားလမ်းကြောင်းပေါ်တက်ရောက်၍ စီးပွားဖြစ် လုပ်သင့်သောအရွယ်မဟုတ်တော့ပါကြောင်းကို ကျွန်မ အဖြေရှာ၍ရမိပါသည်။

အသက်ခြောက်ဆယ့်သုံးနှစ်ဆိုသည်မှာ လူ့ဘဝ၏ကောင်းမှု မကောင်းမှုပေါင်း မြောက်မြားလှစွာကို ကျော်ဖြတ်ပြီး ကျူးလွန်ခဲ့ပြီးသော အရွယ်ဖြစ်ပါသည်။

ထပ်မံ၍ ကောင်းမှု မကောင်းမှုများအပေါ် သံယောဇဉ် တွယ်တာနေရန် မသင့်တော့ဟုထင်ပါသည်။

အထူးသဖြင့် မိခင်မျိုးနွယ်ဖြစ်သော ကျွန်မတို့မိန်းမတိုင်းသည် ပုခက်လွှဲသောလက်များကို ပိုင်ဆိုင်ထားကြသူများ ဖြစ်ပါသည်။

မိမိက မွေးဖွားခဲ့သော ရင်သွေးကြီးငယ်များ....

မိမိနှင့်မျိုးတူ အခြားသောမိခင်ကြီးငယ်များတို့က မွေးဖွားပေးခဲ့သော နိုင်ငံ၏အညွန့်အဖူးလူငယ်ကလေးများကို မိန်းမသားဖြစ်သော မိမိတို့က ပြန်၍ပြုတ်ပြုတ်ပြန်းသေကျေပျက်စီးအောင် ငွေမျက်နှာတစ်ခုတည်းကို ကြည့်ကာ သတ်သင့်ပါသလား။

ရင်နာလှစွာပင် ကျွန်မတွေးတောအဖြေရှာမိရင်းက အထက် ရေးခဲ့သည့်အတိုင်း မြေးငယ်ကို မျက်ကန်းအချစ်ဖြင့် ချစ်ကာ တရားမရှာပဲ ဆင်ကန်းတောတိုး နိုင်ငံတော်၏ဥပဒေပြင်ပမှ အမှားစီးပွားရေးလမ်း

ကြောင်းပေါ်တက်ရောက်ကာ ငရဲပန်းကို ရှာဖွေခူးယူနေသော အမယ်အိုတစ်ယောက်၏အကြောင်းကို ဇာတ်လမ်းဖွဲ့ရေးနေမိပါ၏။ ဘွားအေကြီး၏ဘုရားစင်ရှေ့၌ ရပ်ကာ ဘွားအေကြီး၏ဘုရားပန်းအိုးအတွင်းမှ ပန်းများ တစ်စတစ်စ ခြောက်သယောင်း၍ လာနေခဲ့သည်ကို ငေးကြည့်ရင်း ဘွားအေကြီး ပြန်ရောက်လာမည့်နေ့ကို စောင့်မျှော်နေတတ်ရှာသည့်မိတဆိုးမြေးငယ်လေး၏ပုံရိပ်ငယ်သည် ကျွန်မ၏အတွေးအာရုံအတွင်းသို့ တိုးဝင်၍လာနေခဲ့သဖြင့် တည်ငြိမ်ခြင်းမရှိ ဖြစ်နေသော လက်အစုံဖြင့် ဘုရားပန်းအိုးအတွင်းသို့ စိမ်းမြလန်းဆန်းသည့်သပြေခက်များကို ထိုးစိုက်ထည့်ကာ မိခင်တိုင်း ဘွားအေတိုင်းတို့၏ဘုရားစင်ရှိ ပန်းအိုးများတို့တွင် လှပလန်းဆန်းသောပန်းများဖြင့် ဝေဝေဆာဆာ ရှိနေပါစေရန်ကို ကျွန်မ ဆုတောင်းလိုက်မိပါတော့၏။

အဇ္ဈေဝ ကိစ္စံ ကာတဗ္ဗံ

ယုဝတီဂျင်းဖောမယ်

မှတ်ချက်။ ။၁၉၈၇ ခုနှစ်၊ အောက်တိုဘာလ၊ အမှတ်(၅၀၂) သွေးသောက်မဂ္ဂဇင်း စာမျက်နှာ(၁၀၀-၁၀၄)၌ လာရှိသော ဆောင်းပါးကို ပြန်၍စာစီရိုက်ထားခြင်း ဖြစ်ပါသည်။